# ရောင်းမှ

The Mirror Daily

Established in 1957

၁၉၅၇ ခေါ် ၁၆ တွင် စတင်တည်ထောင်သည်။


**လောကကို ထွန်းလင်းတောက်ပ**

မိမိပြုခဲ့သော မကောင်းမှုအကုသိုလ်ကံကို ကုသိုလ်ကံဖြင့် ဖုံးအုပ်ဖြေဖျောက်နိုင်၏။ ထိုသို့ပြုနိုင်သူသည် တိမ်တိုက်မှလွတ်မြောက်လာသောလကဲ့သို့ ဤလောကကို ထွန်းလင်းတောက်ပစေ၏။ (ကောင်းမှုကုသိုလ်ပြုနိုင်ရန် မိတ်ကောင်းဆွေကောင်းရှိရန် လိုအပ်ပေရာ မိတ်ကောင်းဆွေကောင်းများနှင့် ပေါင်းသင်းဆက်ဆံနိုင်အောင် ကြိုးစားအားထုတ်သင့်၏)

လောကဝဂ်(ဓမ္မပဒ-၁၇၃)


၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၁ ရက်၊ ကြာသပတေးနေ့။ Thursday, 3 November 2022 ၁၀၉၀၈


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံ ဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ၂၀၂၂ ခုနှစ် ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ၂၀၂၂ ခုနှစ် ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော်သာသနာ့မဟာဗိမာန်တော်၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့တက်ရောက်၍ကထိန်လျှာသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

**တက်ရောက်**

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ပဓာနနာယက အဘိဓေမဟာရဋ္ဌဂုရု၊ အဘိဓေအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက်ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓေ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသနှင့် စာမျက်နှာ ၃ ကော်လံ ၁ သို့ ◎

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ မစိုးရိမ်တိုက်သစ်ဆရာတော် အဂ္ဂမဟာဂန္ဓဝါစကပဏ္ဍိတ ဘဒ္ဒန္တအဂ္ဂမ္မထံ ကထိန်လျှာသင်္ကန်း ဆက်ကပ်လှူဒါန်းစဉ်။

**ယနေ့ ဖတ်စရာ**


**လူငယ်တွေကို အန္တရာယ်ထဲတွန်းပို့နေတဲ့ ဂိမ်းတွေကို . . . သတိပြု**

ဆောင်းပါး စာမျက်နှာ » ၆

**နယ်စပ်ကုန်သွယ်ရေးတွင် သွင်းကုန်လုပ်ငန်းများအား ဘဏ်စနစ်အသုံးပြုပြီး ငွေပေးချေဆောင်ရွက်ရန်ကိစ္စ ထုတ်ပြန်ခြင်း**

စာမျက်နှာ » ၈

**အမျိုးသားစာပေဆုဆိုတာက နိုင်ငံမှာအမြင့်ဆုံးစာပေဆုဖြစ်ပါတယ်။ ဒီလိုထိုက်ထိုက်တန်တန်ဆုချီးမြှင့်တဲ့အတွက် စာရေးဆရာကို အထောက်အကူ ဖြစ်စေပါတယ်**

တွေ့ဆုံမေးမြန်း စာမျက်နှာ » ၁၀

**ရှေးခေတ်ရှမ်းတိုင်းရင်းသားပုံပြင်များ**

စာမျက်နှာ » ၂၁

**ပြည်တွင်း/ပြည်ပဈေးကွက်ဝင် အသင့်စားငါးရံ့ခြောက်ဖုတ်လုပ်ငန်း**

စာမျက်နှာ » ၁၁

ကြေးမုံ

# အမျိုးသားရေးလုပ်ငန်းစဉ် အောင်မြင်ရေးကြိုးပမ်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက တိုင်းပြည်သာယာဝပြောရေး၊ စားရေရိက္ခာပေါများရေး အမျိုးသားရေးလုပ်ငန်းစဉ် (၂) ရပ်ကို ချမှတ်ပေးထားသည်။ အဆိုပါ အမျိုးသားရေးလုပ်ငန်းစဉ်နှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က နိုဝင်ဘာလ ၁ ရက်နေ့တွင် ပြုလုပ်သော ပြည်ထောင်စုအစိုးရ အဖွဲ့အစည်းအဝေး အမှတ်စဉ် (၈/၂၀၂၂) တွင် ရှင်းလင်းပြောကြားခဲ့သည်။

ချမှတ်ပေးထားသော အမျိုးသားရေးလုပ်ငန်းစဉ် (၂) ရပ်သည် နိုင်ငံတော်နှင့် နိုင်ငံသားများအားလုံးအတွက် ပကတိလိုအပ်ချက်ဖြစ်သည်။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုင်းပြည်အေးချမ်းသာယာရေးအတွက် အောင်မြင်အောင်အကောင်အထည်ဖော် ဆောင်ရွက်ရမည့်အချက်များဖြစ်သည်။ အမျိုးသားရေးလုပ်ငန်းစဉ်မူဝါဒနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက မကြာခဏလမ်းညွှန်မှာကြားလေ့ရှိပြီး အကောင်အထည်ပေါ် အောင်မြင်အောင် သက်ဆိုင်ရာတာဝန်ရှိသူများက ပြည်သူများနှင့်ပူးပေါင်းလက်တွဲ၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

စားရေရိက္ခာပေါများရေးအတွက် တစိုက်မတ်မတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ တစ်နှစ်ကျော်ကာလအတွင်း အလားအလာကောင်းများ ပေါ်ထွက်နေပြီဖြစ်သည်။ စားရေရိက္ခာတွင် အဓိကကျသော ဆန်အထွက်နှုန်းမှာ လုံလောက်ပိုလျှံလာပြီး ပြည်ပသို့စဉ်ဆက်မပြတ်တင်ပို့နိုင်ခဲ့သည်။ ဆီထွက် သီးနှံနှင့်ပဲမျိုးစုံမှာလည်း ပြည်တွင်း၌ လုံလောက်မှုရှိလာပြီး ပြည်ပသို့ပင် တင်ပို့နေ သည်ကို မြင်တွေ့ရမည်။ ထိုထက်မက ပိုမိုထွက်ရှိပြီး ရောင်းချနိုင်ရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက အကြံပြုလမ်းညွှန်မှာကြားထားသည်။ လမ်းညွှန်မှာကြားချက်နှင့်အညီ တက်ညီလက်ညီအကောင်အထည်ဖော် ဆောင်ရွက်နိုင်ပါက မျှော်မှန်းထားသည့် ရည်မှန်းချက်ပန်းတိုင်သို့ ရောက်ရှိနိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် စိုက်ပျိုးမြေဧက ၃၃ သန်းရှိရာ အဆိုပါစိုက်ဧက ၃၃ သန်းတွင် သီးထပ်၊ သီးညှပ်များကို ဖြစ်ထွန်းအောင် စိုက်ပျိုးနိုင်မည်ဆိုပါက သီးနှံအထွက်နှုန်းများ များစွာပိုလာမည်ဖြစ်သည်။ နိုင်ငံတော်၏မူဝါဒမှာ စိုက်ဧကများကို ထပ်မံမတိုးချဲ့ဘဲ သီးထပ်၊ သီးညှပ်စိုက်ပျိုးနိုင်ရန်ဖြစ်သည်။ လက်ရှိစိုက်ပျိုးနေသော စိုက်ဧကများကို မထိခိုက်စေဘဲ စိုက်ပျိုးကြရန်နှင့် လိုအပ်ပါက သီးခြားစိုက်ပျိုးမြေကို အသစ်ဖော်ထုတ်ပြီး လုပ်ကိုင်ကြရန်ဖြစ်သည်။ ဆောင်ရွက်ရာတွင် တစ်ဧကအထွက်နှုန်း ပန်းတိုင်ရည်မှန်းချက်ဖြင့် လုပ်ကိုင်ကြရမည်ဖြစ်သည်။ သီးထပ်တိုးအောင်၊ အထွက်တိုးအောင် လုပ်ဆောင်ခြင်းဖြင့် စိုက်ပျိုးသီးနှံအထွက်တိုးကာ တိုင်းပြည်ဝင်ငွေတိုးတက်ရရှိလာမည်ဖြစ်သည်။

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကိုအခြေခံကာ စီးပွားရေးကို အဓိကလုပ်ကိုင်ဆောင်ရွက်ကြသည့်နိုင်ငံဖြစ်သည်။ စိုက်ပျိုးထွက်ကုန် အထွက်တိုးလာပြီး တိုးတက်ရောင်းချနိုင်ပါက ပြည်သူလူထု ဝင်ငွေပိုမိုရရှိလာကာ စီးပွားရေးတိုးတက်လာမည်။ ပြည်သူလူထုစားရေရိက္ခာ လောက်ငဖူလုံပြီး အလုပ်အကိုင်အခွင့်အလမ်းများ ပွင့်လန်းလာကာ စီးပွားရေးတိုးတက်ကောင်းမွန်လာပြီးနောက် တရားဥပဒေ စိုးမိုးရေးကို ထိရောက်စွာဆောင်ရွက်ပေးနိုင်ပါက တိုင်းပြည်အေးချမ်းသာယာဝပြောလာမည်ဖြစ်သည်။ တိုင်းပြည်နှင့် ပြည်သူလူထု စီးပွားရေးကောင်းမွန်လာပြီး လုံခြုံစိတ်ချ စိတ်အေးချမ်းသာယာမှုရှိစေရန်အတွက် တရားဥပဒေစိုးမိုးရေးသည် အရေးကြီးသည့်အချက်ဖြစ်သည်။

ပြည်သူလူထု စားဝတ်နေရေးအဆင်ပြေအောင် ဆောင်ရွက်ပေးနိုင်သော်လည်း လုံခြုံစိတ်ချမှုမရှိပါက ပြည်သူပြည်သားများ စိတ်ချမ်းသာမည်မဟုတ်ပေ။ ထို့ကြောင့် နိုင်ငံတော်အစိုးရက စားရေရိက္ခာပေါများရေးနှင့် တိုင်းပြည်သာယာဝပြောရေး အမျိုးသားရေးရည်မှန်းချက်ကိုချမှတ်ကာ အလေးထားအကောင်အထည်ဖော်ဆောင်ရွက်နေခြင်းဖြစ်သည်။ ယခုအခါတွင် စိုက်ပျိုးရေးကို အခြေခံသည့်ထွက်ကုန်များ တိုးတက်ထွက်ရှိလာသဖြင့် စီးပွားရေးတိုးတက်လာသည်။ မြန်မာနိုင်ငံ၏ စီးပွားရေးကို ကြည့်မည်ဆိုလျှင် ယခုနှစ် ဧပြီလမှ စက်တင်ဘာလ ခြောက်လတာကာလအတွင်း ကုန်သွယ်မှုပိုငွေ ၃၅ ဒသမ ၅၁ သန်းရှိခဲ့သည်။ ပြည်ပသွင်းကုန်များအား ဆက်လက်လျှော့ချနိုင်ရန်အတွက် ပြည်တွင်းထုတ်ကုန်လုပ်ငန်းများ မြင့်မားတိုးတက်လာအောင် အားပေးမြှင့်တင်ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

သို့ဖြစ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အမျိုးသားရေးလုပ်ငန်းစဉ် (၂) ရပ်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေး၊ စားရေရိက္ခာပေါများရေးကို အောင်မြင်စွာ အကောင်အထည်ပေါ်လာအောင် ဆောင်ရွက်နိုင်ရေးအတွက် တရားဥပဒေစိုးမိုးရေးကို ထိရောက်စွာဆောင်ရွက်နိုင်ရန် ပူးပေါင်းဆောင်ရွက်ကြပြီး စိုက်ပျိုးရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများတိုးတက်လာအောင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
## ကြေညာချက်

၁။ ၂၀၂၂ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ခဲ့ကြသူများအတွက် ပထမနှစ် (ပထမနှစ်ဝက်) ဝင်ခွင့်ရသူများစာရင်းကို (၃-၁၁-၂၀၂၂) ရက်တွင် သက်ဆိုင်ရာတက္ကသိုလ်များ၊ အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန၏ Website: http://www.dast.edu.mm တို့တွင် ကြေညာထားမည်ဖြစ်ပါသည်။

၂။ ပထမနှစ် (ပထမနှစ်ဝက်) သင်တန်းများကို (၂၁-၁၁-၂၀၂၂) ရက်တွင် ဖွင့်လှစ်မည်ဖြစ်ရာ ကျောင်းဝင်မှတ်ပုံတင်ခြင်းကို သက်ဆိုင်ရာတက္ကသိုလ်များတွင် (၁၀-၁၁-၂၀၂၂) ရက်မှ (၉-၁၂-၂၀၂၂) ရက်အထိ (စနေနှင့် တနင်္ဂနွေနေ့များအပါအဝင်) လက်ခံဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

**အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန
## သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)
## ကြေညာချက်

၁။ ၂၀၂၂ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ခဲ့ကြသူများအတွက် သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)သို့ ပထမနှစ်(ပထမနှစ်ဝက်)ဝင်ခွင့်ရ ကျောင်းသား၊ ကျောင်းသူများစာရင်းအား (၃-၁၁-၂၀၂၂) ရက်နေ့တွင် ဝန်ကြီးဌာန website https://mcrd.gov.mm နှင့် ဤတက္ကသိုလ်၏ website https://ucmt.edu.mm တို့တွင် ကြေညာထားမည်ဖြစ်ပါသည်။

၂။ ပထမနှစ်(ပထမနှစ်ဝက်)သင်တန်းကို (၂၁-၁၁-၂၀၂၂) ရက်နေ့တွင် ဖွင့်လှစ်မည်ဖြစ်ရာ ကျောင်းဝင်မှတ်ပုံတင်ခြင်းကို (၁၀-၁၁-၂၀၂၂) ရက်နေ့မှစ၍ လက်ခံဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

**သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)**
**သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၂ - ၁၁ -၂၀၂၂)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉,၂၀၀ | ၉,၂၀၀ | ၁၃၄ | ၁,၂၃၂,၈၀၀ |
| MTSH | ၃,၄၀၀ | ၃,၄၀၀ | ၃,၆၈၁ | ၁၂,၅၀၇,၉၀၀ |
| MCB | ၇,၇၀၀ | ၇,၇၀၀ | ၅၀ | ၃၈၅,၀၀၀ |
| FPB | ၁၉,၅၀၀ | ၁၉,၅၀၀ | ၃၃၈ | ၆,၅၉၁,၀၀၀ |
| TMH | ၂,၇၀၀ | ၂,၇၅၀ | ၂၁ | ၅၆,၇၅၀ |
| EFR | ၂,၇၀၀ | ၂,၇၀၀ | ၂၀၀ | ၅၄၀,၀၀၀ |
| AMATA | ၅,၀၀၀ | ၅,၀၀၀ | ၃၀ | ၁၅၀,၀၀၀ |

**ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။**

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် နိုဝင်ဘာ ၂

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၂၁၀၀.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၂၀၇၇.၇ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၈၈.၅၅ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၅၅.၈၇၃ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၄၄၃.၂၂ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၅.၃၇၆ |
| (ဆ) သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၃၄၉.၀ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၄၈၇.၅ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၄၂၇.၀ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၄၈.၄၀ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။**

ကြေးမုံ

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** | - ဦးစိုးစိုးနိုင် | **အကြီးတန်း** | - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဌ၊ |
| **စာတည်းမှူး** | - ဦးဝင်းနိုင် | **သတင်းထောက်များ** | ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ |
| **စာတည်းများ** | - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ | | ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| | ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ | **အငယ်တန်း** | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ |
| | ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | **သတင်းထောက်များ** | ဦးသန်းတင်အောင် |
| **ဘာသာပြန်** | - ဦးနိုင်လင်းကြည်၊ | **သုတေသန** | - ဒေါ်ဇင်မာဝင့် |
| **စာတည်းများ** | ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | **စာပြင်** | - ဒေါ်နှင်းယုလှိုင်နှင့်အဖွဲ့ |
| | | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - ဦးကျော်စွာလင်းနှင့်အဖွဲ့ |
| | | **အီးမေးလ်နှင့် အွန်လိုင်း** | - ဦးစည်သူလွင်နှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန္တလေး - ၀၁-၈၆၁၀၆၈၅၅၊ စီမံ/ဌေးရင်း ၀၁-၂၉၁၄၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အခမ်းအနားတက်ရောက်လာကြသည့် ဇည့်ပရိသတ်အပေါင်းတို့က ဗန်းမော်ဆရာတော်ကြီးထံမှ ငါးပါး သီလခံယူဆောက်တည်၍ သံဃာတော်အရှင်သူမြတ်များ ရွတ်ပွားသရဇ္ဈာယ်တော်မူသော မေတ္တာသုတ်ပရိတ်တရားတော်များကို နာယူကြစဉ်။

✪ ရှေ့ဖုံးမှ

ဥပ္ပါတသန္တိစေတီတော် ဂေါပကအဖွဲ့ သြဝါဒါစရိယ ဆရာတော်ကြီးများ အမှူးပြုသည့် ပင့်ဖိတ်ထားသော ဆရာတော်ကြီး ၂၇ ပါး ကြွရောက်ချီးမြှင့်တော်မူကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့နှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ ကောင်စီအတွင်းရေးမှူးနှင့်ဇနီး၊ တွဲဖက်အတွင်းရေးမှူးနှင့်ဇနီး၊ ကောင်စီဝင်များနှင့်ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် သာသနာ့မဟာဗိမာန်တော်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုး၍ မြသပိတ်ဆွမ်းတော်၊ ပန်း၊ ရေချမ်း၊ ဆီမီးနှင့် သစ်သီးတို့ကို ဆက်ကပ်လှူဒါန်းသည်။

## လှည့်လည်ကြည့်ရှု

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနား တက်ရောက်လာသည့် ဇည့်ပရိသတ်များသည် ကထိန်ခံ ဇမ္ဗူသီရိမြို့နယ် သပြေကုန်းရပ်ကွက်ရှိ မစိုးရိမ်တိုက်သစ်သို့ လှူဒါန်းရန် ခင်းကျင်းပြင်ဆင်ထားသည့် ကထိန်လျှာသက်နီး၊ လှူဖွယ်ပစ္စည်းများနှင့် ပဒေသာပင်များအား လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် အခမ်းအနားအား "နမောတဿ" သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ ဖွင့်လှစ်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် စာမျက်နှာ ၄ သို့ ✪

## ဆက်ကပ်လှူဒါန်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ပဓာနနာယက အဘိဓေမဟာရဋ္ဌဂုရု အဘိဓေအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသထံ ကထိန်သက်နီးနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပဒေသာပင်များအား လှည့်လည်ကြည့်ရှုစဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သာသနာ့မဟာဗိမာန်တော်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုရန် မြသပိတ်ဆွမ်းတော်၊ ပန်း၊ ရေချမ်း၊ ဆီမီးနှင့် သစ်သီးတို့ကို ဆက်ကပ်လှူဒါန်းစဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဇနီးဒေါ်သန်းသန်းနွယ်တို့က နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းစဉ်။

**✪ စာမျက်နှာ ၃ မှ**

အခမ်းအနား တက်ရောက်လာကြသည့် ဧည့်ပရိသတ်အပေါင်းတို့သည် ဗန်းမော်ဆရာတော်ကြီးထံမှ ငါးပါးသီလခံယူ ဆောက်တည်၍ သံဃာတော်အရှင်သူမြတ်များ ရွတ်ပွားသရဇ္ဈာယ်တော်မူသော မေတ္တာသုတ် ပရိတ်တရားတော်များကို နာယူကြသည်။

### ဆက်ကပ်လှူဒါန်း

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် ဗန်းမော်ဆရာတော်ကြီးထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို လည်းကောင်း၊ ကထိန်အလှူခံကျောင်းမစိုးရိမ်တိုက်သစ်ဆရာတော်အဂ္ဂမဟာဂန္ဓဝါစကပဏ္ဍိတ ဘဒ္ဒန္တအဂ္ဂမဟာထံ ကထိန်လျှာသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို လည်းကောင်း ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ဇနီးတို့သည် သန်လျင်မင်းကျောင်းဆရာတော်ကြီးထံသို့ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းပြီး အခမ်းအနားတက်ရောက်လာကြသည့် ကောင်စီအတွင်းရေးမှူးနှင့် ဇနီး၊ တွဲဖက်အတွင်းရေးမှူးနှင့် ဇနီး၊ ကောင်စီဝင်များနှင့် ဇနီးများ၊ တပ်မတော်အရာရှိကြီးများက ဆရာတော်၊ သံဃာတော်များထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

### ရေစက်သွန်းလောင်းအမျှပေးဝေ

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသည့် ဧည့်ပရိသတ်အပေါင်းတို့သည် သန်လျင်မင်းကျောင်းဆရာတော်ကြီးထံမှ အနုမောဒနာတရားနာကြား၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းလောင်းအမျှပေးဝေကြသည်။

**စာမျက်နှာ ၅ သို့ ✯**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီးမိုးမြင့်ထွန်း ဆရာတော်ထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းစဉ်။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာဗညားအောင်မိုးက ဆရာတော်ထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းစဉ်။

“ယနေ့ကျင်းပသည့် ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ၂၀၂၂ ခုနှစ် ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားတွင် ပဒေသာပင် ၄၄ ခုနှင့် လှူဒါန်းငွေကျပ် ၇၃ဒသမ၃၂၅၀ ဖြစ်သဖြင့် စုစုပေါင်း လှူဒါန်းမှုမှာ တန်ဖိုးငွေကျပ် ၁၁၂၉ဒသမ၈၅၀ ဖြစ်”

ဗန်းမော်ဆရာတော်ကြီးအမှူးပြုသည့် ဆရာတော်၊ သံဃာတော်များအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က နေ့ဆွမ်းဆက်ကပ်လှူဒါန်းစဉ်။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး စိုးထွန်းက ဆရာတော်ထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

✯ စာမျက်နှာ ၄ မှ

ယင်းနောက် အခမ်းအနားကို “ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု” သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ အခမ်းအနားအပြီးတွင် ဗန်းမော်ဆရာတော်ကြီးအမှူးပြုသည့် ဆရာတော်၊ သံဃာတော်များအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် ဇနီး၊ ဧည့်ပရိသတ်များက နေ့ဆွမ်းဆက်ကပ်လှူဒါန်းသည်။

ယနေ့ကျင်းပသည့် ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ၂၀၂၂ ခုနှစ် ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားတွင် ပဒေသာပင် ၄၄ ခုနှင့် လှူဒါန်းငွေကျပ် ၇၃ဒသမ၃၂၅၀ ဖြစ်သဖြင့် စုစုပေါင်း လှူဒါန်းမှုမှာ တန်ဖိုးငွေကျပ် ၁၁၂၉ဒသမ၈၅၀ ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးစိုင်းလုံးဆိုင်က ဆရာတော်ထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရွှေကြိမ်းက ဆရာတော်ထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် ဆရာတော်ထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်က ဆရာတော်ထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

# လူငယ်တွေကို အန္တရာယ်ထဲတွန်းပို့နေတဲ့ ဂိမ်းတွေကို . . . သတိပြု

ကိုပေါက်

ကမ္ဘာလုံးဆိုင်ရာ အင်တာနက်နည်းပညာ လုပ်ငန်းကြီးဖြစ်တဲ့ ဂူဂဲလ်(Google)ဟာ သတင်းအချက်အလက်နဲ့ နည်းပညာဆိုင်ရာ လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေးအစရှိတဲ့ လုပ်ငန်းဆောင်တာတွေကို တစ်ကမ္ဘာလုံး လွှမ်းခြုံကာ အချိန်နဲ့အမျှ ဆောင်ရွက်ပေးလျက်ရှိပါတယ်။

တစ်ကမ္ဘာလုံးဆိုင်ရာ သတင်းအချက်အလက်တွေအပြင် အကောင်းဆုံး အက်ပလီကေးရှင်းတွေ၊ ဂိမ်းတွေနဲ့ ဒစ်ဂျစ်တယ်နည်းပညာအကြောင်းအရာတွေနဲ့ပတ်သက်လို့ အိုင်တီပညာရှင် လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းတွေက နှစ်စဉ် အချိန်နဲ့အမျှ တီထွင်ထုတ်လုပ်ဖန်တီးပေးလျက်ရှိပါတယ်။ ဖန်တီးထားတဲ့ နည်းပညာဆိုင်ရာ Game တွေဟာ လူငယ်လူရွယ်တွေကိုသာမက ကလေးသူငယ်၊ လူကြီးတွေပါမကျန် ဖမ်းစားထားနိုင်တဲ့ စိတ်ဝင်စားဖွယ် နည်းပညာကုန်ပစ္စည်းဖြစ်ပါတယ်။

“ခေတ်က ပြောင်းသွားပြီဦးလေးရေ။ ဦးလေးတို့၊ အဒေါ်တို့ခေတ်လိုမဟုတ်တော့ဘူး။ ကျွန်တော်တို့လူငယ်တွေက ဂိမ်းတွေ၊ အက်ပလီကေးရှင်းတွေထဲမှာပဲ ပျော်မွေ့နေကြတာ။ ကျောင်းကမဖွင့်၊ အလုပ်ကမရှိ၊ လည်စရာကမရှိ၊ မရှိတာတွေများတော့ နည်းပညာတွေထဲမှာ နေတာပဲကောင်းတာပေါ့။ ပျော်စရာလည်းဖြစ်တယ်။ အပျင်းလည်းပြေတယ်။ အားလပ်ချိန်တွေကို ဂိမ်းထဲမှာပဲ ဖြုန်းလိုက်တဲ့သဘောပေါ့”လို့ ၂၀၂၀ ပြည့်နှစ်က ကျွန်တော့်တူလေးတစ်ဦး ပြောစကားကို သတိရမိပါတယ်။

ဂိမ်းတွေဆော့လွန်းလို့ ဆုံးမတဲ့ ဦးလေးဖြစ်သူကို ပြန်လည်ခွန်းတုံ့ပြန်တာကို နားထောင်ခဲ့ရပါတယ်။ တူလေးရဲ့စကားဟာ အဲဒီအချိန်ကာလအဖို့တော့ မှန်နေပါတယ်။ ကိုဗစ်-၁၉ ရောဂါ စတင်ဖြစ်ပွားလာတော့ စာသင်ကျောင်းတွေပိတ်၊ ကလေးသူငယ်၊ လူငယ်လူရွယ်တွေ ထွက်ပေါက်ပိတ်တော့ အိမ်ထဲမှာသာ ဂိမ်းနဲ့အဖော်ပြုတာဟာ အပြစ်မဆိုသာပါဘူး။

ဒီလိုဂိမ်းတွေကို သိလျက်နဲ့ဖြစ်စေ၊ မသိလို့ဖြစ်စေ မိမိတို့ဖုန်းထဲမှာ ထည့်သွင်းထားပြီး ဂိမ်းကစားမယ်ဆိုရင် အန္တရာယ်ရှိတယ်ဆိုတာကို သတိပြုဖို့လိုပါတယ်။ ဂိမ်းဆိုတာ လူငယ်လူရွယ်တွေအတွက် အပျင်းပြေ၊ အပျော်အဖြစ် ကစားတယ်ဆိုပေမယ့် အန္တရာယ်ရှိနိုင်တဲ့ ဂိမ်းတွေကိုတော့ သတိထားကစားဖို့ လိုအပ်ပါတယ်။ NUG နဲ့ CRPH အကြမ်းဖက်အဖွဲ့တွေဟာ ပြည်သူတွေကို တော်လှန်ရေးအကြောင်းပြပြီး နည်းအမျိုးမျိုးနဲ့ ဒုက္ခပေးနေတာဖြစ်ပါတယ်။ အကြမ်းဖက်သမားတွေ ရန်ပုံငွေတွေရရှိဖို့နဲ့ လူငယ်တွေ လမ်းမှားရောက်စေမယ့် PDF Game တွေကို ဖန်တီးခဲ့ကြပါတယ်။ ဒီ PDF Game Application တွေကို လက်ကိုင်ဖုန်းတွေမှာ ယူမထားဖို့လိုပါတယ်

### ဆိုးကျိုးတွေဖြစ်လာနိုင်

နည်းပညာတွေ တိုးတက်ဖြစ်ထွန်းလာတာဟာ ကောင်းကျိုးတွေရှိသလို ဆိုးကျိုးတွေလည်း ရှိနေပါတယ်။ ဒစ်ဂျစ်တယ်ပလက်ဖောင်း အမျိုးမျိုးပေါ်မှာ နည်းပညာအသစ်အဆန်းတွေ အဆက်မပြတ်ပေါ်ထွက်လာနေသလို လူငယ်တွေ စိတ်ဝင်စားတဲ့ ဂိမ်းအသစ်အဆန်းတွေလည်း ပလူပျံအောင်ပေါ်ထွက်လာပါတယ်။ ဂူဂဲပလေး(Google Play) ရဲ့ နှစ်ပတ်လည်မှာဆိုရင် အကောင်းဆုံးအက်ပ်(Apps) တွေနဲ့ ဂိမ်းဆုတွေကို ကြေညာပေးကြသလို နည်းပညာကုမ္ပဏီတွေနဲ့ ကွန်ပျူတာပညာရှင်တွေ ကလည်း အမျိုးမျိုးအဖုံဖုံ ဖန်တီးမိတ်ဆက်ကြပါတယ်။

ပလေးစတိုး(Play Store) မှာဆိုရင် သန်းနဲ့ချီတဲ့ ခေါင်းစဉ်တွေနဲ့ အကောင်းတကာ့အကောင်းဆုံး ပေါ်ထွက်လာတဲ့ အက်ပလီကေးရှင်းအမျိုးမျိုးဟာ လူငယ်လူရွယ်တွေအတွက် စွဲမက်စရာဖြစ်စေခဲ့ပါတယ်။ နည်းပညာခေတ်မှာ လူငယ်နဲ့ လက်ကိုင်ဖုန်း၊ လူငယ်နဲ့ အက်ပလီကေးရှင်းတွေ၊ ဂိမ်းတွေဟာ အတော့်ကို ရေပန်းစားပါတယ်။ လူငယ်တွေဟာ ဖုန်းအသစ်အဆန်းတွေ၊ နည်းပညာအသစ်အဆန်းတွေကို မက်မောကြတာဟာ သဘာဝဖြစ်ပါတယ်။ နားလည်ပေးရမှာဖြစ်ပါတယ်။ ဒါပေမဲ့ ကောင်းကျိုးထက် ဆိုးကျိုးဖြစ်လာနိုင်တာတွေနဲ့ လူ့အသိုက်အဝန်းမှာ မကောင်းတဲ့လက္ခဏာတွေ ဖြစ်လာနိုင်တာတွေကိုတော့ ဖန်တီးသူ၊ အသုံးပြုသူနဲ့ အုပ်ထိန်းသူတွေ သတိပြုသင့်ပါတယ်။

### အန္တရာယ်ရှိတဲ့ဂိမ်းတွေ

ဂိမ်းဆိုတာ တစ်ဖက်နှင့်တစ်ဖက်၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့ တိုက်ခိုက်မှုတွေကို စိတ်ကူးဖန်တီးထားတဲ့ အွန်လိုင်းကစားပွဲဖြစ်ပါတယ်။ ဂိမ်းစတင်ပေါ်တုန်းက ရိုးရိုးဂိမ်းလေးတွေ ဆော့ကစားကြရာမှ စတားဝါး(Star War) ကြယ်တာရာစစ်ပွဲပုံစံနဲ့ တိုက်ခိုက်ကြတဲ့ ကစားပွဲတွေအထိ စိတ်ဝင်စားဖွယ်၊ ပျော်ရွှင်ဖွယ် ကောင်းခဲ့ပါတယ်။ နောက်ပိုင်းမှာ လောင်းကစားကို အားပေးတဲ့ စလော့ဂိမ်း၊ ငါးပစ်ဂိမ်း၊ ရှမ်းကိုးမီးဂိမ်းစတဲ့ ဂိမ်းတွေပေါ်ပေါက်လာပါတယ်။ နောက် Call of Duty လို ပစ်ခတ်တိုက်ခိုက်တဲ့ဂိမ်းတွေ ပေါ်ထွက်လာတဲ့အခါ ကလေးသူငယ်လူငယ်တွေနဲ့ လူ့ဘောင်လောက အနာဂတ်အတွက် စိုးရိမ်စရာတွေဖြစ်လာပါတယ်။

ဂိမ်းဆိုတာ တိုက်ကြ၊ ခိုက်ကြတာဖြစ်လို့ ကြောက်မက်ဖွယ်ရာတွေ ပါလာမှာပါပဲ။ ဒါပေမဲ့ ဘူးလားဆိုတာ စဉ်းစားကြည့်နိုင်ပါတယ်။ ဂိမ်းနဲ့ ပတ်သက်တဲ့ ဆိုရှယ်မီဒီယာဟာ လူငယ်တွေကို ဘယ်လိုလွှမ်းမိုးခဲ့သလဲဆိုတာကို နမူနာတင်ပြလိုပါတယ်။

### အကြမ်းဖက်ရှေ့ပြေးဂိမ်း

၂၀၁၀ ပြည့်နှစ်က ထုတ်လုပ်တဲ့ Infinity Ward COD; Modern Warfare 2 ဂိမ်းဟာ အကြမ်းဖက်မှုတွေကို အထူးလှုံ့ဆော်တဲ့ ဂိမ်းတစ်ခုအဖြစ် သတ်မှတ်ခြင်းခံခဲ့ရပါတယ်။ ဂိမ်းထဲမှာပါဝင်တဲ့ စပိုင်တစ်ယောက်နေရာမှာ ဝင်ရောက်ကစားရတဲ့ ပုံစံဖြစ်ပြီး လေယာဉ်ကွင်းထဲမှာ တွေ့သမျှလူတွေကို မသေမချင်း ပစ်သတ်တဲ့ပုံစံ ဖန်တီးထားပါတယ်။

**ဂိမ်းတွေ စတင်ပေါ်ပေါက်စဉ်က ဘောလုံးပွဲဂိမ်း၊ ငါးဖမ်းဂိမ်း၊ ကားပြိုင်ပွဲဂိမ်း၊ စစ်ပွဲဂိမ်း၊ အားကစားဂိမ်း စတဲ့ဂိမ်းတွေဟာ အပျော်သက်သက်ဖြစ်ပေမယ့် ၂၀၀၀ ပြည့်လွန်ကာလတွေကစလို့ ပေါ်ပေါက်လာတဲ့ ဂိမ်းတွေထဲမှာ လောင်းကစားဂိမ်းတွေ၊ ဒုစရိုက်မှုကို အားပေးတဲ့ဂိမ်းတွေအပြင် အကြမ်းဖက်ရက်စက်မှုတွေ ဖန်တီးထားတဲ့ အကြမ်းဖက်ဂိမ်းတွေ ပေါ်ပေါက်လာပါတယ်။ မျက်မှောက်ကာလတွေမှာ တစ်ဦးနဲ့တစ်ဦး၊ တစ်ဖွဲ့နဲ့တစ်ဖွဲ့ အကြမ်းဖက်ရက်စက်မှုတွေ ပိုများလာတဲ့ သဘောဖြစ်လာတာတွေကို တွေးတောဆင်ခြင်ကြည့်ရင် သတိပြုစရာတွေ ဖြစ်ပါတယ်။ ပိုလို့ဆိုးတဲ့ အခြေအနေတွေဖြစ်လာတာက တိုင်းပြည်တွေရဲ့ နိုင်ငံရေးလောကမှာ ဂိမ်းတွေကိုအသုံးချလာလို့ အစိုးရတွေက ပိတ်ပင်တားမြစ်အရေးယူကြပါတယ်**

ဂိမ်းတွေ အကြမ်းဖက်မှုကို ကြိုက်နှစ်သက်ဖို့ နည်းပေးလမ်းပြဖြစ်နေလို့ ထုတ်လုပ်တဲ့ကုမ္ပဏီဟာ ပြဿနာဖြေရှင်းခဲ့ရပါတယ်။ ၁၉၉၈ ခုနှစ်က ထုတ်လုပ်တဲ့ Shooting ဂိမ်းတစ်ခုဖြစ်တဲ့ Postal ဟာ ဂိမ်းအတွင်းက ဇာတ်ကောင်အသက်ရှင်ကျန်ရစ်ဖို့ ရန်သူအမြောက်အမြားကို သတ်ဖြတ်ဖို့ သေနတ်တွေ၊ မိုင်းတွေ၊ ဗုံးတွေ စတဲ့လက်နက်တွေ အကုန်လုံး အသုံးပြုထားပါတယ်။ ပိုဆိုးတဲ့ အချက်က ဂိမ်းကစားသူဟာ အပြစ်မရှိတဲ့သူတွေကို တိုက်ခိုက်နိုင်တဲ့အချက်ဖြစ်ပါတယ်။ အဲဒီအတွက် ဒီဂိမ်းကို နိုင်ငံအတော်များများက တားမြစ်ခဲ့ပါတယ်။

၂၀၁၁ ခုနှစ်က ထုတ်လုပ်ခဲ့တဲ့ Mortal Kombat ဂိမ်းကတော့ အလွန်ကြမ်းတမ်းပြီး ရက်စက်တဲ့ ဗိုင်းရပ်စ်ဂိမ်းအဖြစ် မှတ်တမ်းတင်ခဲ့ပါတယ်။ ဒါကို ထပ်မံဖြည့်စွက်ပြီး အသက်သွင်းလိုက်တဲ့အခါ ထုတ်လုပ်သူတွေရော ကစားသူတွေပါ လက်ဖျားခါလောက်အောင် လူတစ်ယောက်ကို စုတ်ပြတ်သတ်သွားအောင် ရက်စက်ပြတဲ့ကစားကွက်တွေ ပါဝင်ခဲ့ပြီး ဂိမ်းကစားသူတွေကို စွဲလမ်းသွားစေခဲ့ပါတယ်။ နောက်တစ်ခုက ဂိမ်းကစားသူတွေကို အရူးအမူးဖြစ်စေခဲ့တဲ့ ၂၀၀၁ ခုနှစ်က ထုတ်လုပ်ခဲ့တဲ့ Grand Theft Auto 3 ဖြစ်ပါတယ်။ မြေပုံထဲမှာ မိမိနှစ်သက်ရာ ပြုလုပ်နိုင်ပြီး အရာအားလုံးကို ပစ်ခတ်သတ်ဖြတ်ဖျက်ဆီးစေခဲ့ပါတယ်။ မီဒီယာတွေက ဒီဂိမ်းကစားတဲ့သူဟာ ကားခိုးဖို့အတွက် ဝန်မလေးတော့သလို ရဲဝန်ထမ်းတွေကို ပြန်လည်သတ်ဖြတ်ဖို့အတွက် ဝန်မလေးတော့ကြောင်း ဝေဖန်ခဲ့ပါတယ်။ နောက်ပိုင်းမှာ ဒုစရိုက်မှုတွေကို အားပေးတဲ့သဘောဖြစ်နေတဲ့အတွက် ကန့်သတ်ချက်တွေထားပြီး ထုတ်လုပ်ခဲ့ရပါတယ်။

### ရက်စက်မှုတွေကမ်းကုန်

အကြမ်းဖက်ဂိမ်းတွေ ထုတ်လုပ်တဲ့နေရာမှာ ကျော်ကြားတဲ့ Rockstar Game မှာ ၂၀၀၃ ခုနှစ်က ထုတ်လုပ်တဲ့ Manhunt ဂိမ်းဟာ သွေးထွက်သံယိုအဖြစ်ဆုံးနဲ့ ရက်စက်မှုတွေ သရဖူဆောင်းလောက်အောင် ဖန်တီးခဲ့ပါတယ်။ ၂၀၀၀ ပြည့်နှစ်က ထုတ်လုပ်ခဲ့တဲ့ Soldier of Fortune ဂိမ်းဟာ အကြမ်းဖက်ဂိမ်းတွေမှာ အထူးလှုပ်ခတ်ခဲ့တဲ့ ဂိမ်းတစ်ခုဖြစ်ပါတယ်။ အလွန်ရက်စက်တဲ့ တိုက်ခိုက်သတ်ဖြတ်မှုတွေ ပါဝင်ခဲ့ပါတယ်။ ဒါကြောင့် ဒီဂိမ်းကို ဂျာမနီနိုင်ငံအတွင်း ပိတ်ပင်တားမြစ်ခဲ့ပါတယ်။ ဖော်ပြခဲ့တဲ့ နမူနာဂိမ်းတွေဟာ နိုင်ငံတကာဂိမ်းသမိုင်းမှာ ရက်စက်ဆုံးဂိမ်းတချို့ဖြစ်ပြီး တခြားရက်စက်တဲ့ဂိမ်းတွေ နှစ်အလိုက်၊ စီးရီးအလိုက် ပေါ်ထွက်လာခဲ့ပါတယ်။ မြန်မာနိုင်ငံအပါအဝင် ကမ္ဘာပေါ်ရှိ လူငယ်တွေနဲ့ လူ့အသိုက်အဝန်းကို ဂိမ်းတွေဟာ ဘယ်လောက်အကျိုးပြုခဲ့တယ်ဆိုတာကို ခန့်မှန်းကြည့်နိုင်ပါတယ်။ မျက်မှောက်ကာလ လူငယ်တွေကြားမှာ လောင်းကစားမှုတွေ၊ ဒုစရိုက်မှုတွေ၊ အကြမ်းဖက်မှုတွေ များလာတာဟာ အသုံးမပြုသင့်တဲ့ဂိမ်းတွေနဲ့လည်း ပတ်သက်မယ်လို့ ထင်ပါတယ်။

### အကြမ်းဖက်မှုတွေမှာအသုံးချ

**မကြာသေးမီနှစ်များအတွင်း ကိုဗစ်-၁၉ ရောဂါ ဖြစ်ပေါ်လာပြီး အကန့်အသတ်နဲ့နေရစဉ်မှာ လူငယ်တွေကြားမှာ ဂိမ်းကစားမှုတွေ ပိုမိုရေပန်းစားလာပါတယ်။ ပိုဆိုးလာတာက မြန်မာနိုင်ငံမှာ ဖြစ်ပေါ်ခဲ့တဲ့ နိုင်ငံရေးကိုအကြောင်းပြုလို့ အိုင်တီပညာရှင်တချို့ ဖန်တီးထားတဲ့ PDF Game တွေ ပေါ်ထွက်ခဲ့ပြီး အမေရိကန်၊ စင်ကာပူနဲ့ ဩစတြေးလျှမှာ အသုံးပြုခဲ့ပါတယ်။ ဒါပေမဲ့ ဒီဂိမ်းကို နိုင်ငံခြားသားတွေ စိတ်ဝင်စားမှုမရှိဘဲ ပြည်တွင်း/ပြည်ပက စိတ်ခံစားချက်မြင့်မားတဲ့မြန်မာတွေနဲ့ မသိနားမလည်တဲ့လူငယ်အချို့က အသုံးပြုခဲ့ကြပါတယ်။**

စာမျက်နှာ ၇ သို့

# ကျောက်ဖြူအထူးစီးပွားရေးဇုန် အကောင်အထည်ဖော်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေး

**နေပြည်တော် နိုဝင်ဘာ ၂**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးသည် CITIC Consortium Myanmar Port Investment Limited ဒုတိယဥက္ကဋ္ဌ Mr. Frank Ma Chuanfu ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာနခွဲ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ကျောက်ဖြူအထူးစီးပွားရေးဇုန် အကောင်အထည်ဖော်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# အမှတ် (၁၀) အထည်စက်ရုံ (တောင်သာ)၊ အထည်စက်ရုံခွဲ (မြင်းခြံ)နှင့် အမှတ် (၁) သံမဏိစက်ရုံ (မြင်းခြံ)တို့ကို ကြည့်ရှုစစ်ဆေး

**နေပြည်တော် နိုဝင်ဘာ ၂**

စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးရင်မောင်ညွန့်သည် အောက်တိုဘာ ၂၉ ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး တောင်သာမြို့ရှိ အမှတ်(၁၀) အထည်စက်ရုံ (တောင်သာ)သို့ ရောက်ရှိစစ်ဆေးပြီး ထုတ်ကုန်ပစ္စည်းများ လက်ရာသေသပ်ကောင်းမွန်ရန်နှင့် အရည်အသွေးကောင်းမွန်ရေး အလေးထားဆောင်ရွက်ရန်၊ ပညာရေးဝန်ကြီးဌာနမှ မှာယူထားသော ကျောင်းဝတ်စုံများ အချိန်မီပေးပို့နိုင်ရေး ကြပ်မတ်ဆောင်ရွက်ရန်၊ ပွင့်လင်းရာသီရောက်ရှိနေပြီဖြစ်၍ မီးဘေးအန္တရာယ် မဖြစ်စေရေးအတွက် စီမံချက်များရေးဆွဲခြင်း၊ ဇာတ်တိုက်လေ့ကျင့်ခြင်း၊ မီးငြိမ်းသတ်ရေး အထောက်အကူပြုပစ္စည်းများ ပြည့်စုံအောင် ဖြည့်ဆည်းခြင်းတို့ကို ဆောင်ရွက်ထားရန် မှာကြားသည်။

**မှာကြား**

ဆက်လက်၍ ဒုတိယဝန်ကြီးသည် မြင်းခြံမြို့ရှိ အထည်စက်ရုံခွဲ (မြင်းခြံ) သို့ရောက်ရှိပြီး ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုအဆင့်ဆင့်နှင့် စက်ပစ္စည်းအသစ်များ တပ်ဆင်နေမှုတို့ကိုလှည့်လည်ကြည့်ရှုစစ်ဆေးပြီး အရည်အသွေးကောင်းမွန်သော ထုတ်ကုန်ပစ္စည်းများ ပိုမိုထုတ်လုပ်နိုင်ရေးအတွက် စက်ပစ္စည်းအသစ်များ တပ်ဆင်ခြင်းလုပ်ငန်းများကို အမြန်ဆုံးပြီးစီးအောင်ဆောင်ရွက်ရန်၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် ကုန်ကြမ်းများ ပြတ်လပ်မှုမရှိစေရေးအတွက် စီမံဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် အမှတ် (၁) သံမဏိစက်ရုံ (မြင်းခြံ) သို့ရောက်ရှိပြီး Water Treatment Plant ရှိ Pump များ ပြုပြင်ထားရှိမှုနှင့် ပိုက်လိုင်းများ အစားထိုးလဲလှယ်ပြီးစီးမှု၊ Air Separation Plant ရှိ Turbo Compressor ပြုပြင်နေမှု၊ Oxygen Compressor ပြုပြင်နေမှုနှင့် Air Compressor များ ပြုပြင်ပြီးစီးမှု၊ ထုတ်လုပ်မှုအတွက် လိုအပ်သည့် Steel Scrap (HMS-1၊ HMS-2၊ Light Scrap) များကို စနစ်တကျခွဲခြား စုစည်းထားရှိမှုနှင့် Ferro Alloy များ၏ လက်ကျန်အခြေအနေ၊ Hot Strip Mill ၏ Machine Installation Work များ ဆောင်ရွက်ရန် ကျန်ရှိမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

အောက်တိုဘာ ၃၀ ရက် နံနက်ပိုင်းတွင် အမှတ် (၁) သံမဏိစက်ရုံ (မြင်းခြံ) အစည်းအဝေးခန်းမ၌ စက်ရုံမှူးက စက်ရုံရှိ စက်မှု/လျှပ်စစ်ပြုပြင်ထိန်းသိမ်းရေးဝန်ထမ်းများ၏ ပြင်ဆင်ဆောင်ရွက်နေမှု၊ Air Separation Plant ပြန်လည်စစ်ဆေးပြုပြင်မှု၊ စီမံကိန်းဆိုင်ရာ အကြံပေးပုဂ္ဂိုလ် Mr. Damir Mezulic ၏ အမှတ် (၁) သံမဏိစက်ရုံ (မြင်းခြံ) နှင့်ပတ်သက်၍ အကြံပြုချက်များ၊ Meltshop-1 ပြန်လည်စတင်နိုင်ရေးအတွက် လူအင်အား၊ ကုန်ကြမ်းများနှင့် စက်ပစ္စည်းများဆိုင်ရာ စီမံချက်ရေးဆွဲဆောင်ရွက်မှုတို့ကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက သံရည်ကျိုအလုပ်ရုံနှင့် သက်ဆိုင်သည့် လုပ်ငန်းများအားလုံးကို သတ်မှတ်အချိန်အတွင်း ပြီးစီးရေးနှင့် သတ်မှတ်အရည်အသွေး ပြည့်မီရေးတို့အတွက် စိစစ်ကြပ်မတ်ဆောင်ရွက်ရန်၊ စက်ရုံရိုဝန်ထမ်းများဖြင့် စက်မှု/လျှပ်စစ် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို အချိန်ဇယားများ ရေးဆွဲဆောင်ရွက်ရန်၊ စက်ရုံရှိစစ်ဆေးပြုပြင်ပြီးသည့် စက်ကိရိယာပစ္စည်းများ ထိန်းသိမ်းရေးလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်ရန်၊ ဝန်ထမ်းများ အနေဖြင့် စက်ရုံအား သတ်မှတ်ကာလအတွင်း ကုန်ထုတ်လုပ်မှုလုပ်ငန်းများ စတင်ဆောင်ရွက်နိုင်ရေးအတွက် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ဗူးပွင့်မျိုးသန့်စိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်းက မိုးစပါးများထွက်ရှိ

**ပွင့်ဖြူ နိုဝင်ဘာ ၂**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ဗူးပွင့်မျိုးသန့်စိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်းက အသင်းပိုင် စိုက်ပျိုးမြေ ဧက ၁၈၀ နှင့် အသင်းသားပိုင် စိုက်ပျိုးမြေဧက ၂၀ ပေါ်တွင် ရက်၁၀၀စပါး၊ရွှေဆည်ရင်၊ ဆာဖိုးသာ (၁)၊ ပခန်းရွှေဝါ၊ ပေါ်ဆန်းရင်၊ ပေါ်ဆန်းနက်နှင့် ဧရာမင်းစပါးများ စိုက်ပျိုးထားရှိသည်။ ယခုအခါ စိုက်ပျိုးခဲ့သည့် စပါးများအနက်မှ ရက် ၁၀၀ စပါး တစ်ဧကအထွက်နှုန်း ၁၀၅ တင်း၊ ရွှေဆည်ရင် စပါးနှင့် ပခန်းရွှေဝါစပါး တစ်ဧက အထွက်နှုန်း ၉၅ တင်း၊ ဆာဖိုးသာ (၁) စပါး တစ်ဧက အထွက်နှုန်း ၁၃၉ ဒသမ ၅၄ တင်း ပျမ်းမျှထွက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

**✪ စာမျက်နှာ ၆ မှ**

**တော်လှန်ရေးမှာ မပါဝင်နိုင်တဲ့လူငယ်တွေကို အွန်လိုင်းပေါ်မှာ စိတ်ကူးယဉ်လို့ရအောင် ဖန်တီးပေးထားတာလို့ဆိုပါတယ်။ အမှန်တကယ်တော့ ဂိမ်းစွဲလမ်းတဲ့ လူငယ်တွေကို အသုံးချပြီး ရန်ပုံငွေရအောင် ဖန်တီးခဲ့တာဖြစ်ပါတယ်။ ဂိမ်းထဲမှာ ကစားတဲ့ ကျည်တွေကို ၁ ဒေါ်လာ၊ ၁၀ ဒေါ်လာ၊ ၉၉ ဒေါ်လာဆိုပြီး ဝယ်ရပါတယ်။ ၁ ဒေါ်လာကို ကျည်အတောင့် ၅၀၀၀ ရပါတယ်။ နောက်တစ်နည်းက ဒီဂိမ်းဆော့ဖို့ ကျည်ဆန်တွေကို ကြော်ငြာတွေကို ကြည့်ပြီး ငွေဖန်တီးတဲ့ နည်းလမ်းဖြစ်ပါတယ်။**

**အကြမ်းဖက်ဥပဒေနဲ့ငြိစွန်း**

**ဒီလိုဂိမ်းတွေကို သိလျက်နဲ့ဖြစ်စေ၊ မသိလို့ဖြစ်စေ မိမိတို့ဖုန်းထဲမှာ ထည့်သွင်းထားပြီး ဂိမ်းကစားမယ်ဆိုရင် အန္တရာယ်ရှိတယ်ဆိုတာကို သတိပြုဖို့ လိုပါတယ်။ ဂိမ်းဆိုတာ လူငယ်လူရွယ်တွေအတွက် အပျင်းပြေ၊ အပျော်အဖြစ် ကစားတယ်ဆိုပေမယ့် အန္တရာယ်ရှိနိုင်တဲ့ ဂိမ်းတွေကိုတော့ သတိထားကစားဖို့ လိုအပ်ပါတယ်။ NUG နဲ့ CRPH အကြမ်းဖက်အဖွဲ့တွေဟာ ပြည်သူတွေကို တော်လှန်ရေးအကြောင်းပြပြီး နည်းအမျိုးမျိုးနဲ့ ဒုက္ခပေးနေတာဖြစ်ပါတယ်။ အကြမ်းဖက်သမားတွေ ရန်ပုံငွေတွေ ရရှိဖို့နဲ့ လူငယ်တွေ လမ်းမှားရောက်စေမယ့် PDF Game တွေကို ဖန်တီးခဲ့ကြပါတယ်။ ဒီ PDF Game Application တွေကို လက်ကိုင်ဖုန်းတွေမှာ ယူမထားဖို့လိုပါတယ်။**

**အခုပေါ်ထွက်နေတဲ့ အန္တရာယ်ရှိတဲ့ PDF ဂိမ်းတွေဟာ PDF Hero၊ PDF Hero-2၊ End Game-Union Multiplayer War of Heroes တွေ ဖြစ်ပါတယ်။ ဒီဂိမ်းတွေဟာ အကြမ်းဖက်မှုကို အားပေးတဲ့ ဂိမ်းတွေဖြစ်တာကြောင့် ဖန်တီးထုတ်လုပ်တာဖြစ်ဖြစ်၊ ကြော်ငြာထည့်သွင်းတာဖြစ်ဖြစ်၊ အသုံးပြုတာဖြစ်ဖြစ် ဘယ်လိုနည်းနဲ့လုပ်လုပ် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေနဲ့ ငြိစွန်းပါတယ်။**

**အရေးယူခံရမှာဖြစ်**

**စစ်တိုက်ကစားဖို့ လိုအပ်တဲ့ကျည်ဆန်တွေကို ဂိမ်းမှာပါဝင်တဲ့ ကြော်ငြာတွေကိုကြည့်ပြီး ဖြည့်တင်းရတာကြောင့် ဒီဂိမ်းကို ဆော့ကစားသူတွေဟာ PDF Game ကြော်ငြာအားလုံးကို ကြည့်ရှုပြီးပါက အလှူငွေကျပ် ၅၀ အလိုအလျောက် ပေးသွင်းပြီးဖြစ်နေပါတယ်။ ဒါကြောင့် PDF Game တွေ ကစားတာဟာ အကြမ်းဖက်အဖွဲ့အစည်းတွေကို အထောက်အပံ့ပေးတဲ့ ကစားနည်းဖြစ်တယ်ဆိုတာကို လူငယ်တွေကြားမှာ သိရှိနားလည်စေဖို့ အသိပေးမှုတွေမျှဝေပေးဖို့ လိုအပ်ပါတယ်။ အကယ်၍ လမ်းခရီးမှာ သက်ဆိုင်ရာက လုံခြုံရေးအရ စစ်ဆေးစဉ် မိမိတို့လက်ကိုင်ဖုန်းအတွင်းမှာ PDF ဂိမ်းတွေရှိနေတာကို တွေ့ရှိရင် အရေးယူခံရမှာ ဖြစ်ပါတယ်။ ဒါ့အပြင် PDF Game တွေမှာပါဝင်ပြီး အခကြေးငွေပေးကာ ကြော်ငြာထည့်သွင်းထားတဲ့ လုပ်ငန်းရှင်တွေအနေနဲ့လည်း အရေးယူခံရမှာ ဖြစ်ပါတယ်။**

**နည်းပညာ တိုးတက်ပြောင်းလဲလာတဲ့ ခေတ်ကာလမှာ ပြည်သူတွေ အထူးသဖြင့် လူငယ်တွေ အပျင်းပြေစေဖို့ ဂိမ်းတွေဖန်တီးထုတ်လုပ်ကြတာကို အပြစ်မဆိုလိုပါဘူး။ ဒါပေမဲ့ ပုံမှန်အပျင်းပြေစေမယ့် ပျော်ရွှင်စရာ ဆော့ကစားကွက်တွေထက် ပိုမိုလွန်ကဲတဲ့ လူတွေရဲ့ စိတ်ဓာတ်နဲ့ စရိုက်လက္ခဏာတွေ ပျက်ပြားစေမယ့် နည်းပေးလမ်းပြဖန်တီးထားမှုတွေကိုတော့ သတိထားဖို့ လိုပါတယ်။**

**ဂိမ်းတွေ စတင်ပေါ်ပေါက်စဉ်က ဘောလုံးပွဲဂိမ်း၊ ငါးဖမ်းဂိမ်း၊ ကားပြိုင်ပွဲဂိမ်း၊ စစ်ပွဲဂိမ်း၊ အားကစားဂိမ်း စတဲ့ဂိမ်းတွေဟာ အပျော်သက်သက်ဖြစ်ပေမယ့် ၂၀၀၀ ပြည့်လွန်ကာလတွေကစလို့ ပေါ်ပေါက်လာတဲ့ ဂိမ်းတွေထဲမှာ လောင်းကစားဂိမ်းတွေ၊ ဒုစရိုက်မှုကို အားပေးတဲ့ဂိမ်းတွေအပြင် အကြမ်းဖက်ရက်စက်မှုတွေ ဖန်တီးထားတဲ့ အကြမ်းဖက်ဂိမ်းတွေ ပေါ်ပေါက်လာပါတယ်။ မျက်မှောက်ကာလတွေမှာ တစ်ဦးနဲ့တစ်ဦး၊ တစ်ဖွဲ့နဲ့တစ်ဖွဲ့ အကြမ်းဖက်ရက်စက်မှုတွေ ပိုများလာတဲ့ သဘောဖြစ်လာတာတွေကို တွေးတောဆင်ခြင်ကြည့်ရင် သတိပြုစရာတွေဖြစ်ပါတယ်။ ပိုလို့ဆိုးတဲ့ အခြေအနေတွေဖြစ်လာတာက တိုင်းပြည်တွေရဲ့ နိုင်ငံရေးလောကမှာ ဂိမ်းတွေကိုအသုံးချလာလို့ အစိုးရတွေက ပိတ်ပင်တားမြစ်အရေးယူကြပါတယ်။**

**မြန်မာနိုင်ငံမှာ နိုင်ငံရေးကို အကြောင်းပြုပြီး မြေပြင်ပေါ်မှာရော အွန်လိုင်းနည်းပညာတွေ ပေါ်မှာပါ အဖျက်အမှောင့်တွေ အမျိုးမျိုးအဖုံဖုံ ဖန်တီးလာကြပါတယ်။ ယခု အသုံးချလာတဲ့ PDF Game တွေဟာ အကြမ်းဖက်အဖွဲ့တွေအတွက် ရန်ပုံငွေရှာဖွေပြီး လူငယ်တွေကို ဒုက္ခရောက်အောင် အသုံးချဖန်တီးထားတဲ့ အန္တရာယ်ရှိတဲ့ဂိမ်းတွေဖြစ်ပါတယ်။ အကြမ်းဖက်ဂိမ်းတွေနဲ့ စိတ်ကူးယဉ်မယ်ဆိုရင် ဂိမ်းကိုနိုင်အောင် မကစားနိုင်ဘဲ PDF Game ကစားတဲ့သူတွေ ဂိမ်းသွားနိုင်တာကို သတိပြုဖို့ လိုပါတယ်။ ဒါ့ကြောင့် လူငယ်တွေနဲ့ မိဘအုပ်ထိန်းသူတွေအနေနဲ့ အကြမ်းဖက်သမားတွေရဲ့ PDF Game တွေကို သိရှိထားကြဖို့နဲ့ သတိပြုရှောင်ရှားကြဖို့ စေတနာကောင်းနဲ့ အသိပေးနှိုးဆော်လိုက်ရပါတယ်။ ။**

# နယ်စပ်ကုန်သွယ်ရေးတွင် သွင်းကုန်လုပ်ငန်းများအား ဘဏ်စနစ်အသုံးပြုပြီး ငွေပေးချေဆောင်ရွက်ရန်ကိစ္စ ထုတ်ပြန်ခြင်း

၁။ ဘဏ္ဍာရေးဆိုင်ရာ စောင့်ကြည့်အဖွဲ့ (Financial Action Task Force –FATF) ၏ အစီရင်ခံစာအပေါ် လိုက်နာအကောင်အထည်ဖော်မှု ပိုမိုအားကောင်းစေရေးအတွက်လည်းကောင်း၊ နယ်စပ်ကုန်သွယ်ရေး၌ ပို့ကုန်သွင်းကုန်လုပ်ငန်းများဆောင်ရွက်ရာတွင် ဘဏ်စနစ်ကိုအသုံးပြုပြီး ငွေပေးချေမှု စနစ်တကျရှိစေရေးအတွက်လည်းကောင်း နယ်စပ်ကုန်သွယ်ရေးမှ သွင်းကုန်ပစ္စည်းများ တင်သွင်းမှုကို ဘဏ်စနစ်ဖြင့်သာ ဆောင်ရွက်ခွင့်ပြုသွားမည်ဖြစ်ပါသည်။

၂။ ဤသို့ဆောင်ရွက်ရာတွင် သွင်းကုန်ပစ္စည်းများတင်သွင်းမှုအတွက် တစ်ဖက်နိုင်ငံသို့ ပို့ကုန်တင်ပို့ခြင်းမှ ရရှိသည့်ဝင်ငွေနှင့် တစ်ဖက်နိုင်ငံရှိ မြန်မာနိုင်ငံသားများ၏ လစာနှင့်လုပ်ခလွှဲပို့ငွေအပါအဝင် အခြားဝင်ငွေများကို အသုံးပြုတင်သွင်းခွင့်ပြုမည်ဖြစ်ပါသည်။ သွင်းကုန်တင်သွင်းသူများအနေဖြင့် အဆိုပါရင်ငွေများကို အသုံးပြုကာ သက်ဆိုင်ရာဘဏ်များမှတစ်ဆင့် သွင်းကုန်အတွက် ငွေပေးချေမှုများကို ပေးချေဆောင်ရွက်ရမည်ဖြစ်ပါသည်။ နယ်စပ်ကုန်သွယ်မှုကိစ္စရပ်များကို ဘဏ်စနစ်ဖြင့် ဆောင်ရွက်ရာတွင် ကနဦးအဆင့်အနေဖြင့် မြန်မာ–ထိုင်းနယ်စပ်ကုန်သွယ်ရေးတွင် စတင်ကျင့်သုံး ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၃။ မြန်မာ–ထိုင်းနယ်စပ်ကုန်သွယ်မှုများဆောင်ရွက်ရာတွင် ကုန်စည်တင်သွင်းမှုများအတွက် အောက်ပါအတိုင်း စီစစ်ခွင့်ပြုပါမည်။

(က) သွင်းကုန်လိုင်စင်လျှောက်ထားရာတွင် ကုမ္ပဏီများအနေဖြင့် မိမိ၏ ဘဏ်ငွေစာရင်းသို့ ပို့ကုန်တင်ပို့ခြင်းမှ ရရှိသည့် ဝင်ငွေ (သို့မဟုတ်) အခြားဝင်ငွေ ဝင်ရောက်ကြောင်း သက်ဆိုင်ရာဘဏ်မှ ထုတ်ပေးသည့် အထောက်အထား (Credit Advice)နှင့် ဘဏ်ငွေစာရင်းရှင်းတမ်း (Bank Statement) မူရင်းတို့ကို ပူးတွဲကာ ကုန်သွယ်ရေးဦးစီးဌာနသို့ တင်ပြလျှောက်ထားရမည်။

(ခ) ကုန်သွယ်ရေးဦးစီးဌာနသည် သွင်းကုန်တင်သွင်းလိုသည့် ကုမ္ပဏီက တင်ပြလာသောပို့ကုန်မှ ရရှိသည့်ဝင်ငွေ (သို့မဟုတ်) အခြားဝင်ငွေ ဝင်ရောက်မှုပမာဏကို စိစစ်၍ ဘဏ်ငွေစာရင်းလက်ကျန်ပမာဏထက် မကျော်လွန်ဘဲ သွင်းကုန်လိုင်စင်ကို ခွင့်ပြုထုတ်ပေးသွားမည်ဖြစ်ပါသည်။

(ဂ) သွင်းကုန်လိုင်စင် လျှောက်ထားရန်မလိုသော ကုန်စည်တင်သွင်းမှုများအတွက် သွင်းကုန်ကြေညာလွှာ(Import Declaration–ID)ဖွင့်လှစ်ရာ၌ ပို့ကုန်မှရရှိသည့်ဝင်ငွေ (သို့မဟုတ်) အခြားဝင်ငွေ ဝင်ရောက်မှုကိုသက်ဆိုင်ရာဘဏ်မှ ထုတ်ပေးသည့် အထောက်အထား (Credit Advice) နှင့် ဘဏ်ငွေစာရင်းရှင်းတမ်း (Bank Statement) မူရင်းတို့ကို ပူးတွဲကာ အကောက်ခွန်ဦးစီးဌာနသို့ တင်ပြလျှောက်ထားရမည်။

၄။ သွင်းကုန်တင်သွင်းမှုများအတွက် ပို့ကုန်မှရရှိသည့် ဝင်ငွေ (သို့မဟုတ်) အခြားဝင်ငွေ ဝင်ရောက်မှုများကို အခြေခံ၍ တင်သွင်းခွင့်ပြုမည့် အစီအစဉ်ကို ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်နေ့တွင် စတင်ဆောင်ရွက်မည်ဖြစ်ပါသည်။ ဤသို့ဆောင်ရွက်ရာတွင် ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်နေ့အထိ ကာလအတွင်း လျှောက်ထားပြီးဖြစ်သည့် သွင်းကုန်လိုင်စင်လျှောက်ထားမှုများ အကျုံးဝင်ခြင်းမရှိပါ။ အဆိုပါနေ့ရက်မတိုင်မီ ထုတ်ပေးပြီးဖြစ်သည့် သွင်းကုန်လိုင်စင်များဖြင့် ကုန်ပစ္စည်းတင်သွင်းမှုကို ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်မတိုင်မီ ပြီးပြတ်အောင် တင်သွင်းကြရန်နှင့် အဆိုပါသတ်မှတ်ကာလ အတွင်း တင်သွင်းနိုင်ခြင်းမရှိပါက သွင်းကုန်လိုင်စင်ပျက်ပြယ်မည် ဖြစ်ပါသည်။

၅။ ထိုသို့ တင်သွင်းခွင့်ပြုရာတွင် ပို့ကုန်မှ ရရှိသည့် ဝင်ငွေနှင့် အခြားဝင်ငွေ ဝင်ရောက်မှုများနှင့် ပတ်သက်၍ ၂၀၂၂ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့နောက်ပိုင်း ဝင်ရောက်သည့် ဝင်ငွေကိုသာ အသုံးပြုဆောင်ရွက်ခွင့်ပြုမည်ဖြစ်ပါသည်။

၆။ မြန်မာ–ထိုင်းနယ်စပ်ကုန်သွယ်ရေးတွင် ပို့ကုန်တင်ပို့သည့်ကုမ္ပဏီသည် ရရှိသည့်ပို့ကုန် ဝင်ငွေကို မိမိကိုယ်တိုင် သွင်းကုန်တင်သွင်းခြင်းကိုဖြစ်စေ၊ အခြားကုမ္ပဏီတစ်ခုခုသို့ လွှဲပြောင်းပေး၍ သွင်းကုန်တင်သွင်းခြင်းကိုဖြစ်စေ ဆောင်ရွက်နိုင်သည်။ အဆိုပါပို့ကုန်မှ ရရှိသည့် ဝင်ငွေကို အသုံးပြု၍ သွင်းကုန်ပစ္စည်းတင်သွင်းရာတွင် မြန်မာ–ထိုင်းနယ်စပ်ကုန်သွယ်ရေးစခန်းတစ်ခုခုမှ အခြားတစ်ခုခုသို့ လွှဲပြောင်းသုံးစွဲနိုင်သည်။

**ကုန်သွယ်ရေးဦးစီးဌာန**
**စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

# မိတ္ထီလာခရိုင်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများအတွက် စက်ဘီးအစီးရေ ၃၀၀ ပေးအပ်လှူဒါန်း

**မန္တလေး နိုဝင်ဘာ ၂**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကို နှင့် တာဝန်ရှိသူများသည် ယမန်နေ့က မိတ္ထီလာခရိုင်အတွင်းရှိ အခြေခံပညာ ဆရာ ဆရာမ ၅၆၉၁ ဦးအတွက် ကျောင်းစိမ်းဝတ်စုံများ ချီးမြှင့်ပွဲ၊ တောင်သူဦးကြီးများနှင့်တွေ့ဆုံပွဲ၊ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများအတွက် စက်ဘီးအစီး ၃၀၀ ပေးအပ်လှူဒါန်းပွဲနှင့် မိတ္ထီလာမြို့နယ်ရှိ လူမှုကူညီရေးအသင်းအဖွဲ့များနှင့် တွေ့ဆုံပွဲ အခမ်းအနားများသို့ တက်ရောက်၍ ထောက်ပံ့ငွေနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ပေးအပ်**

မိတ္ထီလာခရိုင်အတွင်းရှိ အခြေခံပညာ ဆရာ ဆရာမ ၅၆၉၁ ဦးအတွက် ကျောင်းစိမ်း ဝတ်စုံများ ချီးမြှင့်ပေးအပ်ခြင်း အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က မိတ္ထီလာ မြို့နယ်ရှိ ဆရာဆရာမ ၂၅၉၄ ဦး၊ မလှိုင်မြို့နယ်ရှိ ဆရာ ဆရာမ ၁၄၉၉ ဦး၊ ဝမ်းတွင်းမြို့နယ်ရှိ ဆရာ ဆရာမ ၁၅၉၈ ဦးတို့အတွက် ကျောင်းစိမ်းဝတ်စုံများကိုလည်းကောင်း၊ တက်ရောက်လာသည့် ဆရာ ဆရာမများအတွက် ချီးမြှင့်ငွေကျပ် ၂၅ သိန်းကိုလည်းကောင်း၊ မိတ္ထီလာခရိုင်အတွင်းမှ တောင်သူဦးကြီးများနှင့် တွေ့ဆုံပွဲနှင့် အခြေခံပညာ ကျောင်းသား ကျောင်းသူ ၃၀၀ အတွက် စက်ဘီးများပေးအပ်လှူဒါန်းပွဲ အခမ်းအနားတွင် တောင်သူဦးကြီးများအတွက် ချီးမြှင့်ငွေကျပ် ၁၀ သိန်းနှင့် ကျေးရွာအုပ်စု ၃၈ အုပ်စုအတွက် ကျေးရွာဖွံ့ဖြိုးရေးရန်ပုံငွေကျပ် ၃၈ သိန်းကိုလည်းကောင်း၊ မိတ္ထီလာမြို့နယ်ရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူ ၁၀၀၊ မလှိုင်မြို့နယ်ရှိအခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူ ၁၀၀ နှင့် ဝမ်းတွင်းမြို့နယ်ရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူ ၁၀၀ တို့အတွက် စက်ဘီးအစီးရေ ၃၀၀ ကိုလည်းကောင်း၊ မိတ္ထီလာမြို့နယ်ရှိ လူမှုကူညီရေးအသင်းအဖွဲ့ ၂၀ နှင့် တွေ့ဆုံပွဲတွင် လူမှုရေးအသင်းအဖွဲ့ ၂၀ အတွက် ထောက်ပံ့ချီးမြှင့်ငွေကျပ်သိန်း ၆၀ ကိုလည်းကောင်း ပေးအပ်သည်။

အဆိုပါအခမ်းအနားများတွင် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်က လူဦးရေ ၇၀ ရာခိုင်နှုန်းမှာ စိုက်ပျိုးရေး လုပ်ကိုင်နေသူများဖြစ်သည့်အတွက် စိုက်ပျိုးရေးကဏ္ဍမြှင့်တင်ခြင်းကို နိုင်ငံတော်မှ ဦးတည်ချက် (၉)ရပ်ထဲတွင် ထည့်သွင်းဖော်ဆောင်နေကြောင်း၊ သမားရိုးကျ စိုက်ပျိုးနည်းမှ ခေတ်စနစ်နှင့်အညီ ပညာရှင်များနှင့်ပေါင်းစပ်ကာ ပြောင်းလဲလုပ်ကိုင်ကြရမည်ဖြစ်ကြောင်း၊ မွေးမြူရေးတွင် မရိုးဖလာ လွှတ်ကျောင်းစနစ်မှ ခြံလှောင်မွေးစနစ်ပြောင်းလဲလုပ်ကိုင်ရန်လိုကြောင်း၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ကလည်း လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနေကြောင်း၊ ပညာဖြင့် အသက်မွေးဝမ်းကျောင်းပြုခြင်းမှာ တစ်သက်စာအတွက် အကျိုးများစွာရရှိမည်ဖြစ်ကြောင်း။

နိုင်ငံတော်အေးချမ်းသာယာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘက်ပေါင်းစုံက ပါဝင်ပူးပေါင်း ဆောင်ရွက်ရန်လိုကြောင်း၊ ပါတီနိုင်ငံရေးကင်းရှင်းပြီး အရောင်အသွေးမပါသော စစ်မှန်သည့် ပရဟိတစိတ်ထားကာ အဖွဲ့အစည်းအကျိုးထက် လူမှုအကျိုးပြုလုပ်ငန်းများကို ကောင်းသည်ထက်ကောင်းအောင် တက်ညီလက်ညီ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဌပဒေဘောင်အတွင်း စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဒေသအကျိုး၊ ပြည်သူလူထုအကျိုးကို လက်တွဲညီညီ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ထို့ပြင် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် မိတ္ထီလာမြောက်ကန်သို့ သွားရောက်၍ ဝန်ဇင်းကန်ပေါင်တစ်လျှောက် လမ်းဘေးမြက်ခင်းများ ပြုပြင်ဆောင်ရွက်ရန်၊ ကန်ဘေးရှိ သစ်ပင်ကြီးများ အလင်းဖွင့်ရန်၊ အများပြည်သူ ကိုယ်ကာယ လေ့ကျင့်ခန်း ကစားနိုင်ရန် အားကစားစက်ကိရိယာများ တပ်ဆင်ရန်၊ ထိုင်ခုံများထားရှိရန်နှင့် မြို့နေလူထု စိတ်ချမ်းမြေ့စေရေး ကန်အတွင်းအပြင် သန့်ရှင်းသပ်ရပ်ရေးကို အလေးထားဆောင်ရွက်ရန် ဌာနဆိုင်ရာ တာဝန်ရှိသူများကို မှာကြားကာ လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# စီမံခန့်ခွဲမှု စွမ်းရည်မြင့်မားရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**ချမ်းအေးသာစံ နိုဝင်ဘာ ၂**

ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာန မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေခရိုင် ချမ်းအေးသာစံမြို့နယ်တွင် စီမံခန့်ခွဲမှု စွမ်းရည်မြင့်မားရေး အလုပ်ရုံဆွေးနွေးပွဲကို နိုဝင်ဘာ ၁ ရက် နံနက် ၉ နာရီခွဲက အမှတ် (၁၄) အခြေခံပညာ အထက်တန်းကျောင်း ပန်းမျိုးတစ်ရာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ချမ်းအေးသာစံမြို့နယ် ပညာရေးမှူး ဒေါ်သန်းသန်းဦးက စီမံခန့်မှုဆိုင်ရာ စွမ်းဆောင်ရည် မြင့်မားလာစေရန်၊ သင်ကြားသင်ယူမှုများ မှန်ကန်ထိရောက်မှုရှိစေရန် ရည်ရွယ်၍ ယခုကဲ့သို့ အလုပ်ရုံဆွေးနွေးပွဲများ ပြုလုပ်ရခြင်းဖြစ်ကြောင်း အဖွင့်အမှာ စကားပြောကြားပြီး အလုပ်ရုံဆွေးနွေးပွဲကို ဆက်လက်ပို့ချပေးသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို မြို့နယ်ပညာရေးမှူး သုံးဦးက ပို့ချပေးပြီး ချမ်းအေးသာစံမြို့နယ်အတွင်းရှိမူလတန်း၊ အလယ်တန်း၊ အထက်တန်း ကျောင်းအုပ်ဆရာ ဆရာမကြီး ၅၀ တက်ရောက်ကြကြောင်း၊ စီမံခန့်ခွဲမှုဆိုင်ရာ အကြောင်းအရာများ၊ ခေါင်းဆောင်မှုဆိုင်ရာ အကြောင်းအရာများ၊ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများ၊ သင်ကြားသင်ယူမှုများ စသည့် အကြောင်းအရာများကို နိုဝင်ဘာ ၁ ရက်မှ ၂ ရက်အထိ နှစ်ရက်တာ သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။ **မောင်အေးချမ်း**

# ပုသိမ်မြို့ ယာယီအပြည်ပြည်ဆိုင်ရာကုန်တင်ကုန်ချဆိပ်ကမ်း၌ ဘဂ်လားဒေ့ရှ်နိုင်ငံသို့ ဆန်တင်ပို့ရန်ဆောင်ရွက်နေမှုများ ကြည့်ရှုစစ်ဆေး

ပုသိမ် နိုဝင်ဘာ ၂

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းသည် ယနေ့ မွန်းလွဲပိုင်းက ပုသိမ်မြို့ ယာယီအပြည်ပြည်ဆိုင်ရာ ကုန်တင်ကုန်ချဆိပ်ကမ်း၌ MV MCL-7 သင်္ဘောဖြင့် ဘဂ်လားဒေ့ရှ်နိုင်ငံသို့ ဆန်တင်ပို့ရန်ဆောင်ရွက်နေမှုများအား ကြည့်ရှုစစ်ဆေးခဲ့သည်။

**အလေးထားဆောင်ရွက်**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် သင်္ဘောဝန်ထမ်းများနှင့် တွေ့ဆုံ၍ ရေကြောင်းအန္တရာယ်ကင်းရှင်းစွာဖြင့် မောင်းနှင်ရန်နှင့် နှစ်နိုင်ငံအစိုးရ သဘောတူညီချက်အရတင်ပို့သည့် ဆန်များအား အရည်အသွေးကောင်းမွန်စေရေးနှင့် အရေအတွက်ပြည့်မီစေရေး အလေးထား ဆောင်ရွက်ရန် မှာကြားခဲ့ပြီး အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့သည်။ အဆိုပါ MV MCL-7 သင်္ဘောသည် ပုသိမ်မြို့ ယာယီအပြည်ပြည်ဆိုင်ရာ ကုန်တင်ကုန်ချဆိပ်ကမ်း၌ ဘဂ်လားဒေ့ရှ်နိုင်ငံသို့ ယခုလ ၄ ရက်တွင် ဆန်တန်ချိန် ၂၆၅၀ အိတ်ပေါင်း ၅၃၀၀၀ အားတင်ဆောင်၍ စတင်ထွက်ခွာမည်ဖြစ်သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် သာပေါင်းမြို့ အဆင့်မြင့်စက္ကူစက်ရုံ (သာပေါင်း)နှင့် သတင်းစာစက္ကူစက်ရုံ(သာပေါင်း)သို့ သွားရောက်စစ်ဆေးပြီး (ဝဲပုံ) သာပေါင်းအဆင့်မြင့်စက္ကူစက်ရုံနှင့် သတင်းစာစက္ကူစက်ရုံသည် နိုင်ငံတော်အတွက် အရေးပါသည့်လုပ်ငန်းတစ်ခုဖြစ်ကြောင်း၊ စက်ရုံပြန်လည်လည်ပတ်နိုင်ရန်အတွက် လိုအပ်သည်များကို ကြိုတင်ပြင်ဆင်ထားရမည်ဖြစ်ကြောင်းနှင့် စက်ရုံလည်ပတ်ပါက ကုန်ကြမ်းရရှိရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန်နှင့် ယခင်စက်ရုံလည်ပတ်စဉ်က လိုအပ်ချက်များဖြစ်သည့် ပျော့ဖတ်ထုတ်လုပ်မည့် ဝါးလိုအပ်ချက်အတွက် တောင်သူများ၊ လုပ်ငန်းရှင်များနှင့် ကုမ္ပဏီများအား ဖိတ်ခေါ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ကုန်ကြမ်းအခက်အခဲမရှိ ရရှိစေရေးအတွက် စီမံချက်များချမှတ်၍ ဆောင်ရွက်ရန်လိုကြောင်း၊ ပွင့်လင်းကာလကို ရောက်ရှိလာပြီဖြစ်၍ မီးဘေးလုံခြုံရေးနှင့် သန့်ရှင်းရေးကို အလေးထားဆောင်ရွက်ရန်လိုကြောင်း မှာကြားခဲ့သည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

---

# မဲဆန္ဒရှင်စာရင်းပြည့်စုံမှန်ကန်ရေးနှင့် မဲရုံများလျှာထားသတ်မှတ်ခြင်း ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် နိုဝင်ဘာ ၂

မင်းဘူးခရိုင်အတွင်းရှိ ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူများကို ဥပဒေနှင့်အညီ အောက်တိုဘာလကုန်အထိ လစဉ်စိစစ်ပြုစုထားသည့် လူဦးရေစာရင်းများကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် မင်းဘူးခရိုင်အတွင်းရှိ မင်းဘူး၊ ပွင့်ဖြူ၊ စလင်း၊ ငဖဲ၊ စေတုတ္တရာမြို့နယ်တို့ရှိ သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများက ပူးပေါင်းစိစစ်ဆောင်ရွက်ထားရှိမှုနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် မင်းဘူးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် မင်းဘူးခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအရာရှိက မင်းဘူး၊ ပွင့်ဖြူ၊ စလင်း၊ ငဖဲ၊ စေတုတ္တရာမြို့နယ်များ၏ အခြေခံမဲဆန္ဒရှင်စာရင်းများ လစဉ်စိစစ်ဆောင်ရွက်မှုနှင့် စပ်လျဉ်းပြီး အောက်တိုဘာလအထိ တင်ပြရာ -

(၁) လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ စိစစ်ချက်အရ
- (က) သေဆုံး၊ ပြောင်းထွက်၊ (၂) ကြိမ်ထပ်၊ (၃) ကြိမ်ထပ်တို့မှ လျော့သည့်လူဦးရေ ၁၃၅၈၁ ဦး
- (ခ) လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန လက်ကျန်စာရင်းမှ ပြန်လည်ထည့်သွင်းသည့် ထပ်တိုးလူဦးရေ ၁၁၆၈၄ ဦး
- (ဂ) အောက်တိုဘာလအတွင်း မြေပြင်လူဦးရေ ၇၆၁၁၃၄ ဦး

(၂) အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ စိစစ်ချက်အရ
- (က) မြေပြင်ထပ်တိုး
  - ပုံစံ (၆၆/၆) ရှိသူ ( ၁၂၀၇ ) ဦး
  - ပုံစံ (၆၆/၆) အခြားနှင့် (၆၆/၆) မရှိသူ ( ၂၁၀၆ ) ဦး
  - **စုစုပေါင်းမြေပြင်ထပ်တိုး** ( ၃၃၁၃ ) ဦး
- (ခ) မြေပြင်တွင် လျော့သည့်ဦးရေ
  - ပုံစံ (၆၆/၆) ရှိသူ ( ၆၃၉၇ ) ဦး
  - ပုံစံ (၆၆/၆) အခြားနှင့် (၆၆/၆) မရှိသူ ( ၆၄၅ ) ဦး
  - **စုစုပေါင်းမြေပြင်လျော့သည့်ဦးရေ** ( ၇၀၄၂ ) ဦး

မဲရုံတည်နေရာနှင့် မဲရုံအရေအတွက်လျှာထားမှု ၇၃၇ ရုံ လျှာထားသတ်မှတ်ထားကြောင်းနှင့် မဲရုံသုံးပစ္စည်းလိုအပ်ချက်တို့ကို တင်ပြဆွေးနွေးသည်။

ထို့နောက် တက်ရောက်လာကြသော ဝန်ကြီးဌာနများမှ တာဝန်ရှိသူများက အကြံပြုဆွေးနွေးခဲ့ကြရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်လွင်ဦးနှင့် ဦးမင်းမင်းဦးတို့က လုပ်ငန်းလိုအပ်ချက်များကို ဖြည့်စွက်မှာကြား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

# "လယ်ယာကဏ္ဍအတွက် ရေအရင်းအမြစ် စီမံခန့်ခွဲရေး"ခေါင်းစဉ်ဖြင့် (၁၅)ကြိမ်မြောက် ဗုဒ္ဓဟူးနေ့ စကားဝိုင်းဆွေးနွေးပွဲကျင်းပ

နေပြည်တော် နိုဝင်ဘာ ၂

(၁၅)ကြိမ်မြောက် ကျင်းပသည့် ဗုဒ္ဓဟူးနေ့ စကားဝိုင်းကို ယနေ့နံနက်ပိုင်းက **"လယ်ယာကဏ္ဍအတွက် ရေအရင်းအမြစ် စီမံခန့်ခွဲရေး"** ခေါင်းစဉ်ဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စုဝေးဆောင်ခန်းမ၌ ကျင်းပရာ ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးတက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

**ဆွေးနွေး**

စကားဝိုင်းဆွေးနွေးပွဲတွင် အစီအစဉ်မှူးအဖြစ် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကောင်းမြတ်သိန်းက တာဝန်ယူဆောင်ရွက်ခဲ့ပြီး ညွှန်ကြားရေးမှူး ဒေါက်တာမောင်မောင်နိုင်၊ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်သီဟ၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်မြင့်အောင်နှင့် ဦးအောင်ခိုင်မိုး၊ စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာမျိုးကျော်သူတို့က လယ်ယာကဏ္ဍတွင် စိုက်ပျိုးရေ၏ အရေးပါမှု၊ ရာသီအလိုက် သီးနှံစိုက်ပျိုးရေးအတွက် စိုက်ပျိုးရေပေးဝေရန် လိုအပ်ချက်များ၊ ရေအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ ဆောင်ရွက်ခဲ့မှုနှင့် လယ်ယာကဏ္ဍအပေါ် အကျိုးသက်ရောက်မှု၊ မြန်မာ့လယ်ယာကဏ္ဍတွင် ရေသွင်းစိုက်ပျိုးရေးပါဝင်မှုအချိုးနှင့် လက်ရှိရေသွင်းစိုက်ပျိုးရေးလုပ်ငန်းများ၏ အခြေအနေ၊ စိုက်ပျိုးရေအသုံးချသူအဖွဲ့(WUG) နှင့် စိုက်ပျိုးရေအသုံးချသူများအသင်း (WUA) အဖွဲ့များဖွဲ့စည်း၍ ကောင်းမွန်သော ရေအသုံးချမှုအလေ့အထများ လိုအပ်မှု၊ မြန်မာနိုင်ငံရှိ ဆည်ရေသောက်ဧရိယာများတွင် ရေတစ်ယူနစ်၏ထုတ်လုပ်မှုစွမ်းအား (Water Productivity) မြှင့်တင်နိုင်ရန် နည်းလမ်းများ၊ မြန်မာနိုင်ငံ၏ ရေအရင်းအမြစ်ကြွယ်ဝမှုနှင့် လက်ရှိအသုံးပြုမှုအခြေအနေ၊ ဆောင်ရွက်ပြီး ရေအရင်းအမြစ်ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ အလယ်ပိုင်း မိုးနည်းဒေသတွင် ရရှိနိုင်သမျှသော ရေသယံဇာတကို ရပ်ရွာအခြေပြုစနစ်ဖြင့် စုစည်းသိုလှောင်နိုင်သည့် Rain Water Harvesting စနစ်နှင့် မြေအောက်ရေပြန်လည်ဖြည့်ဆည်းခြင်းလုပ်ငန်းများ၊ လက်ရှိကြုံတွေ့နေရသည့် ရေခွဲဝေအသုံးပြုခြင်းဆိုင်ရာ အတွေ့အကြုံများနှင့် လယ်ယာကဏ္ဍအပေါ် သက်ရောက်မှုများ၊ မူလရေအသုံးပြုသည့်ပုံစံနှင့် ရေအသုံးပြုနိုင်သည့် အခွင့်အလမ်းများကို လေးစားလိုက်နာရန်လိုအပ်မှု၊ Water Right ကို တိကျစွာပြဋ္ဌာန်းနိုင်ရန် လိုအပ်မှုနှင့် ကြိုတင်ပြင်ဆင်ထားသင့်သည်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

■

# အမျိုးသားစာပေဆုဆိုတာက နိုင်ငံမှာအမြင့်ဆုံးစာပေဆုဖြစ်ပါတယ်။ ဒီလိုထိုက်ထိုက်တန်တန် ဆုချီးမြှင့်တဲ့အတွက် စာရေးဆရာကို အထောက်အကူဖြစ်စေပါတယ်

**ပန်းတနော်ခင်မောင်မြင့်**

**ပြန်ကြားရေးဝန်ကြီးဌာန အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးကော်မတီသည် ၂၀၂၁ ခုနှစ်အတွင်း ပထမအကြိမ်ထုတ်ဝေခဲ့သည့်စာအုပ်များကို စိစစ်ရွေးချယ်ခဲ့ပြီး အမျိုးသားစာပေဆုချီးမြှင့်ရန် ရွေးချယ်ခံရသောစာအုပ်များနှင့် စာရေးဆရာများ၏ အမည်စာရင်းကို ထုတ်ပြန်ကြေညာခဲ့ရာ ဆုရရှိသူများအား သွားရောက်တွေ့ဆုံမေးမြန်းမှုများကို ဖော်ပြလိုက်ပါသည်။**

**စာရေးသူအမည် - ပန်းတနော်ခင်မောင်မြင့်**
**စာအုပ်အမည် - ရာမည**
**ဘာသာရပ် - သုတပဒေသာ(ဝိဇ္ဇာ)**

"ဒီရာမညစာအုပ်နဲ့ပတ်သက်ပြီး စတင်ပြင်ဆင်တာကတော့ နှစ်နှစ်လောက်ကြာခဲ့ပါတယ်။ မွန်ရာဇဝင်သမိုင်းကိုရေးတာဖြစ်ပါတယ်။ မွန်လူမျိုးတွေရဲ့ ရာဇဝင်သမိုင်းကိုရေးတဲ့စာအုပ်ဖြစ်လို့ အထောက်အထားခိုင်ခိုင်မာမာဖြစ်အောင် ကိုးကားစရာ စာအုပ်လိုက်ရှာရပါတယ်။ ဒီလိုရှာတဲ့အခါ အထောက်အထား ကိုးကားတဲ့စာအုပ်တွေဟာဆိုရင် မွန်တို့သမိုင်းကြောင်းစာအုပ်တွေ တော်တော်ရှားသွားပါပြီ။ လုံးဝကို မရှိတော့သလောက် ဖြစ်သွားတယ်။ ရှေးအကျဆုံး မွန်သမိုင်းကိုရေးတဲ့စာအုပ်အဖြစ် စစ်ကဲဦးရွှေနော်ရဲ့ မွန်ရာဇဝင်နဲ့စေတီတော်သမိုင်း(၁၈၉၉ ခုနှစ်) ကိုတွေ့ရတယ်။ ကျန်တဲ့စာအုပ်တွေကတော့ မတွေ့ရဘူး။ ဒုတိယတွေ့ရတဲ့စာအုပ်ကတော့ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီလက်ထက်ကထုတ်တဲ့ တိုင်းရင်းသားယဉ်ကျေးမှုရိုးရာဇေလေ့ထုံးစံများ (မွန်) ၁၉۷၀ ကိုတွေ့ရတယ်။ မွန်သမိုင်းကို များသောအားဖြင့် ဘုရားစေတီသမိုင်းတွေနဲ့ ရောထွေးပြီး ရေးကြတာတွေ့ရတယ်။ ဒါကြောင့် အဲဒီစာအုပ်နှစ်အုပ်အပြင် စာအုပ်တွေထပ်ရှာဖွေတဲ့အခါကျတော့ သုသောဓိတမဟာရာဇဝင် စာအုပ်ကို ပထမတွဲကနေပြီး စတုတ္ထတွဲ၊ ဦးကုလားမဟာရာဇဝင်ကြီးကို ပထမတွဲ၊ ဒုတိယတွဲ။ အဲဒီစာအုပ်ကြီး ခုနစ်အုပ်ကို အသေးစိတ်ဖတ်ရှုပါတယ်။ ဖတ်ကြည့်တော့ မွန်ရာဇဝင်သမိုင်းဟာ တစ်ခုနဲ့တစ်ခု ခုနှစ်သက္ကရာဇ်တွေ မတူတာတွေ့ရတယ်။ အကြောင်းအရာတွေလည်း မတူဘူး။ မင်းရာဇဝင်တွေရယ်၊ မွန်တွေရဲ့ သမိုင်းတွေလည်းမတူဘူး။ အဲဒီမတူတာတွေကို ပြန်လည်သန့်စင် စုဆောင်းပြီး ပြန်လည်သုတေသနပြုရေးခဲ့ရပါတယ်။ နောက်တစ်ခုက ဒီမွန်ရာဇဝင်သမိုင်းကို အနည်းငယ်ရေးတာက ဆရာကြီး နိုင်ပန်းလှရဲ့ ရာဇာဝိရာဇ်အရေးတော်ပုံကျမ်းနဲ့ အမတ်ကြီး ဗညားဒလရဲ့ ရာဇာဝိရာဇ်အရေးတော်ပုံကျမ်းဆိုပြီး နှစ်ခုရှိပါတယ်။ အဲဒီနှစ်ခုစလုံးကလည်း အယူအဆချင်းမတူကြပါဘူး။ ဒါကြောင့် အဲဒီစာအုပ်တွေကို ကိုးကားပြီး အဖြစ်နိုင်ဆုံး ခုနှစ်နဲ့ ရာဇဝင်တွေကိုညှိနှိုင်းပြီး ရေးသားရလို့ နှစ်နှစ်ကျော်လောက် ရေးသားခဲ့ပြီးမှ ဒီမွန်တို့ရဲ့ရာဇဝင်သမိုင်း ရာမညဆိုတဲ့စာအုပ်ကို ရေးသားနိုင်ခဲ့တာ ဖြစ်ပါတယ်။

ရာမညဆိုတဲ့စကားလုံးက မွန်လို့ပြောတာပါ။ မွန်ဒေသ တိုင်းရင်းသားတို့က ရာမညဆိုတဲ့ စကားလုံးကို အလွန်သဘောကျပါတယ်။ ဒါကြောင့် မွန်တိုင်းရင်းသားတွေရဲ့ ဓလေ့ထုံးစံ၊ ယဉ်ကျေးမှု၊ ဘာသာရေးကိုးကွယ်မှုကို အထူးပြုသောအားဖြင့် ဒီရာမညဆိုတဲ့စာအုပ်ကို ရေးသားခဲ့ရခြင်းဖြစ်ပါတယ်။

ကျွန်တော် တပ်မတော်မှာ တာဝန်ထမ်းဆောင်နေတဲ့ ကာလ ဗိုလ်တထောင်သတင်းစာမှာ ဆောင်းပါးတွေရေးပါတယ်။ မြဝတီ တို့၊ ငွေတာရီတို့မှာလည်း ဝတ္ထု၊ ဝတ္ထုရှည်တွေ ရေးပါတယ်။ နောက်ပိုင်း တပ်မတော်ကနေ ၂၀၁၀ ပြည့်နှစ်မှာ အငြိမ်းစားယူပြီးတော့ ပန်းတနော်ခင်မောင်မြင့်နာမည်နဲ့ ဇွန်ပန်းမွေးမွေးစာပေတိုက်ကို တည်ထောင်ပြီး လုံးချင်းဝတ္ထုစာပေတွေကို ရေးသားခဲ့ပါတယ်။

ပန်းတနော်ခင်မောင်မြင့်

ရွှေကူနန်းနွဲ့နွဲ့

အမျိုးသားစာပေဆုဆိုတာက နိုင်ငံမှာ အမြင့်ဆုံးစာပေဆုဖြစ်ပါတယ်။ ဒီလိုထိုက်ထိုက်တန်တန် ဆုချီးမြှင့်တဲ့အတွက် စာရေးဆရာကို အထောက်အကူဖြစ်စေပါတယ်။ အခုလိုချီးမြှင့်ပေးတဲ့အတွက် နိုင်ငံတော်အစိုးရနဲ့ တာဝန်ရှိသူတွေကို ကျေးဇူးတင်ရှိပြီး ဝမ်းမြောက်ဝမ်းသာဖြစ်ရပါတယ်"။

ဆရာကြီး ပန်းတနော်ခင်မောင်မြင့်ကို အဖဦးစိန်ဟန်-အမိ ဒေါ်သိန်းကြည်တို့မှ ဧရာဝတီတိုင်းဒေသကြီ ပန်းတနော်မြို့၌ ၁၉၅၁ ခုနှစ်တွင်မွေးဖွားခဲ့ပြီး အမည်ရင်းမှာ ဦးခင်မောင်မြင့်ဖြစ်သည်။ ရန်ကုန်မြို့မြောက်ဥက္ကလာပသို့ ပြောင်းရွှေ့ခဲ့ပြီးနောက် အစိုးရအထက်တန်းကျောင်း မြောက်ဥက္ကလာပမှပင် တက္ကသိုလ်ဝင်တန်းအောင်မြင်ခဲ့သည်။ ၁၉۷၃ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်သို့တက်ရောက်ခဲ့ပြီး ဘူမိဗေဒ အဓိကဖြင့်သိပ္ပံဘွဲ့ရရှိခဲ့သည်။ မဟာသိပ္ပံ နောက်ဆုံးနှစ် အပိုင်း(က)ကို ဘူမိအင်ဂျင်နီယာဖြင့်တက်ရောက်သင်ကြားခဲ့ပြီး ဘွဲ့မရမီ ၁၉۷၄ ခုနှစ်တွင် တပ်မတော်သို့ဝင်ရောက်ခဲ့သည်။ ၁၉۷၅ ခုနှစ်မှစတင်၍ တပ်မတော်တွင် ဗိုလ်မှူးကြီးအဆင့်အထိ တာဝန်ထမ်းဆောင်ခဲ့ပြီး ၂၀၁၆ ခုနှစ်တွင် သတ္တုတွင်းဝန်ကြီးဌာနခွဲ အထွေထွေမန်နေဂျာ/ညွှန်ကြားရေးမှူးချုပ်တာဝန်ထမ်းဆောင်ခဲ့ကာ ၂၀၁၀ ပြည့်နှစ်တွင် အငြိမ်းစားယူ၍ စာပေရေးသားခြင်းလုပ်ငန်းသာ လုပ်ဆောင်ခဲ့သည်။ စာပေရေးသားသည့် ကာလအတွင်း သုတေသနပြုစာအုပ် ၁၆ အုပ် ရေးသားထုတ်ဝေခဲ့သည်။

**စာရေးသူအမည် - ရွှေကူနန်းနွဲ့နွဲ့**
**စာအုပ်အမည် - ညောင်ရမ်းခေတ်ဝန်ကြီးပဒေသရာဇာ၏ မဏိကက်ပြဇာတ်ကိုတေးဂီတရှုထောင့်မှလေ့လာခြင်း**
**ဘာသာရပ် - မြန်မာ့ယဉ်ကျေးမှုနှင့်အနုပညာဆိုင်ရာ**

"ကိုဗစ်ဖြစ်တော့ လူကြီးတွေ အထူးသတိထားရတာပေါ့နော်။ လေ့ဒေါင်းတွေဘာတွေ ရပ်ကွက်လိုက်ချလိုက်တော့ ဘယ်မှလည်း ထွက်လို့မရဘူးဆိုတော့ စာပဲရေးမယ်ဆိုပြီး ဘာရေးရမလဲစဉ်းစားတယ်။ ကျွန်မက ယဉ်ကျေးမှုလိုင်းဖြစ်ပါတယ်။ သူတစ်ပါးကို အကျိုးပြုနိုင်မယ့်၊ အထောက်အကူပြုနိုင်မယ့် စာအုပ်တွေ၊ မဟာဂီတနဲ့ မြန်မာ့ယဉ်ကျေးမှုနဲ့ပတ်သက်တာတွေပဲရေးတယ်။ ဟိုးတုန်းက ပန်းဆိုးတန်းအဟောင်းစျေး အဟောင်းစာအုပ်ဆိုင်လေးမှာ ဝယ်ခဲ့တဲ့ ညောင်ရမ်းခေတ် ဝန်ကြီးပဒေသရာဇာရဲ့ မဏိကက်ပြဇာတ်ဆိုတဲ့ စာအုပ်ကိုသတိရသွားတယ်။

ဝန်ကြီးပဒေသရာဇာဆိုတာ ထံတျာတေရှင်ကြိုးကို သူစတင်ရေးခဲ့တာဖြစ်ပါတယ်။ ကျွန်မကဂီတသမားဖြစ်တော့ ဝန်ကြီးပဒေသရာဇာရဲ့ လက်ရာက ကျွန်မတို့ မဟာဂီတစာအုပ်ကြီးတွေထဲမှာရှိတယ်။ အင်မတန်နက်နဲတဲ့သီချင်းခံအထိ သူရေးခဲ့တယ်။ သူဇာပျို့လည်း သူရေးခဲ့တယ်။ အဲဒါကြောင့် စိတ်ဝင်စားခဲ့တယ်။ နောင်လာနောက်သားအတွက် သူထားခဲ့မှာပဲဆိုတဲ့စိတ်ရှိတော့ အဲဒီပြဇာတ်ကို သေချာဖတ်တာ။ ဖတ်တဲ့အခါကျတော့ လက်ီတွေ၊ နဘေတွေနဲ့ရေးထားတာ၊ တစ်အုပ်လုံးအဲလိုရေးထားတာ။ စိတ်ကိုနှစ်ပြီး ဖတ်ကြည့်လိုက်တဲ့အခါကျတော့ ဒီစာအုပ်ဟာ နောက်လူတွေအတွက် အများကြီးအသုံးဝင်မှာပဲလို့တွေးပြီး ကျွန်မရဲ့အသိမိတ်ဆွေတွေဖြစ်တဲ့ ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနက ပါမောက္ခကြီးတွေကို လှမ်းမေးတယ်။ ဒီဟာက စာအုပ်အနေနဲ့ကတော့ ဘယ်သူမှ မထုတ်သေးဘူးတဲ့။ စာတမ်းပြုစုတဲ့အကျဉ်းပေါ့နော် ဒီထဲက တစ်စိတ်တစ်ပိုင်းပေါ့။ ဆရာမကြီးရေးမယ်ဆိုရင်တော့ ကျွန်တော်တို့က အားပေးမှာပေါ့ဗျာတဲ့။

ဆိုတော့ တက္ကသိုလ်မှာအသုံးတည့်မယ့် စာအုပ်တစ်အုပ်လို့ ကျွန်မယူဆတယ်။ အဲဒီတော့ စလေ့လာကတည်းက ဘေးမှာမှတ်စုစာအုပ်ထားပြီး တစ်ခါတည်းလေးလေးနက်နက်နဲ့ ကိုယ်ပြုစုမယ့် စာအုပ်ရဲ့အနေအထားကိုသိတဲ့အခါမှာ ပိုပြီးဂရုစိုက်တယ်။ တစ်ရက်ပြီးတစ်ရက်ဖတ်လိုက်၊ ရေးလိုက်၊ မှတ်လိုက်။ နောက်တစ်ခါ ကျွန်မမှာရှိတဲ့ ကိုးကားလို့ရမယ့်စာအုပ်တွေ ဆွဲထုတ်လိုက်။ အဲဒီလိုနဲ့ ကိုဗစ်ဒုတိယလှိုင်းမပြီးခင်မှာ စာအုပ်ကပြီးသွားတယ်။ ဒုတိယလှိုင်းအပြီးမှာ ခင်ပွန်းကဆုံးသွားတယ်။ အဲဒီတော့ ဒီစာအုပ်ကကျွန်မစိတ်ထဲမှာ ထုတ်ချင်စိတ်မရှိတော့ဘူး။ စိတ်ဓာတ်တွေကျသွားတယ်။ ဒါပေမဲ့ နိုင်ငံတော်က တာဝန်ပေးတာလေးတွေရှိတယ်။ နောက်တစ်ခါ ဆို၊ က၊ ရေး၊ တီး ကိစ္စလေးတွေရှိတယ်။ ယဉ်ကျေးမှုတက္ကသိုလ်ကမေတ္တာရပ်ခံပြီးတော့ လာဟောပြောပေးပါ။ ဘာညာဒီလိုတွေရှိတဲ့အခါကျတော့ကိုယ်သိထား၊ တတ်ထားတာလေးတွေက အလဟာသမဖြစ်အောင်၊ အသက် (၈၀ )ကျော်ပြီဖြစ်တဲ့အတွက် သူများအတွက် ထားခဲ့နိုင်အောင် လုပ်တော့လုပ်ရဦးမယ်လို့ ကိုယ့်ကိုယ်ကိုယ် ပြန်အားတင်းပြီးတော့ ဒီမဏိကက်ကိုပြန်ကိုင်ပြီးတော့ စာအုပ်ထွက်တဲ့အထိ အားထုတ်လိုက်တာပါ"။

ဆရာမကြီး ရွှေကူနန်းနွဲ့နွဲ့ကို အဖ ဦးစိန်(သစ်ကုန်သည်)-အမိ ဒေါ်ရှင်တို့က ၈-၈-၁၉၄၁ ခုနှစ်တွင် ကချင်ပြည်နယ် ဗန်းမော်ခရိုင် မော်လမြိုင်ရပ်ကွက် ရွှေကူမြို့၌ မွေးဖွားခဲ့ပြီး အမည်ရင်းမှာ ဒေါ်နွဲ့နွဲ့ ဖြစ်သည်။ ၁၉۷၅ ခုနှစ်မှစတင်၍ စာရေးခြင်း၊ မဟာဂီတ သီဆိုထုတ်လွှင့်ခြင်းများကို ဆောင်ရွက်လျက်ရှိသည်။ မြန်မာ့အလှဂီတအမွေ(၂၀၀၁)၊ ပန်းကိန္နရီဝတ္ထုတိုများ (၂၀၁၁)၊ ကုန်းဘောင်ပရမေနှင့် သံစဉ်(၇)ပါး(၂၀၁၆)၊ ရသမွှေးထုံစာပန်းရဂုံကောက်သင်းစာစု(၂၀၁၈)၊ မဟာဂီတဥယျာဉ်နန်းအဖွင့်(၀+၃ နှစ်အုပ်တွဲ)၊ ၂၀၁၉)၊ မဏိကက်ပြဇာတ်ကို တေးဂီတရှုထောင့်မှလေ့လာခြင်း (၂၀၂၁) စာအုပ်များကို ရေးသားထုတ်ဝေခဲ့သည်။

**တွေ့ဆုံမေးမြန်း - လင်းရာမ**
**ဓာတ်ပုံ - ကိုထက်**

# မော်ဘီမြို့နယ်၌ အခြေခံမော်တာစက်ချုပ်သင်တန်းဆင်းပွဲ ကျင်းပ

**မော်ဘီ နိုဝင်ဘာ ၂**

ရန်ကုန်တိုင်းဒေသကြီး မော်ဘီမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများနှင့် မိသားစုတစ်ပိုင်တစ်နိုင်လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံမော်တာစက်ချုပ်သင်တန်း (၂/၂၀၂၂)ကို သဲကုန်ကျေးရွာတွင် ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ယနေ့နံနက်ပိုင်းက အခြေခံမော်တာစက်ချုပ်သင်တန်းဆင်းပွဲကို ကျေးရွာခန်းမတွင် ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ သင်တန်းဆင်းပွဲတွင် မော်ဘီခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ဆွေဆွေမြင့်က သင်တန်းဆင်းအမှာစကား ပြောကြားကာ သင်တန်းတွင်ဆုရရှိသူများအား ဆုများပေးအပ်ခဲ့ပြီး မြို့နယ်ဦးစီးမှူး ဦးတင်စိုးက သင်တန်းသား သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များပေးအပ်ခဲ့သည်။

အဆိုပါသင်တန်းကို အောက်တိုဘာ ၄ ရက်မှ နိုဝင်ဘာ ၂ရက်အထိ တစ်လကြာ ဖွင့်လှစ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး သင်တန်းသို့ ကျေးရွာနေပြည်သူ ၁၅ ဦး တက်ရောက်ခဲ့ကြသည်။ ထို့ပြင် သင်တန်းသူများ အလုပ်အကိုင်ရရှိရေးအတွက်လည်း အထည်ချုပ်စက်ရုံများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဇင်မင်းထိုက်(ထန်းတပင်)**

# ပခုက္ကူမြို့ မြေပဲတောင့်/ မြေပဲဆန်စျေးကွက်

**ပခုက္ကူ နိုဝင်ဘာ ၂**

ဆီထွက်သီးနှံ မြေပဲ(အတောင့်/အဆန်)များ ပခုက္ကူစျေးကွက်သို့ နေ့စဉ်ဝင်ရောက်၍ အရောင်းအဝယ်ဖြစ်လျက်ရှိသည်။ မြေပဲတောင့်များကို ပခုက္ကူမြို့နှင့် နီးစပ်ရာကျေးရွာများနှင့် ညောင်ဦးမြို့နယ်ဒေသကျေးရွာများမှ ဝင်ရောက်ပြီး မြေပဲဆန်များကို ပခုက္ကူဒေသအပြင် ကျောက်ပန်းတောင်း၊ မုံရွာ၊ ပြည်၊ မြန်အောင်မြို့များမှ ဝင်ရောက်ကာ အရောင်းအဝယ်ဖြစ်လျက်ရှိသည်။ ကုန်ပစ္စည်းဝင်သလောက် အရောင်းအဝယ်ဖြစ်ကြောင်း၊ မိုးတွင်းကာလဖြစ်၍ ကုန်ပစ္စည်းအဝင်နည်းကြောင်း၊ ယခု အောက်တိုဘာလ (စတုတ္ထ)ပတ်တွင် မြေပဲစျေးကွက်ငြိမ်ပြီး အတက်အကျမရှိ အရောင်းအဝယ်ဖြစ်ကြောင်း သိရသည်။

ယခုတစ်ပတ်အတွင်း ပခုက္ကူစျေးကွက်သို့ မြေပဲတောင့် သုံးတင်းဝင်အိတ် ၃၀၀ ခန့်နှင့် မြေပဲဆန် ၂၅ ပိဿာဝင်အိတ် ၃၀၀ ခန့်တို့ နေ့စဉ်ဝင်ရောက်၍ အရောင်းအဝယ်ဖြစ်ကြောင်း သိရသည်။ အောက်တိုဘာလ (စတုတ္ထ)ပတ်တွင် မြေပဲတောင့် (အခြောက်) တစ်ပိဿာလျှင် ငွေကျပ် ၁၇၀၀ မှ ၃၁၀၀ ထိ လည်းကောင်း၊ မြေပဲတောင့်ပဲလေး(အစို) တစ်ပိဿာ ငွေကျပ် ၁၄၀၀ မှ ၁၅၀၀ ဖြင့် လည်းကောင်း၊ မြေပဲဆန် တစ်ပိဿာလျှင် လုံးဆံ(ရှယ်) ငွေကျပ် ၆၀၀၀၊ လုံးဆန်(ရိုးရိုး) ငွေကျပ် ၅၆၅၀၊ ဆီဆန် ငွေကျပ် ၄၈၀၀ မှ ၄၇၀၀ စျေးများဖြင့် အရောင်းအဝယ်ဖြစ်ကြောင်း သိရသည်။

ကုန်စည်စီးဆင်းမှုအနေဖြင့် မြေပဲကို ပြည်တွင်းသာမက ပြည်ပပို့ကုန်အဖြစ် မန္တလေးမြို့မှ တစ်ဆင့် တရုတ်နိုင်ငံသို့ တင်ပို့ဖြန့်ဖြူးလျက်ရှိကြောင်းနှင့် မြေပဲစျေးကွက် အဝယ်လိုက်သော်လည်း အဝင်နည်းပြီး စျေးငြိမ်လျက်ရှိကြောင်း သိရသည်။

**DOCA(မကွေး)**

# နှစ်နိုင်ငံအကြား G to G စာချုပ်အရ ဘဂ်လားဒေ့ရှ်နိုင်ငံသို့ ဆန်တင်ပို့

**နေပြည်တော် နိုဝင်ဘာ ၂**

မြန်မာနိုင်ငံနှင့် ဘဂ်လားဒေ့ရှ်နိုင်ငံ နှစ်နိုင်ငံအစိုးရတို့အကြား ဆန်စပါးကုန်သွယ်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာအရ ၂၀၂၂ ခုနှစ်မှ ၂၀၂၇ ခုနှစ်အထိ မြန်မာနိုင်ငံမှ ဘဂ်လားဒေ့ရှ်နိုင်ငံသို့ နှစ်စဉ်အများဆုံး ဆန်ဖြူတန်ချိန် ၂၅၀၀၀၀ နှင့် ပေါင်းဆန်တန်ချိန် ၅၀၀၀၀ တင်ပို့ရောင်းချနိုင်မည်ဖြစ်သည်။ အဆိုပါ MoU အရ မြန်မာနိုင်ငံမှ Myanmar Rice Federation – MRF နှင့် ဘဂ်လားဒေ့ရှ် နိုင်ငံမှ Directorate General of Food တို့မှ ဧည့်မထ ၅ ရာခိုင်နှုန်း တန်းမြင့်ဆန်တန်ချိန် ၂၀၀၀၀၀ တင်ပို့ရန် သဘောတူစာချုပ် (Sales Contract) ကို ချုပ်ဆိုခဲ့ပြီး တင်ပို့နိုင်ရေးအတွက် လိုအပ်သည်များ ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ Sales Contract အရ အောက်တိုဘာ ၃၁ ရက်အထိ မြန်မာနိုင်ငံမှ ဆန်တန်ချိန် ၂၀၀၀၀ ကျော် တင်ပို့နိုင်ခဲ့ပြီးဖြစ်သည်။ တင်ပို့ရန် ကျန်ရှိသည့် ဆန်များအနက် ဆန်တန်ချိန် ၁၅၀၀၀ ကျော်မှာ သင်္ဘောတင်ဆဲဖြစ်ပြီး ကျန်ရှိသည့် ဆန်တန်ချိန် ၁၅၀၀၀၀ ကျော်ကို သတ်မှတ်ကာလအတွင်း ပြည့်မီအောင် တင်ပို့နိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# မူဆယ်(၁၀၅) မိုင် ကုန်သွယ်ရေးဇုန် နိုဝင်ဘာ ၁ ရက် ကုန်သွယ်မှုအခြေအနေ

**နေပြည်တော် နိုဝင်ဘာ ၂**

မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်အနေဖြင့် နိုဝင်ဘာ ၁ ရက်တွင် ပို့ကုန်တန်ဖိုး ကန်ဒေါ်လာ ၁ ဒသမ ၁၈၇ သန်း၊ သွင်းကုန်တန်ဖိုး ကန်ဒေါ်လာ သုညဒသမ ၄၈၉ သန်း၊ ကုန်သွယ်မှုပမာဏ ကန်ဒေါ်လာ ၁ ဒသမ ၆၇၆ သန်း ဆောင်ရွက်နိုင်ခဲ့သည်။

အများဆုံး အမှန်တင်ပို့သည့် ပို့ကုန်ပစ္စည်းများမှာ ဆန်ကွဲ (B 1–2) ၇၀၇ ဒသမ ၇၅ တန်၊ ဆန်ကွဲ (A 1:2) ၄၃၆ ဒသမ ၅၀ တန်၊ ရော်ဘာ (RSS –3) ၁၀၅ ဒသမ ၀၀ တန်၊ ငါးရှဉ့် ၃၇ ဒသမ ၇၂၀ တန်၊ ဆန်(ဧည့်မထ) ၂၅ ရာခိုင်နှုန်း ၂၆၈ ဒသမ ၀၀ တန်၊ ကဏန်း ၂၀ ဒသမ ၀၇၅ တန်၊ အလူမီနီယံသတ္တုချောင်း ၃၄ ဒသမ ၀၉၅ တန်၊ ဆန်(ငစိန်) ၁၀ ရာခိုင်နှုန်း ၁၅၁ ဒသမ ၅၀ တန်၊ ဆန်(ဧည့်မထ) ၁၀ ရာခိုင်နှုန်း ၁၁၅ ဒသမ ၅၀ တန်၊ ပဲတီစိမ်း ၆၉ ဒသမ ၀၀ တန်တို့ဖြစ်သည်။

အများဆုံး အမှန်တင်သွင်းခဲ့သည့် သွင်းကုန်ပစ္စည်းများမှာ အလူမီနီယံအားဖြည့် ဝါယာကြိုး၊ ဓာတ်မြေသြဇာ၊ ယာဉ်နှင့် ယာဉ်ယန္တရားများ၊ အပူချိန်တိုင်းကိရိယာ၊ အအေးသောက်ခွက် (အပွင့်ပါ)၊ ပန်းသီး၊ လိမ္မော်သီး၊ ကြိုးပါမီးချောင်း (ဆိုဒ်စုံ)၊ ဆားကစ်ဘရေကာပုံး (၃၃ ကေဗွီ နှင့် အောက်)တို့ဖြစ်သည်။

ယနေ့ပေါက်စျေးအရ ပြင်ပငွေလဲနှုန်း တစ်ယွမ်လျှင် ကျပ် ၄၃၀ ဖြစ်ပြီး လက်ရှိတွင် ကုန်သွယ်မှုလမ်းကြောင်း ကောင်းမွန်လျက်ရှိကြောင်း သိရှိရသည်။ **သတင်းစဉ်**

# ပြည်ပမှ စက်သုံးဆီများကို စံချိန်စံညွှန်းသတ်မှတ်ချက်များနှင့်အညီ ပုံမှန်တင်သွင်း ဆောင်ရွက်

**ရန်ကုန် နိုဝင်ဘာ ၂**

စက်သုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေး ကော်မတီအနေဖြင့်စက်သုံးဆီအမျိုးအစားအလိုက် ဖူလုံမှုရှိစေရေး စိစစ်တင်သွင်းဆောင်ရွက်လျက်ရှိရာ စက်သုံးဆီ တင်သွင်းမှုအခြေအနေမှာ ရန်ကုန်တိုင်းဒေသကြီး၊ သီလဝါဆိပ်ကမ်းရှိ Terminal များတွင် ဓာတ်ဆီ 92 Ron ၁ ဒသမ ၆၀၃ ဂါလန် သန်း၊ ဓာတ်ဆီ 95 Ron သုည ဒသမ ၈၈ ဂါလန် သန်းနှင့် ရိုးရိုးဒီဇယ်ဆီ ၁ ဒသမ ၆၂၂ ဂါလန် သန်း တင်ဆောင်လာသည့် MT Yu Dong သင်္ဘောသည် ဆီချလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး ပရီမီယံဒီဇယ်ဆီ ၂ ဒသမ ၆၇ ဂါလန် သန်း တင်ဆောင်လာသည့် MT Intan Premier သင်္ဘော၊ ရိုးရိုးဒီဇယ်ဆီ ၁ ဒသမ ၉၂၂ ဂါလန် သန်းနှင့် ပရီမီယံဒီဇယ်ဆီ ၂ ဒသမ ၁၃၆ ဂါလန် သန်း တင်ဆောင်လာသည့် MT YU YI သင်္ဘောတို့ ရောက်ရှိနေပြီဖြစ်သဖြင့် ရန်ကုန် သီလဝါဆီလှောင်ကန်လက်ကျန်များ၊ စက်သုံးဆီအရောင်းဆိုင်များနှင့် ဖြန့်ဖြူးမှုလက်ကျန်အခြေအနေများအရ စက်သုံးဆီဖူလုံမှုရှိကြောင်း စိစစ်တွေ့ရှိရသည်။

စက်သုံးဆီစျေးနှုန်းများအနေဖြင့် ယခုရက်သတ္တပတ်တွင် ဓာတ်ဆီစျေးနှုန်း အနည်းငယ်မြင့်တက်ပြီး ဒီဇယ်ဆီစျေးနှုန်း အနည်းငယ်ကျဆင်းကြောင်း တွေ့ရသည်။ **သတင်းစဉ်**

# ပြည်တွင်း/ပြည်ပစျေးကွက်ဝင် အသင့်စားငါးရံ့ခြောက်ဖုတ်လုပ်ငန်း

**ကျိုက်လတ် နိုဝင်ဘာ ၂**

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်သည် မြစ်၊ ချောင်း၊ အင်းအိုင်များ ပေါများပြီး မြေပြန့်ဒေသဖြစ်ကာ လယ်ယာလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းများကို အဓိကထား လုပ်ကိုင်လျက်ရှိသော မြို့တစ်မြို့ဖြစ်သည်။

ငါးအစိုမှ ငါးခြောက်အဆင့် ပြုလုပ်ရာတွင် ငါးရံ့အစို(၁၅)ကျပ်သား၊ (၂၀) ကျပ်သားအကောင်များအား ရွေးချယ်ဝယ်ယူ၍ ခေါင်းဖြတ်၊ အူကိုထုတ်ပြီး ကျောခွဲ၊ ဗိုက်ခွဲ၍ အလယ်ရိုးထုတ်ကာ အပေါ်အရေခွံခွာ၍ ငါးတစ်ကောင်လျှင် ငါး/ခြောက်မြှောင်းခွဲစိတ်၍ အိမ်သုံးဆားအနည်းငယ်နှင့်နယ်ပြီး အမြှောင်းလိုက် ခြောက်အောင်နေလှန်းရသည်။ လေးရက်နေလှန်းပြီးပါက ခြောက်သွေ့သည့် ငါးခြောက်များရရှိသည်။

ငါးရံ့ခြောက်များအား သုံးမိနစ်ခန့် ရေစိမ်ပြီးနောက် ရေကိုစစ်ထားကာ မီးသွေးမီးဖိုများတွင် မီးဖုတ်၍ မွှလာအောင်ထုရသည်။ ထုမွှာပြီးသော ငါးခြောက်ဖုတ်များကို မီးသွေးမီးဖိုတွင် သံဆန်ခါခံ၍ တစ်ဖန်ပြန်ပြီးမီးကင်ရသည်။ မီးကင်ပြီးကြွပ်ရွလာသော ငါးခြောက်ဖုတ်များအား ဆီဇလုံထဲသို့ ခေတ္တထည့်၍ ဆီဇလုံမှ ဆယ်ယူကာ ဆီစစ်ထားသော ငါးခြောက်ဖုတ်များကို ထည့်သွင်းမည့် ဘူးအရွယ်အစားအလိုက်ချိန်ခွင်နှင့် ချိန်တွယ်၍ ဘူးထဲသို့ထည့်ပြီးလေလုံအောင် Packing Plastic ဖြင့် အလုံပိတ်ကာ စျေးနှုန်းသတ်မှတ်ရောင်းချသည်။ ငါးရံ့အစို ၁၀ ပိဿာကုန်ကျစရိတ်မှာ ငွေကျပ် ၇၅၀၀၀၊ ငါးအစို ၁၀ ပိဿာအား ငါးခွဲလုပ်သားခ၊ နေလှန်းခ၊ မီးဖုတ်ထုသည့် လုပ်သားခ၊ မီးသွေးဖိုး၊ ပဲဆီနှင့် လေးကျပ်သားဝင် ပလတ်စတစ်ဘူး ၁၅ ဘူး ကုန်ကျစရိတ်မှာ ငွေကျပ် ၂၅၀၀၀ ရှိ၍ စုစုပေါင်းကုန်ကျစရိတ် ငွေကျပ် ၁၀၀၀၀၀ ရှိသည်။ ဘေးထွက်ပစ္စည်း ပြန်ရောင်းရငွေမှာ စုစုပေါင်း ငွေကျပ် ၆၇၅၀ ပြန်လည်ရရှိသဖြင့် ပျမ်းမျှ ငွေကျပ် ၃၂၇၅၀ အကျိုးအမြတ်ရရှိသည်။

ငါးရံ့ခြောက်ဖုတ်လုပ်ငန်းမှာ MSMEs ထုတ်ကုန်အမယ်သစ်အနေဖြင့် ပြည်တွင်း/ပြည်ပ စျေးကွက်ဝေစုရရှိနိုင်ပြီး အလားအလာကောင်းသော ထုတ်ကုန်ပစ္စည်းဖြစ်ကြောင်း သိရသည်။

**DOCA(ဧရာဝတီ)**

# စစ်ကိုင်းတွင် တိုးချဲ့စိုက်ပျိုးသင့်သည့် အစေ့ထုတ်ပြောင်း

**စစ်ကိုင်း နိုဝင်ဘာ ၂**

အစေ့ထုတ်ပြောင်းသီးနှံသည် ပြည်တွင်း မွေးမြူရေးအစားအစာနှင့် ပြည်ပသို့ တင်ပို့ရောင်းချရန်အတွက် အရေးပါသော သီးနှံတစ်မျိုးဖြစ်သည်။ အစေ့ထုတ်ပြောင်းသီးနှံကို တောင်ပေါ်ဒေသများတွင် ဧကရီ၊ ရေဆင်းစပ်မျိုး(၃)နှင့် ရေဆင်းစပ်မျိုး(၅) တို့ကို အများဆုံးစိုက်ပျိုးကြပြီး မြေပြန့်ဒေသများတွင် ရွှေဝါ(၁)၊ စူဝမ်(၃)၊ ရေဆင်းစပ်မျိုး(၂)၊ ရေဆင်းစပ်မျိုး(၃)၊ ရေဆင်းစပ်မျိုး(၄)နှင့် ရေဆင်းစပ်မျိုး (၅) တို့ကို အဓိကထားစိုက်ပျိုးကြသည်။

စစ်ကိုင်းတိုင်းဒေသကြီးတွင် တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန၏ စာရင်းအရ ၂၀၂၁–၂၀၂၂ ဘဏ္ဍာနှစ်တွင် မိုးစိုက်ဧက ၂၁၀၆၀၈ ဧကနှင့် ဆောင်းစိုက်ဧက ၂၅၀၂၅ ဧက၊ စုစုပေါင်း ၂၃၅၆၃၃ ဧက စိုက်ပျိုးခဲ့သည်။ ၂၀၂၂–၂၀၂၃ ဘဏ္ဍာနှစ်တွင် စက်တင်ဘာလကုန်အထိ မိုးစိုက်ဧက ၁၅၇၆၂ ဧက စိုက်ပျိုးသည်။ ကန့်ဘလူခရိုင်၊ ကလေးခရိုင်၊ ရွှေဘိုခရိုင်နှင့် စစ်ကိုင်းခရိုင်တို့တွင် အများဆုံးစိုက်ပျိုးပြီး ယခုနှစ်တွင် လုပ်အားခများပြားခြင်း၊ လုပ်သားရှားပါးခြင်းနှင့် ရာသီဥတုအခြေအနေပေါ်မူတည်၍ အစေ့ထုတ်ပြောင်း(CP)ကို ပိုမိုစိုက်ပျိုးလာကြသည်။ တစ်ဧက စိုက်ပျိုးထုတ်လုပ်မှုကုန်ကျစရိတ်မှာ ကျပ်လေးသိန်းခန့် ကုန်ကျသည်။ ပေါက်စျေးအနေဖြင့် ယခင်နှစ်အောက်တိုဘာလတွင် တစ်တင်းလျှင် ငွေကျပ် ၁၀၅၀၀၊ ယခုနှစ် တစ်တင်းလျှင် ငွေကျပ် ၁၇၈၀၀ ရရှိသဖြင့် ယခင်နှစ်ကာလတူနှင့် နှိုင်းယှဉ်လျှင် ယခုနှစ်တွင် ငွေကျပ် ၇၃၀၀ ပိုမိုရရှိသည်။ တစ်ဧက ပျမ်းမျှအထွက်နှုန်းမှာ တင်း ၇၀ ထွက်ရှိသဖြင့် တစ်ဧက ဝင်ငွေမှာ ကျပ် ၁၂ သိန်းကျော်ခန့်ရရှိရာ တစ်ဧက အကျိုးအမြတ်မှာ ငွေကျပ်ရှစ်သိန်းခန့် ရရှိကြောင်း၊ ပြည်ပသို့တင်ပို့ရောင်းချရန်အတွက် အရေးပါသော သီးနှံတစ်မျိုးဖြစ်သည့်အတွက် အစေ့ထုတ်ပြောင်းသီးနှံသည် ပိုမိုတိုးချဲ့စိုက်ပျိုးသင့်သည့် သီးနှံတစ်မျိုးဖြစ်ကြောင်း သိရသည်။

**DOCA(စစ်ကိုင်း)**

# ဓာတ်ခွဲနမူနာစုစုပေါင်း ၉၇၀၄ ခု စစ်ဆေးပြီးစီး၊ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၃၂ ဦးတွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း
## (၂-၁၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် **ပြည်သူလူထုအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ စည်းကမ်းများကို စနစ်တကျ လိုက်နာဆောင်ရွက်ရန် လိုအပ်ပြီး ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းအား အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန်** လိုအပ်ပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁-၁၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂-၁၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၇၀၄) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၃၂) ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၁.၃၆) ရာခိုင်နှုန်းရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၄၃၀,၈၈၉) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၆၃၁,၉၂၉) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိ ကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁၄၉) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူစုစုပေါင်း (၆၀၆,၀၂၂) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၈၃) ဦးရှိပါသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၁-၁၁-၂၀၂၂) ရက်နေ့အထိ အသက် (၁၈) နှစ်နှင့်အထက် လူဦးရေစုစုပေါင်း (၃၀,၇၁၂,၃၂၀) ဦးနှင့် အသက် (၁၈) နှစ်အောက် လူဦးရေစုစုပေါင်း (၆,၆၉၃,၂၉၄) ဦးတို့အား ထိုးနှံထားရှိပြီး ဖြစ်ပါသည်။

### ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပြီးစီးမှု
### (၁-၁၁-၂၀၂၂ ရက်နေ့အထိ)

| | |
|---|---|
| အသက် (၁۸) နှစ်နှင့်အထက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၃၀,၇၁၂,၃၂၀ |
| အသက် (၁۸) နှစ်အောက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၆,၆၉၃,၂၉၄ |

မြန်မာနိုင်ငံတွင် (၂၈-၁-၂၀၂၂) ရက်နေ့မှ (၁၅-၁၀-၂၀၂၂) ရက်နေ့အထိ တွေ့ရှိရသော ကိုဗစ်-၁၉ ရောဂါဖြစ်ပွားသူများနှင့် သေဆုံးသူများ၏ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားရှိမှုအခြေအနေများကို ဆန်းစစ်ချက်အရ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားသူစုစုပေါင်း၏ (၉၀.၄) ရာခိုင်နှုန်းနှင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း၏ (၈၀.၉) ရာခိုင်နှုန်းတို့မှာ ကာကွယ်ဆေး လုံးဝထိုးနှံထားခြင်းမရှိသူများနှင့် ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံထားခြင်းမရှိသူများဖြစ်ကြောင်း တွေ့ရှိရပါသည်။

| ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားရှိမှု အခြေအနေများ | ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားသူ | ကိုဗစ်-၁၉ ရောဂါ ကြောင့် သေဆုံးသူ |
|---|---|---|
| ကာကွယ်ဆေးလုံးဝထိုးနှံထားခြင်းမရှိသူနှင့် ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံထားခြင်း မရှိသူ | ၉၀.၄ % | ၈၀.၉ % |

နိုင်ငံတကာသုတေသနတွေ့ရှိချက်များအရလည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်း ကာကွယ်ဆေး ထိုးနှံခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမို လျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။ သို့ဖြစ်ရာ အသက် ၅ နှစ်နှင့်အထက် ပြည်သူများသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအား မဖြစ်မနေထိုးနှံထားရှိရန် လိုအပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၅ နှစ်နှင့်အထက် ပြည်သူများအားလုံးအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိသည့်အပြင် အသက် ၁၂ နှစ်မှ ၁၈ နှစ်အတွင်း ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံပြီးစီးမှုကာလ ၆ လနှင့်အထက်ရှိသော ကျောင်းသား ကျောင်းသူများနှင့် အသက် ၁۸ နှစ်နှင့်အထက် ပြည်သူများအား ထပ်ဆောင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ အခမဲ့ထိုးနှံပေးလျက်ရှိရာ ပြည်သူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက် စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

### ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၉၉၄၀၀၉၅၉ | ၉၆၉၈၂၁၁၃ | ၁၀၉၅၆၄၆ |
| ၂။ | အိန္ဒိယ | ၄၄၆၅၅၈၂ | ၄၄၁၀၉၁၃၃ | ၅၂၉၀၇၇ |
| ၃။ | ပြင်သစ် | ၃၆၈၄,၉၁၁ | ၃၅၈၈၁,၈၀ | ၁၅၇၀၄၇ |
| ၄။ | ဂျာမနီ | ၃၅၆၄,၉၆၈ | ၃၄၁,၆၀၀ | ၁၅၃၈၁၄ |
| ၅။ | ဘရာဇီး | ၃၄၈၇၈၆၆၅ | ၃၄၀၆၀၆၇၀ | ၆၈၈,၇၀ |
| ၆။ | တောင်ကိုရီးယား | ၂၅၆၇၀၄၀၇ | ၂၅၀၆၉,၇၈၇ | ၂၉,၃၉ |
| ၇။ | ဗြိတိန် | ၂,၈၉,၄,၈၉ | ၂,၃၅,၀၀,၉၈ | ၁၉,၃၆,၃ |
| ၈။ | အီတလီ | ၂,၅,,,

# အီရတ်နိုင်ငံက အောက်တိုဘာလအတွင်း ရေနံစိမ်းစည်ပေါင်း သန်း ၁၀၀ ကျော် တင်ပို့နိုင်ခဲ့

**ဘဂ္ဂဒက် နိုဝင်ဘာ ၂**

အီရတ်နိုင်ငံသည် အောက်တိုဘာလ အတွင်း ရေနံစိမ်းစည်ပေါင်း ၁၀၄ ဒသမ ၈၃ သန်း တင်ပို့နိုင်ခဲ့ခြင်းကြောင့် ဝင်ငွေအမေရိကန်ဒေါ်လာ ၉ ဒသမ ၂၅ ဘီလီယံရရှိခဲ့ကြောင်း အီရတ်နိုင်ငံ ရေနံဝန်ကြီးဌာနက နိုဝင်ဘာ ၁ ရက်တွင် ပြောကြားသည်။

**ထုတ်ပြန်**

အောက်တိုဘာလအတွင်း အီရတ်နိုင်ငံမှ တင်ပို့သည့် ရေနံစိမ်းပျမ်းမျှ ဈေးနှုန်းသည် တစ်စည်လျှင် အမေရိကန်ဒေါ်လာ ၈၈ ဒသမ ၃၁ ဒေါ်လာရှိခဲ့ကြောင်း ရေနံဈေးကွက်ရှာဖွေရေးအဖွဲ့က ထုတ်ပြန်သည့် စာရင်းများကို ကိုးကားပြီး အီရတ်နိုင်ငံ ရေနံဝန်ကြီးဌာနက ထုတ်ပြန်ချက် တစ်ရပ် ထုတ်ပြန်ခဲ့သည်။

ဘာဆရာဆိပ်ကမ်းမှ တစ်ဆင့် အီရတ်နိုင်ငံ အလယ်ပိုင်းနှင့် တောင်ပိုင်းရှိ ရေနံမြေများမှ ရေနံစိမ်းစည် စုစုပေါင်း ၁၀၂ ဒသမ ၇ သန်း တင်ပို့ခဲ့ကြောင်းနှင့် မြေထဲပင်လယ်ရှိ တူရကီဆိပ်ကမ်းမှ တစ်ဆင့် ကာကွတ်ပြည်နယ်မြောက်ပိုင်း ရေနံမြေများမှ ရေနံစိမ်းစည်ပေါင်း နှစ်သန်းကျော် တင်ပို့ခဲ့ကြောင်း အီရတ် ရေနံဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

ရေနံဈေးနှုန်းသည် ဖေဖော်ဝါရီလ အတွင်းက ရုရှား-ယူကရိန်း ပဋိပက္ခ ဖြစ်ပွားခဲ့ပြီးနောက် ကမ္ဘာ့ရေနံဈေးကွက်တွင် ဈေးနှုန်းများ မြင့်တက်လျက်ရှိကြောင်း သိရသည်။ အီရတ်နိုင်ငံ၏ စီးပွားရေးသည် ရေနံစိမ်းတင်ပို့မှုရောင်းချမှု အပေါ်တွင် အလွန်အမင်းမှီခိုနေရပြီး ရေနံစိမ်းတင်ပို့မှုမှ ရရှိသည့်ဝင်ငွေသည် နိုင်ငံ့ဝင်ငွေစုစုပေါင်း၏ ၉၀ ရာခိုင်နှုန်း ကျော်ရှိကြောင်းလည်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အလင်းသစ်**

# တောင်ကိုရီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၅၄၇၆၆ ဦး ထပ်မံတွေ့ရှိ

**ဆိုးလ် နိုဝင်ဘာ ၂**

တောင်ကိုရီးယားနိုင်ငံ၌ လွန်ခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၅၄၇၆၆ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူစုစုပေါင်း ၂၅၆၇၀၄၀၇ ဦး ရှိလာကြောင်း တောင်ကိုရီးယားကျန်းမာရေးအာဏာပိုင်များက ယနေ့တွင် ပြောကြားသည်။

**ပြည်တွင်း၌**
**ကူးစက်ခံရသူများဖြစ်**

လွန်ခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူများ အနက် ၇၈ ဦးသည် ပြည်ပမှ ပြန်လည် ရောက်ရှိလာသူများအနက်မှ ကူးစက်ခံရသူများဖြစ်ကြောင်းနှင့် ကျန်ရှိသူများသည် ပြည်တွင်း၌ ကူးစက်ခံရသူများဖြစ်ကြောင်း သိရသည်။

**ပြောကြား**

ထို့ပြင် လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၃၀ ထပ်မံတွေ့ရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၂၉၂၃၅ ဦးရှိလာကြောင်း တောင်ကိုရီးယားကျန်းမာရေး အာဏာပိုင်များက ပြောကြားသည်။

အဆိုပါ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူအရေအတွက်သည် တောင်ကိုရီးယားနိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ စုစုပေါင်း၏ သုည ဒသမ ၁၁ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အလင်းသစ်**

# ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် ၃၆ ဦး ထပ်မံသေဆုံး

**မနီလာ နိုဝင်ဘာ ၂**

ဖိလစ်ပိုင်နိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် ၃၆ ဦး ထပ်မံသေဆုံးခဲ့သည့်အတွက် အဆိုပါရောဂါကူးစက်မှုကြောင့် သေဆုံးသူပေါင်း ၆၄၁၄၅ ဦး ရှိကြောင်း ဖိလစ်ပိုင်နိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက ဆိုသည်။

အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း ရောဂါကူးစက်ခံရသူ ၇၇၅ ဦး ထပ်မံတွေ့ရှိခဲ့ရာ ရောဂါကူးစက်ခံရသူပေါင်း ၄၀၀၅၈၄၀ ရှိကြောင်း သိရသည်။ လက်ရှိတွင် ပိုးတွေ့ဆဲလူနာ ၁၈၆၈၉ ဦး ရှိသည်။ ရောဂါထပ်မံကူးစက်ခံရသူများအနက် ၁၈၃ ဦးသည် မြို့တော်မနီလာမှ ဖြစ်သည်။

လက်ရှိအချိန်အထိ မြို့တော်မနီလာ၌ ရောဂါကူးစက်ခံရသူပေါင်း ၁၂၈၅၅၃ ဦး ရှိကြောင်း သိရသည်။

ဖိလစ်ပိုင်နိုင်ငံ၌ ဧနီနဝါရီ ၁၅ ရက်တွင် နေ့စဉ်ကူးစက်မှုအရေအတွက် ၃၉၀၀၄ ဦးဖြင့် စံချိန်တင်ခဲ့သည်။

လက်ရှိအချိန်အထိ ပြည်သူ ၇၃ ဒသမ ၅ သန်းကျော်အား ကာကွယ်ဆေးအပြည့်အဝထိုးနှံပေးပြီးဖြစ်ကြောင်း သိရသည်။

ပြည်သူ သန်း ၁၁၀ ဝန်းကျင်ရှိသည့် ဖိလစ်ပိုင်နိုင်ငံ၌ ပြည်သူ ၃၂ ဒသမ ၅ သန်းကျော်အား ကိုဗစ်-၁၉ ရောဂါကူးစက်မှုရှိ၊ မရှိ စစ်ဆေးမှုများ ပြုလုပ်ပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အောင်ကျော်ကျော်**

# ကမ္ဘောဒီးယားနိုင်ငံနှင့် ဒေသတွင်း ပြီးပြည့်စုံသည့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုသဘောတူညီချက်(RCEP) အဖွဲ့ဝင်နိုင်ငံများအကြား ကုန်သွယ်မှုတန်ဖိုးတိုးတက်လာ

**ဖနောင်ပင် နိုဝင်ဘာ ၂**

ကမ္ဘောဒီးယားနိုင်ငံနှင့် ဒေသတွင်း ပြီးပြည့်စုံသည့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုသဘောတူညီချက်(RCEP) အဖွဲ့ဝင်နိုင်ငံများအကြား ကုန်သွယ်မှုတန်ဖိုးသည် ယခုနှစ်ပထမကိုးလအတွင်း အမေရိကန်ဒေါ်လာ ၂၄ ဘီလီယံရှိခဲ့ပြီး ယင်းပမာဏသည် ယမန်နှစ်အလားတူကာလကထက် ၁၁ ရာခိုင်နှုန်း တိုးတက်လာခဲ့ကြောင်း ကမ္ဘောဒီးယား ကုန်သွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။

**ပို့ကုန်တင်ပို့မှုတန်ဖိုး**

ဧနီနဝါရီလမှ စက်တင်ဘာလအတွင်း ကမ္ဘောဒီးယားနိုင်ငံမှ RCEP အဖွဲ့ဝင်နိုင်ငံများသို့ ပို့ကုန်တင်ပို့မှုတန်ဖိုးသည် အမေရိကန်ဒေါ်လာ ၄ ဒသမ ၇ ဘီလီယံရှိခဲ့ပြီး သွင်းကုန်တန်ဖိုးသည် အမေရိကန်ဒေါ်လာ ၁၉ ဒသမ ၃ ဘီလီယံရှိခဲ့ကြောင်း မှတ်တမ်းအရသိရသည်။

ကမ္ဘောဒီးယားနိုင်ငံနှင့် ကုန်သွယ်မှုအများဆုံး RCEP အဖွဲ့ဝင်နိုင်ငံများမှာ တရုတ်၊ ဗီယက်နမ်၊ ထိုင်း၊ စင်ကာပူနှင့် ဂျပန်နိုင်ငံတို့ဖြစ်ကြောင်း သိရသည်။

ကမ္ဘောဒီးယားနိုင်ငံ၏ စီးပွားရေးပြန်လည် ဦးမော့လာစေရေးအတွက် ဒေသတွင်း ပြီးပြည့်စုံသည့်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုသဘောတူညီချက်(RCEP) က များစွာအထောက်အကူပြုခဲ့ကြောင်း ကုန်သွယ်ရေးဝန်ကြီးဌာနတာဝန်ရှိသူ ပန်ဆိုဗီချက်က ပြောကြားသည်။ ယင်းသဘောတူညီချက်သည် ကမ္ဘောဒီးယားနိုင်ငံအတွက် ကုန်ပစ္စည်းတင်ပို့ရာတွင် ကြီးမားသည့်ဈေးကွက်ကိုရရှိစေပြီး နိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် မောင်းနှင်အားတစ်ခုဖြစ်လာခဲ့ကြောင်း ၎င်းက ပြောကြားသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - စိုးသူရ**

# ဟွန်ဒါကုမ္ပဏီက အသိဉာဏ်တုနည်းပညာဖြင့် မောင်းနှင်သည့်စနစ် ပါဝင်သည့်ကားများကို ကုန်ကျစရိတ်သက်သာစွာဖြင့် အဆင့်မြှင့်တင်ထုတ်လုပ်မည်

**တိုကျို နိုဝင်ဘာ ၂**

ဂျပန်နိုင်ငံမှ ဟွန်ဒါကားကုမ္ပဏီသည် လူသားကိုယ်တိုင် မောင်းနှင်ခြင်းမပြုဘဲအသိဉာဏ်တုနည်းပညာဖြင့် မောင်းနှင်သည့် စနစ်ပါဝင်သည့်ကားများကို ကုန်ကျစရိတ်သက်သာစွာဖြင့် အဆင့်မြှင့်တင်ထုတ်လုပ်သွားရန်ရှိကြောင်း သိရသည်။

ယင်းကားတွင် တပ်ဆင်ထားသည့် ကင်မရာများသည် ကား၏ဘေးပတ်ဝန်းကျင်တွင်သွားလာနေသည့် လူများနှင့် အရာဝတ္ထုများကို မှတ်သားထားနိုင်ကြောင်း သိရသည်။

ကင်မရာများတွင် လမ်းညွှန်မြေပုံနှင့် ဆင်ဆာများတပ်ဆင်ရန်မလိုအပ်သောကြောင့် ထုတ်လုပ်မှုကုန်ကျစရိတ် နည်းပါးကြောင်း သိရသည်။

အဆိုပါကားများတွင် လိုက်ပါစီးနင်းသည့်ခရီးသည်များ၏ ညွှန်ကြားချက်များအား မော်တော်ယာဉ်ရှိ အသိဉာဏ်တုနည်းပညာက မှတ်သားလိုက်နာဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

ယခုအသိဉာဏ်တုနည်းပညာဖြင့်ထုတ်လုပ်မည့်မော်တော်ယာဉ်သည် ခရီးတိုများ သွားလာရာတွင် လွယ်ကူလုံခြုံစွာ သွားလာနိုင်ရေး အထောက်အကူပေးနိုင်မည်ဖြစ်ကြောင်း ဟွန်ဒါကုမ္ပဏီမှ အမှုဆောင်အင်ဂျင်နီယာ ယာဆူအီယူဂျီက ပြောကြားသည်။

**ကိုးကား - အင်နန်အိတ်ချ်ကေ**
**ဘာသာပြန် - စိုးသူရ**

# SIM Card များမှတ်ပုံတင်ခြင်းဆိုင်ရာ အသိပေးကြေညာချက်

ဆင်းကတ်များမှတ်ပုံတင်ရာတွင် ဖြည့်စွက်ရသည့် အမည်/ နိုင်ငံသားစိစစ်ရေးကတ်အမှတ် စသည့်အချက်အလက်များကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ National Database အချက်အလက်များနှင့် တိုက်ဆိုင်စစ်ဆေး၍ အချက်အလက်မှန်ကန်စွာဖြည့်စွက်ထားခြင်းမရှိသည့် ဆင်းကတ်များကို ပိတ်သိမ်းမည်ဖြစ်ပါသဖြင့် သုံးစွဲသူများအနေဖြင့် မိမိတို့၏ဆင်းကတ်မှတ်ပုံတင်သည့် အမည်/ နိုင်ငံသားစိစစ်ရေးကတ်အမှတ်တို့ကို မှန်/မမှန် စစ်ဆေးပြီး ပြင်ဆင်ရန်လိုအပ်ပါက (၃၁-၁-၂၀၂၃) ရက်နေ့ နောက်ဆုံးထား၍ ပြန်လည်ပြင်ဆင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။ မိမိတို့၏အမည်/ နိုင်ငံသားစိစစ်ရေးကတ်အမှတ်တို့ မှန်/မမှန် စစ်ဆေးသိရှိနိုင်ရန် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း(MPT)အတွက် *601#၊ Atomအတွက် *979*3*3#၊ Ooredoo အတွက် *666#၊ Mytel အတွက် *966# သို့ခေါ်ဆို၍ ကြည့်ရှုစစ်ဆေးနိုင်ပါသည်။ ပြန်လည်ပြင်ဆင်မှတ်ပုံတင်ခြင်းကို သက်ဆိုင်ရာ အော်ပရေတာများ၏ အရောင်းဆိုင်များ၊ Application များနှင့် Website တို့တွင် ဆောင်ရွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဆက်သွယ်ရေးညွှန်ကြားမှူးဦးစီးဌာန**

# ပြည်ကြီးတံခွန်မြို့နယ်၌ စိတ်ကြွရူးသွပ်ဆေးပြား ၉ ဒသမ ၇၅ သိန်း သိမ်းဆည်းရမိ

**နေပြည်တော် နိုဝင်ဘာ ၂**

မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်၌ ငွေကျပ် ၁ ဒသမ ၄၆ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၉ ဒသမ ၇၅ သိန်း သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

**သိမ်းဆည်းရမိ**

ဖြစ်စဉ်မှာ မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၃၁ ရက် မွန်းလွဲ ၂ နာရီတွင် မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် တံခွန်တိုင်အဝိုင်းအနီး ရန်ကုန်-မန္တလေး သွားကားလမ်းတွင် မျိုးမြင့်မောင်(ခ) ဖိုးသား မောင်းနှင်လာသည့် ခရီးသည်တင်ယာဉ်ကို သတင်းအရရှာဖွေရာ ယာဉ်ပေါ်မှ ငွေကျပ် ၁ ဒသမ ၄၆ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၉ ဒသမ ၇၅ သိန်းနှင့် ငွေကျပ် ၁၀ သိန်းတို့ကို သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ မွန်းလွဲ ၂ နာရီခွဲတွင် စိတ်ကြွရူးသွပ်ဆေးပြားများ သယ်ဆောင်ရာ၌ ပူးပေါင်းပါဝင်သူများဖြစ်ကြသည့် မျိုးညွှန့်အောင်(ခ)အငယ်ချေအား ပြည်ကြီးတံခွန်မြို့နယ် (ဆ)ရပ်ကွက် ၅၆ လမ်း ၁၃၀ လမ်းထောင့်တွင်လည်းကောင်း၊ ည ၇ နာရီခွဲတွင် ကျော်ကျော်ဝင်း(ခ) ဦးကျော်အား ပြည်ကြီးတံခွန်မြို့နယ် တံခွန်တိုင်ရပ်ကွက် တံခွန်တိုင်အဝိုင်းအနီးတွင် ဆိုင်ကယ်တစ်စီးနှင့်လည်းကောင်း သိမ်းဆည်းရမိခဲ့ပြီး စိတ်ကြွရူးသွပ်ဆေးပြားများအား မန္တလေးတိုင်းဒေသကြီးမှ ရခိုင်ပြည်နယ်သို့ သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**မျိုးမြင့်မောင်(ခ)ဖိုးသား၊ မျိုးညွှန့်အောင်(ခ)အငယ်ချေနှင့် ကျော်ကျော်ဝင်း(ခ)ဦးကျော်တို့အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။**

**သတင်းစဉ်**

# တောင်ကြီးမြို့နယ်နှင့် တာချီလိတ်မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် နိုဝင်ဘာ ၂**

တောင်ကြီးမြို့နယ်နှင့် တာချီလိတ်မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ ရှမ်းပြည်နယ် ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၃၁ ရက် မွန်းလွဲ ၁ နာရီတွင် တောင်ကြီးမြို့နယ် တောင်လေးလုံး ကျေးရွာအုပ်စု ဖက်နံကျေးရွာနေ နိုင်လင်းထက်၏လယ်တဲသို့ဝင်ရောက်ရှာဖွေရာ ၎င်းအားမတွေ့ရှိရဘဲ ဖိုးသဲ၊ အောင်ဘိုဟိန်း၊ ဇော်ထက်အောင်နှင့် မျိုးကိုကိုထိုက်တို့ လေးဦးအား တွေ့ရှိရပြီး ၎င်းတို့ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၇၅၀ နှင့် ငွေကျပ် သုည ဒသမ ၅၆ သိန်းတို့ကို လည်းကောင်း၊ ထို့အတူ နိုဝင်ဘာ ၁ ရက် နံနက် ၁၀ နာရီခွဲတွင် မူးယစ်ဆေးဝါး တားဆီး နှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့ မိုင်းဖုံး(ခ) ကျေးရွာအုပ်စု ဝမ်ဆောက်ခုံကျေးရွာနေ တီးတိုး(ခ)ဆမ်ခမ်း၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၂၀၀ နှင့် အိုက်စ် သုည ဒသမ ၀၃ ကီလိုတို့ကို လည်းကောင်း၊ အလားတူ ယင်းနေ့ ည ၇ နာရီတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့ ဝိန်းကျောက်ရပ်ကွက် ဗိုလ်ချုပ်အောင်ဆန်းလမ်းတွင် အားဆက်ယာမောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရာဖွေရာ စိတ်ပြောင်းဆေးဝါး Happy Water ၅ ဒသမ ၄ ကီလိုကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**

**တီးတိုး(ခ)ဆမ်ခမ်းနှင့် အားဆက်ယာတို့အား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။**

# သထုံမြို့နယ်၌ ကောင်းမွန်သောရေသတ္တဝါမွေးမြူရေးကျင့်စဉ် သင်တန်းဖွင့်လှစ်

**သထုံ နိုဝင်ဘာ ၂**

မွန်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနမှ စီစဉ်ဖွင့်လှစ်သည့် ကောင်းမွန်သောရေသတ္တဝါမွေးမြူရေးကျင့်စဉ်သင်တန်းဖွင့်ပွဲကို သထုံမြို့ရှိ ငါးလုပ်ငန်းသင်တန်းကျောင်း၌ ယနေ့ နံနက် ၉ နာရီက ကျင်းပသည်။

အခမ်းအနားတွင် မွန်ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာန ပြည်နယ်မှူး ဦးထွန်းထွန်းဝင်းက ငါးမွေးတောင်သူများအနေဖြင့် ကောင်းမွန်သော ရေသတ္တဝါမွေးမြူရေးကျင့်စဉ်စနစ်ဖြင့် နိုင်ငံတကာမှလက်ခံသည့် မွေးမြူရေးစံနှုန်းများနှင့်အညီ ငါးမွေးမြူရေးနည်းပညာများ ရရှိမွေးမြူနိုင်ပြီး မွန်ပြည်နယ်၏ ငါးလုပ်ငန်းကဏ္ဍာ ဖွံ့ဖြိုးတိုးတက်လာစေရေး၊ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် ငါးသယံဇာတများ ရေရှည်စဉ်ဆက်မပြတ် ထုတ်လုပ်နိုင်စေရန်ရည်ရွယ်ကာ သင်တန်းကို ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း အမှာစကား ပြောကြားသည်။

ယင်းနောက် မွန်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာန ဒုတိယပြည်နယ်မှူး ဦးတင်နိုင်ဝင်း၊ သထုံခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဒုတိယ ညွှန်ကြားရေးမှူး ဦးမင်းမင်းနှင့် ပြည်နယ် ငါးလုပ်ငန်းစခန်းတာဝန်ခံ ဦးဝင်းဗိုလ်တို့က ကောင်းမွန်သော ရေသတ္တဝါမွေးမြူရေးကျင့်စဉ်သင်ခန်းစာများကို ဆွေးနွေးပို့ချပေးခဲ့ကြသည်။

အဆိုပါသင်တန်းကို နိုဝင်ဘာ ၂ ရက်မှ ၄ ရက်အထိ စာတွေ့လက်တွေ့ သုံးရက်ကြာ အခမ့ဲစားရိတ်ငြိမ်း ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ပြီး သင်တန်းသား သင်တန်းသူ ၂၅ ဦးတက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၃-၁၁-၂၀၂၂ ကြာသပတေးနေ့

**MRTV HD**

- ၀၆:၀၀ ပင်းကွန်းဆရာတော်ဘုရားကြီး၏ပရိတ်တရားတော်(ဝေဂုသုတ်)
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၃၅ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြည်သူ့အကျိုးပြုတာစီလေတာ(၂၀၂၂ခုနှစ်၊ အောက်တိုဘာလ)(ဒုတိယပိုင်း)
- ၀၉:၁၀ NRC အစီအစဉ် (**ချင်း**) "အလှဖြာ၀ေတောင်ဇလပ်မြေ"
- ၁၀:၀၀ သတင်းထဲကသတင်း
- ၁၀:၃၀ "လူမှုဘဝမြှင့်တင်ဖို့တိုင်းရင်းကြက်ကို မွေးကြစို့"
- ၁၂:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ "**ချစ်ပန်းရနံ့လွင့်ပျံ့အမုန်း**" (အပိုင်း-၂၆)
- ၁၃:၃၀ MRTV National News
- ၁၄:၀၀ မျိုးဝုဏ်တင့်စေဆိုကရေးတီးအပွေ
- ၁၄:၁၅ ရုပ်မြင်သံကြားဇာတ်လမ်း "**မြင်သူသာလိုပါတယ်**"
- ၁၄:၃၅ ၂၀၂၂ ခုနှစ်၊ပြည်နယ်နှင့်တိုင်းဒေသကြီး အသက်(၁၆)နှစ်အောက်အမျိုးသားဘောလုံးပြိုင်ပွဲတိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (ဗိုလ်လုပ္ပွဲ)(ပဇကွေးတိုင်းဒေသကြီးအသင်းနှင့် ကချင်ပြည်နယ်အသင်း)
- ၁၇:၃၀ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြည်သူ့အကျိုးပြုတာစီလေတာ (၂၀၂၂ခုနှစ်၊ အောက်တိုဘာလ)(တတိယပိုင်း)
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၁၅ သံစဉ်ချိုမြပြန်မာတေးအလှ
- ၁၉:၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ "**အတိတ်ဘဝ်းဘ်းအချစ်ချိုချို**" (အပိုင်း-၂၁))
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း ပိုးလေဝသအခြေအနေ
- ၂၁:၀၀ သံစဉ်ဝေဖြာစတီရီယိုတေးကဗျာ
- ၂၁:၄၀ ရုပ်မြင်သံကြားဇာတ်လမ်း "**ဘည်းဘာချိန်ဇနည်ချမ်းပြန်လမ်းကိုတဲ့ ပဇရာဂ်စိပ်**"

**mitv**

- 07:01 Evergreen Classic: Myanmar Shu Khin Myanmar Sate Yinn
- 07:10 Ancient Shwe-San-Taw Pagoda
- 07:26 Tour Around in Myeik Archipelago (Epi-1) Baliey and Smart Islands
- 07:42 The Beauty In The North Of Myanmar
- 08:01 News
- 08:27 All About Orchids
- 08:42 Healthy Diet: Detox Water
- 08:50 Egg Shell
- 09:01 Discovering Tribes: Myaung Zee (or) Hmong: their life and customs
- 09:34 Scented Buddha Images
- 09:40 The Hills Of Phowintaung And Shwebataung
- 10:01 News
- 10:27 Myanmar Childhood Games (Episode-2)
- 10:35 Hsig Khaung Village In Hsihseng

**MRTV NRC**

- **အရှေ့ပိုးကရင် (၆:၀၀ မှ ၇ :၀၀)** ကျွန်တော်တို့ရွာ
- **ချင်း(လိုင်ဝိုး) (၇:၀၀ မှ ၈: ၀၀)** နေပြည်တော်အမျိုးသားအထိမ်းအမှတ်ဥယျာဉ်
- **ချင်း(ချိုး) (၈:၀၀ မှ ၉: ၀၀)** ချင်း(ချိုး)ဘာသာစကားပြောကြားရေးအောင်(အပိုင်း-၁)
- **မွန် (၉ :၀၀ မှ ၁၁:၀၀)** စကားပုံများမှမှတ်သားစရာ
- **ရခိုင် (၁၁:၀၀ မှ ၁၃:၀၀)** ရခိုင်ရိုးရာသမက်တက်မင်္ဂလာ
- **ရှမ်း (၁၃:၀၀ မှ ၁၅:၀၀)** ရှမ်းဘာသာစကားပြောကြားရေးအောင်(အပိုင်း-၇)
- **၀ (၁၅ :၀၀ မှ ၁၇ :၀၀)** လားရှိုးသို့အလည်တစ်ခေါက်
- **ကချင် (၁၇ :၀၀ မှ ၁၉ :၀၀)** ပူတာအိုသို့အလည်တစ်ခေါက်
- **ကယား (၁၉ :၀၀ မှ ၂၁ :၀၀)** အပန်းဖြေရာဘုရားမြေကြာကန်သို့အရောက်လှမ်းခဲ့ပါ
- **ဓကေကရင် (၂၁ :၀၀ မှ ၂၂ :၀၀)** ကျောက်ကပ်ရောဂါအကြောင်းသိကောင်းစရာ
- **အနောက်ပိုးကရင် (၂၂:၀၀ မှ ၂၃:၀၀)** စားပြိန်ဖွယ်ရာ၀ုံးဟင်းလျာ

**MRTV NEWS**

- ၀၆:၀၀ အဖွင့်၊တေးသီချင်း
- ၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၂:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၃:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၄:၀၀ MRTV National News
- ၁၅:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ (LIVE)
- ၁၈:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၀:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၂၂:၀၀ ပြည်တွင်းသတင်း (LIVE)

**MRTV PARLIAMENT**

- ၀၉:၀၀ အဖွင့်၊အသံ
- ၀၉:၃၀ ဥပဒေရေးရာအမြဲတမ်းဇာတ်လမ်းတို "ကာဝန်နှင့်လူ"
- ၁၀:၀၀ ပြည်ထောင်စုလွှတ်တော်ပွဲတော်မရှင်၏ ကြေညာချက်သတင်းများ
- ၁၀:၃၀ ဥပဒေအိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးပန်း (အပိုင်း-၀)
- ၁၁:၀၀ ရွေးချယ်တင်မြှောက်ပုံစနစ်(အပိုင်း-၂)
- ၁၁:၃၀ အတွေးအမြင်(အပိုင်း-၀)

**MRTV FARMERS**

- ၀၆:၀၀ အဖွင့်နိုင်ငံတော်သီချင်း၊နွေတ်ခွန်းဆက်
- ၀၆:၀၂ တောင်သူလယ်သမားရေးရာသတင်း
- ၀၆:၅၀ ကမ္ဘာ့အဆင့်မီမြန်မာ့ကော်ဖီ
- ၀၇:၁၀ စိမ်းနီပါ၊ပြုလယ်ကွင်းဆီမှာဖူးငုံ၀ါပွင့်ပန်တင့်သည့်သာစည်ပြေ
- ၀၇:၅၀ တောင်သူစိုက်ခင်းဆီသို့အလည်တစ်ခေါက်
- ၀၈:၀၀ မကော်ဗီသုတေသနမှသည်ကော်ဖီကဏ္ဍ တိုးတက်မှုမျှော်ရည်
- ၀၈:၅၀ လယ်လုပ်သူတို့ဟုတ်ကွဲ့ခ်ိန်
- ၀၉:၂၀ မိုက်ပျံသင်္ဘောများနှင့်အောင်ပြင်ပြေနေသော ရန်ကုန်တိုင်းဒေသကြီး

**MRTV SPORTS**

- ၀၆:၀၀ အဖွင့်
- ၀၆:၃၀ အခြေခံအားကစားနည်းစနစ်များ
- ၀۷:၀၀ Sports News
- ၀۷:၃၀ Soccer View/ Weekly Sports Info/ Sports Diary/ Weekly MNL Review
- ၀۷:၄၅ အားကစားလောကထဲက သူတို့အကြောင်း
- ၀۸:၀၀ ၂၀၂၂ခုနှစ်၊ပြည်နယ်နှင့်တိုင်းဒေသကြီး အသက်(၁၆)နှစ်အောက်(အမျိုးသား) ဘောလုံးပြိုင်ပွဲတိုက်ရိုက်ထုတ်လွှင့်မှု (ဗိုလ်လုပ္ပွဲ)(ပဇကွေးတိုင်းဒေသကြီးအသင်းနှင့် ကချင်ပြည်နယ်အသင်း)
- ၂၀:၀၀ ပြည်တွင်းသတင်း

Education Channel တို့ ဒေတာ(၂)ခု(၂)ခု(၅)ခု(၅)ခု(၅

# ကယားပြည်နယ် စက်မှုဇုန်ဒေသဆိုင်ရာကော်မတီ၏ စက်မှုလုပ်ငန်းများတိုးတက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး လွိုင်ကော်မြို့၌ ကျင်းပ

**လွိုင်ကော် နိုဝင်ဘာ ၂**

ကယားပြည်နယ် စက်မှုဇုန်ဒေသဆိုင်ရာကော်မတီ၏ စက်မှုလုပ်ငန်းများ တိုးတက်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက ကယားပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်က အဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံတော်အနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် စီးပွားရေးမြှင့်တင်မှုနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရှိစေရန်ရည်ရွယ်၍ မူဝါဒများချမှတ်ကာ စက်မှုဇုန်များ ဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေးဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်နယ်အနေဖြင့်လည်း ပြည်နယ်အတွင်း လက်ရှိဆောင်ရွက်နေသည့် စိုက်ပျိုးရေး၊ မွေးမြူရေးကို အခြေခံသည့် ထွက်ကုန်များနှင့် ပြည်နယ်အတွင်းရှိ သဘာဝအရင်းအမြစ်များမှ ထုတ်လုပ်ရရှိသည့်သယံဇာတများကို ကုန်ချောအဆင့်သို့ ပြုပြင်ထုတ်လုပ်နိုင်ရေး၊ ပြည်တွင်း ပြည်ပသို့ တင်ပို့ရောင်းချနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ထိုသို့စက်မှုဇုန်များ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် ပြည်နယ်အစိုးရအဖွဲ့၊ ဌာနဆိုင်ရာများနှင့် ပုဂ္ဂလိက စက်မှုလုပ်ငန်းရှင်များ တက်ညီလက်ညီ ပူးပေါင်းပါဝင်ကူညီဆောင်ရွက်ပေးကြစေလိုကြောင်း မှာကြားသည်။

ထို့နောက် ပြည်နယ်စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူးက စက်မှုဇုန်ဒေသဆိုင်ရာကော်မတီ၏ လုပ်ငန်းများနှင့် စပ်လျဉ်း၍လည်းကောင်း၊ စက်မှုလက်မှုလုပ်ငန်းရှင်များက လုပ်ငန်းလိုအပ်ချက်များကိုလည်းကောင်း ဆွေးနွေးတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က တင်ပြဆွေးနွေးမှုများအပေါ် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ ပြန်လည်ဆွေးနွေးကြောင်း သိရသည်။

**ကိုဇင်(လွိုင်ကော်)**

# အာဆီယံဒေသတွင်းမှ ကလေးသူငယ်များအပေါ် အွန်လိုင်းအန္တရာယ်မှ အကာအကွယ်ပေးရေး အိုင်စီတီဖိုရမ်သို့ MRTV မှဝန်ထမ်းများ အွန်လိုင်းဖြင့် တက်ရောက်

**နေပြည်တော် နိုဝင်ဘာ ၂**

အာဆီယံဒေသတွင်းနိုင်ငံများမှ ကလေးသူငယ်များအပေါ် အွန်လိုင်းအန္တရာယ်မှ အကာအကွယ်ပေးရေးဆိုင်ရာ အိုင်စီတီဖိုရမ် (2022 ASEAN ICT Forum on Child Online Protection) ဆွေးနွေးပွဲကို ယနေ့ နံနက် ၈ နာရီက ကမ္ဘောဒီးယားနိုင်ငံက ဦးဆောင်ကျင်းပရာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဝန်ထမ်းများသည် မြန်မာနိုင်ငံရှိ ကလေးသူငယ်အခွင့်အရေးများနှင့်ပတ်သက်၍ ပူးပေါင်းဆောင်ရွက်နေကြသည့် ဌာနဆိုင်ရာများမှ ကိုယ်စားလှယ်များ၊ အာဆီယံဒေသတွင်းနိုင်ငံများရှိ လူငယ်များနှင့်အတူ အွန်လိုင်းဖြင့် တက်ရောက်ဆွေးနွေးကြသည်။

ဖိုရမ်တွင် အရှေ့တောင်အာရှနိုင်ငံများရှိ ကလေးသူငယ်များ အွန်လိုင်းအသုံးပြုရာတွင် ရရှိနိုင်သည့် ဆိုးကျိုးများနှင့် ကာကွယ်တားဆီးနိုင်ရန်အချက်များကို Session များခွဲ၍ အသေးစိတ်ဆွေးနွေးကြပြီး ကလေးသူငယ်များအပေါ် အွန်လိုင်းမှ အမြတ်ထုတ်ခြင်းနှင့် အလွဲသုံးစားမှုပုံစံများ ကာကွယ်ခြင်းဆိုင်ရာ ဒေသစီမံချက်လှုပ်ရှားမှုကို အကောင်အထည်ဖော် ဆောင်ရွက်ရန်နှင့် အာဆီယံ၏ဦးဆောင်မှုဖြင့် ကလေးသူငယ်များနှင့် လူငယ်လူရွယ်များ၊ ပညာရှင်များ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ အစိုးရများ၊ ICT ကုမ္ပဏီများအကြား အပြန်အလှန်အမြင်ချင်းဖလှယ်ကာ အသိပညာဆွေးနွေးမျှဝေကြသည်။

အဆိုပါဖိုရမ်ကို အမျိုးသမီးများနှင့် ကလေးသူငယ်အခွင့်အရေးများမြှင့်တင်ရေးနှင့် ကာကွယ်ရေးဆိုင်ရာ အာဆီယံကော်မရှင် (ASEAN Commission on the Promotion and Protection of the Rights of Women and Children–ACWC) သြစတြေးလျ၏ e–လုံခြုံရေးကော်မရှင်နာ၊ သြစတြေးလျရှေ့နေချုပ်ဌာနနှင့် FCPAT အပြည်ပြည်ဆိုင်ရာတို့က UNICEF ၏ ပံ့ပိုးကူညီမှုဖြင့် နိုဝင်ဘာ ၂ ရက်မှ ၃ ရက်အထိ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် အလှူငွေများလှူဒါန်း

**ရန်ကုန် နိုဝင်ဘာ ၂**

မြန်မာနိုင်ငံ စာရေးဆရာအသင်းက ၁၃၈၄ ခုနှစ် မြန်မာနိုင်ငံစာဆိုတော်နေ့ အထိမ်းအမှတ်အဖြစ် (၃၅) ကြိမ်မြောက် သက်ကြီး စာပေပညာရှင်များ ပူဇော်ကန်တော့ပွဲ အတွက် စေတနာရှင်များက အလှူငွေများ ဆက်လက် လှူဒါန်းကြရာ (ဗိုလ်ချုပ်ကြီး မဟာသရေစည်သူ စိုးဝင်း-ဇြမ်း)- ဒေါ်သန်းသန်းနွဲ့ (မလေး-မုံရွာ) သားသမီး မြေးတစ်စုက အလှူငွေကျပ် ၁၀ သိန်း၊ ဦးစိုးမြင့် (စိုးမှူး)- ဒေါ်ကြည်ကြည်ခင် (စိုးကြည်ဖြူ) သမီး အကယ်ဒမီစိုးမြတ်သူဇာ (စိုးမြတ်သူဇာ)မိသားစုက ငွေကျပ်သုံးသိန်း၊ ဆရာဦးကျော်မြင့် (ဦးကျော်မြင့်-G.A) မိသားစုက ငွေကျပ်နှစ်သိန်း၊ ဒေါ်ပုံမြို့နယ် စာရေးဆရာအသင်းက ငွေကျပ် ၁၁၀၀၀၀၊ ဦးမြတ်စိုး (မြတ်စိုး-လှိုင်)၊ ဦးမျိုးကျော်ဦး (Capt မျိုးကျော်ဦး)၊ ဒေါက်တာယဉ်ဝေလွင် (ပြည်) (ဥက္ကဋ္ဌ၊ ပြည်မြို့နယ် စာရေးဆရာအသင်း)၊ ဝဏ္ဏကျော်ထင် ဦးသိုက်ထွန်း (မောင်မျိုးထွန်း-မြင်ခြံ) - အဂ္ဂမဟာသီရိသုဓမ္မသိဂီ ဒေါ်နွဲ့နွဲ့ကြည်၊ ဆရာကြီး ဦးသန်းဆွေ (မောင်သန်းဆွေ- ထားဝယ်)၊ ဗိုလ်မှူးကြီးမြင့်ဆွေ (ငြိမ်း)- ဒေါ်ခင်မာချစ် (စာရေးဆရာမ ခိုင်ယဉ်မွန် -ဝိဇ္ဇာ/သိပ္ပံ) မွန်စာပေမိသားစု၊ ဦးစံရွှေ(တင်မောင်ထက်-ကွမ်းခြံကုန်း) (ဥက္ကဋ္ဌ၊ကွမ်းခြံကုန်းမြို့နယ် စာရေးဆရာအသင်း)၊ တက္ကသိုလ် ကိုကိုနိုင်- ယမင်း (ပညာရေး) စာပေမောင်နှံမိသားစု၊ ဦးတင်မိုးအောင်(ခ) နေရှိုင်း- ဒေါ်လှလှသန်း သား မောင်ဟိန်းကြယ်စင်၊ ဦးမောင်မောင်ဦး(ကိုဦး-မုံရွာ)-ဒေါက်တာကြည်ကြည်မာ (မုံရွာမြို့)၊ ဗဟန်းမြို့နယ်စာရေးဆရာအသင်းနှင့် ဒဂုံ(မြောက်ပိုင်း) မြို့နယ်စာရေးဆရာအသင်းတို့က ငွေကျပ် တစ်သိန်းစီ၊ ဦးမျိုးထွန်း (မောင်စိမ်းနောင်- လယ်ဝေး)၊ ဦးညွန့်တင် (မောင်ငြိမ်းသူ-ကြို့ပင်ကောက်)၊ ဒေါ်မြေသန်း (မနှင်းဖွေး)၊ ဦးမြင့်ဦး(မြင့်မိုရ်ဦး-ပဲခူး)-ဒေါ်အေးအေးခိုင်(ပဲခူးမြို့)၊ စာရေးဆရာမ မေမြတ်စန္ဒာ၊ စာရေးဆရာမ ရွှေထုံခင်သီတာလှိုင် (ဥက္ကဋ္ဌ၊ သထုံမြို့နယ်စာရေးဆရာအသင်း)၊ အောင်ငယ်စစ် (အင်းစိန်)၊ ဦးထွန်းငွေ-ဒေါ်ခင်ဌေးမြင့်(သန်လျင်မြို့)၊ ဦးဗိုလ်ဝင်း-ဒေါ်မိုးသီတာ (ဘယဆေးရောင်းဝယ်ရေး-ဈေးချို)၊ မြောက်ဥက္ကလာပမြို့နယ် စာရေးဆရာအသင်း၊ ပျဉ်းမနားမြို့နယ်စာရေးဆရာအသင်း၊ မိုးညှင်းမြို့နယ် စာရေးဆရာအသင်း၊ ပခုက္ကူမြို့နယ် စာရေးဆရာအသင်း၊ ကျောက်တံတားမြို့နယ် စာရေးဆရာအသင်းနှင့် အလုံမြို့နယ် စာရေးဆရာအသင်းတို့က ငွေကျပ်ငါးသောင်းစီ၊ ဒေါက်တာသိန်းဌေးဝင်း (မင်္ဂလာဒုံမြို့နယ်)၊ ဦးလှဘော် (မောင်လှဘော်- မအူပင်) အောင်မြေသာစံမြို့နယ် နှင့် ဆရာကြီးဦးလှမြင့် (မောင်မဟာ) အားရည်စူး၍ ကျန်ရစ်သူမိသားစုက ငွေကျပ်သုံးသောင်းစီ၊ ဦးကံလှ (မောင်လူလှ- ဇေယျာဦး) အောင်မြေသာစံမြို့နယ်၊ ဦးမြဝင်း (မြဝင်းဦး- မန်းတက္ကသိုလ်) အောင်မြေသာစံမြို့နယ်နှင့်စာရေးဆရာမ မန္တယ်(ကလော) မိသားစုက ငွေကျပ်နှစ်သောင်းစီ၊ ဦးဇော်လင်းဦး(အောင်စံ)အောင်မြေသာစံမြို့နယ်က ငွေကျပ်တစ်သောင်း ပေးအပ်လှူဒါန်းကြရာ အသင်း ဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူ မောင်နိုင်မိုး)၊ ဒုတိယဥက္ကဋ္ဌ (၂) ဦးစိုးမြင့်(စိုးမှူး)၊ အတွင်းရေးမှူး ဦးညွန့်တင် (မောင်ငြိမ်းသူ-ကြို့ပင်ကောက်)နှင့် တာဝန်ရှိသူများက လက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

**လှူဒါန်းနိုင်**

အလှူငွေဖြစ်စေ၊ အလှူပစ္စည်းဖြစ်စေ လှူဒါန်းလိုပါက မြန်မာနိုင်ငံ စာရေးဆရာအသင်း အမှတ် (၁၇၃/၁၇၅) ပန်းဆိုးတန်းလမ်း (အလယ်) ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၂၅၂၄၁၇၊ ၀၉-၄၅၀၀၉၀၄၈၆ သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# စိုက်ပျိုးရေးသိပ္ပံ(ကျောက်တော်)၏ ၂၀၂၁-၂၀၂၂ ပညာသင်နှစ် နောက်ဆုံးနှစ်ကျောင်းသား ကျောင်းသူများ၏ ကျောင်းဆင်းနှုတ်ဆက်ပွဲကျင်းပ

**ကျောက်တော် နိုဝင်ဘာ ၂**

ရခိုင်ပြည်နယ် ကျောက်တော်မြို့ရှိ စိုက်ပျိုးရေးသိပ္ပံ(ကျောက်တော်) ၏ ၂၀၂၁-၂၀၂၂ ပညာသင်နှစ် နောက်ဆုံးနှစ် ကျောင်းသား ကျောင်းသူများ၏ ကျောင်းဆင်းပွဲအခမ်းအနားကို ယမန်နေ့က အဆိုပါကျောင်းရှိ ရတနာဝန်းမ၌ ကျင်းပခဲ့သည်။

ဦးစွာ ကျောင်းဆင်းပွဲအခမ်းအနားတွင် ပထမနှစ် ကျောင်းသူများက "မဟာမုနိဘဂဝါ" တေးသီချင်း အကအလှဖြင့် ကပြဖျော်ဖြေကာ အခမ်းအနားကို ဖွင့်လှစ်ခဲ့သည်။

စိုက်ပျိုးရေးသိပ္ပံ (ကျောက်တော်)မှ ကျောင်းအုပ်ဆရာကြီး ဦးခင်မောင်သန်းက စိုက်ပျိုးရေးကျောင်းဆင်း တစ်ယောက်ဖြစ်သည်နှင့်အညီ ကျောင်းသား ကျောင်းသူများအနေဖြင့် စိုက်ပျိုးရေးပညာရပ်များအား ဆက်လက်လေ့လာ လေ့ကျင့်သွားကြရန်၊ နိုင်ငံတော်၏ စိုက်ပျိုးရေးလုပ်ငန်းများတွင် အားကိုးအားထားရသော စိုက်ပျိုးရေးပညာရှင်များ ဖြစ်လာစေရန်၊ မိမိတို့ သင်ကြားတတ်မြောက်ထားသော ပညာရပ်များအား တောင်သူများထံ လက်ဆင့်ကမ်းပညာပေးရန်နှင့် ကျေးလက်နေတောင်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကူညီဆောင်ရွက်ပေးကြရန် ပြောကြားခဲ့သည်။

အဆိုပါ ကျောင်းဆင်းပွဲအခမ်းအနားသို့ ကျောင်းအုပ်ဆရာကြီး၊ ဒုတိယကျောင်းအုပ်ဆရာကြီးများ၊ ဆရာ ဆရာမများ၊ ဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **ခင်မောင်ထွန်း (ပြန်/ဆက်)**

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၃-၁၁-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၀၀၅ | ၂၀၅၅ | ၂၀၅၀ | ၂၀၁၅ | ၂၀၅၀ | ၂၀၇၅ | ၂၀၆၀ | ၂၀၄၀ | ၂၁၃၅ | ၂၁၅၀ | ၂၀၄၅ | ၂၀၅၅ | ၂၀၉၀ | ၂၀၉၀ | ၂၀၉၀ | ၂၃၁၀ | ၂၉၂၀ |
| 95 Ron | ၂၀၉၅ | ၂၁၄၅ | ၂၁၄၀ | ၂၁၀၅ | ၂၁၄၀ | ၂၁၆၅ | ၂၁၅၀ | ၂၁၃၀ | ၂၂၂၀ | ၂၂၃၅ | ၂၁၃၅ | ၂၁၅၀ | ၂၁၈၀ | ၂၁၈၀ | ၂၁၈၀ | ၂၄၀၀ | ၃၀၀၀ |
| HSD (500 ppm) | ၂၅၆၀ | ၂၆၁၀ | ၂၆၀၅ | ၂၅၇၀ | ၂၆၀၅ | ၂၆၃၀ | ၂၆၂၅ | ၂၅၉၅ | ၂၇၁၀ | ၂၇၀၅ | ၂၆၀၀ | ၂၆၁၀ | ၂၆၄၅ | ၂၆၄၅ | ၂၆၄၅ | ၂၈၆၅ | ၃၆၄၅ |
| HSD (50 ppm) | ၂၆၃၅ | ၂၆၈၅ | ၂၆၈၀ | ၂၆၄၅ | ၂၆၈၀ | ၂၇၀၅ | ၂၇၀၀ | ၂၆၇၀ | ၂၇၈၀ | ၂၇၇၅ | ၂၆၇၅ | ၂၆၈၅ | ၂၇၁၅ | ၂၇၂၀ | ၂၇၂၀ | ၂၉၄၀ | ၃၆၇၅ |
| HSD (10 ppm) | ၂၆၃၅ | ၂၆၈၅ | ၂၆၈၀ | ၂၆၄၅ | ၂၆၈၀ | ၂၇၀၅ | ၂၇၀၀ | ၂၆၇၀ | ၂၇၈၀ | ၂၇၇၅ | ၂၆၇၅ | ၂၆၈၅ | ၂၇၁၅ | ၂၇၂၀ | ၂၇၂၀ | ၂၉၄၀ | ၃၆၇၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၉၀၉ | ၁၉၈၁ |
| 95 Ron | ၁၉၉၅ | ၂၀၆၉ |
| HSD (500 ppm) | ၂၄၄၈ | ၂၅၂၆ |
| HSD (50 ppm) | ၂၅၁၉ | ၂၅၉၉ |
| HSD (10 ppm) | ၂၅၁၉ | ၂၅၉၉ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေး တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆۷- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆۷- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၅

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

## သုတဝေဖြာသိရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာမျှဝေမှု အစီအစဉ်၊ လူရွှင်တော်အသင်းမှ မိသားစုများ ပါဝင်ယှဉ်ပြိုင်ကြမည်

**နေပြည်တော် နိုဝင်ဘာ ၂**

သုတဝေဖြာသိရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာပေးအစီအစဉ် (Family Quiz) ပွဲစဉ်(၉၀)ကို နိုဝင်ဘာ ၄ ရက်တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV–HD Channel မှ ဆက်လက်ထုတ်လွှင့်မည်ဖြစ်သည်။

အဆိုပါ ကိုဗစ်-၁၉ ဆိုင်ရာ အသိပညာမျှဝေမှုအစီအစဉ်ကို အစီအစဉ်တင်ဆက်သူ စိုးရန်အောင်နှင့် ဖြူဖြူခိုင်တို့က တင်ဆက်ကြမည်ဖြစ်ပြီး လူရွှင်တော်အသင်းမှ မိသားစုများ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ရာ ယင်းပြိုင်ပွဲများကို နိုဝင်ဘာ ၄ ရက်၊ ၅ ရက်နှင့် ၆ ရက် တို့တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV–HD မှ ည ၇ နာရီခန့်တွင် ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## "နိုပါတ်တော်လာ ဇာတ်သဘင်မဟာ အစီအစဉ်" အဖြစ် "မဟော်သဓနှင့် အမရာဒေဝီ" ဇာတ်တော်ကို မြန်မာ့ရုပ်မြင်သံကြား၌ ဆက်လက်ပြသမည်

**နေပြည်တော် နိုဝင်ဘာ ၂**

မိဘပြည်သူများ ဇာတ်သဘင်ဖျော်ဖြေတင်ဆက်မှုဖြင့် စိတ်အပန်းပြေစေရန်၊ လူငယ်လူရွယ်များ ဗုဒ္ဓဝင်ဇာတ်နိပါတ်တော်များအကြောင်း သိရှိနားလည်ပြီး အသိပညာဗဟုသုတရရှိနိုင်ရန်နှင့် သဘင်ပညာရှင်များ၏ အနုပညာရသစွမ်းရည်များ ဖော်ထုတ်ပြသနိုင်ရန် ရည်ရွယ်ချက်များဖြင့် "နိုပါတ်တော်လာ ဇာတ်သဘင်မဟာအစီအစဉ်" ဆန်းသစ်တင်ဆက်မှုကို အောက်တိုဘာ ၂၂ ရက်မှစတင်၍ အပတ်စဉ်စနေနေ့ ညတိုင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV–HD Channel မှ ထုတ်လွှင့်ပြသလျက်ရှိသည်။

### ပါဝင်တင်ဆက်

အဆိုပါအစီအစဉ်မှ "မဟော်သဓနှင့် အမရာဒေဝီ" ဇာတ်တော်ကို သဘင်ပညာရှင် ပတ္တမြားကေခိုင်စီစဉ်ပြီး Art Director ဆန်းမင်း၏ အနုပညာဖန်တီးမှု၊ ရွာစားဝါးခယ်မ စိန်မုန့်လုံး၏ တီးခတ်မှုနှင့်အတူ ဘွန်း၊ ဆန်းနေအောင်၊ ငြိမ်းချမ်းခိုင်၊ ချမ်းချမ်းမိုးတို့နှင့်အတူ သဘင်ပညာရှင်များ၊ အနုပညာရှင်များက ပါဝင်တင်ဆက်ကြမည်ဖြစ်သည်။

ထိုသို့တင်ဆက်မှုကို နိုဝင်ဘာ ၅ ရက် (စနေနေ့) ည ၈ နာရီသတင်းအပြီး ည ၉ နာရီခန့်တွင် ပြသမည်ဖြစ်ပြီး နိုဝင်ဘာ ၉ ရက် (ဗုဒ္ဓဟူးနေ့) ည ၉ နာရီခန့်တွင်လည်း ပြန်လည်ပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## "တူယှဉ်နွဲ့ပျော် ဂီတပွဲတော်" သီချင်းဆိုပြိုင်ပွဲ Season–2 အုပ်စု(C) ပွဲစဉ်(၁၀)ကို မြန်မာ့ရုပ်မြင်သံကြားမှ တိုက်ရိုက်(Live) ပြသမည်

**နေပြည်တော် နိုဝင်ဘာ ၂**

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် "တူယှဉ်နွဲ့ပျော် ဂီတပွဲတော်" Season–2 သီချင်းဆိုပြိုင်ပွဲကို ပွဲစဉ် ၁၈ ပွဲဖြင့် စက်တင်ဘာ ၂ ရက်မှစတင်ပြီး အပတ်စဉ်သောကြာနေ့ညတိုင်း ကျင်းပလျက်ရှိရာ ဒီဇင်ဘာ ၃၀ ရက်အထိ ကျင်းပမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲများတွင် အကဲဖြတ်ဒိုင်များအဖြစ် ထပ်ဆင့်အကယ်ဒမီချိုပ်မှူး၊ စန္ဒရားမျိုးနိုင်နှင့် တေးသံရှင်ခိုင်ဝါတို့က ဆောင်ရွက်ကြမည်ဖြစ်ပြီး မြန်မာ့အသံတေးဂီတအဖွဲ့နှင့်တွဲဖက်၍ သရုပ်ဆောင်/တေးသံရှင်များဖြစ်ကြသည့် ဝေလျှံနှင့် သန္ဓာမြင့်မိုရ်တို့က အစီအစဉ်တင်ဆက်သူများအဖြစ် ဆောင်ရွက်ကြမည်ဖြစ်သည်။

ယင်းပြိုင်ပွဲသို့ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ရွေးချယ်ထားသည့် ပြိုင်ပွဲဝင် သုံးဦးစီဖြင့် စုစုပေါင်း ၄၅ ဦး ပါဝင်ယှဉ်ပြိုင်လျက်ရှိပြီး ပြိုင်ပွဲ၏ အုပ်စု(C) ပွဲစဉ်(၁၀)ကို နိုဝင်ဘာ ၄ ရက် သောကြာနေ့ညတွင် ယှဉ်ပြိုင်ကြမည်ဖြစ်ရာ ရခိုင်ပြည်နယ်မှ မျိုးဆက်နွယ်၊ ချင်းပြည်နယ်မှ သူဇာမြင့်မိုရ်၊ ကယားပြည်နယ်မှ ရတနာဝင်းမြာ၊ ကချင်ပြည်နယ်မှ မေဇီ၊ မွန်ပြည်နယ်မှ ရွှေစင်ကြယ်၊ တနင်္သာရီတိုင်းဒေသကြီးမှ ခင်ပြည့်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီးမှ ပြည့်ဖြိုးအောင်၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ရေဂျိနားနှင့် ရှမ်းပြည်နယ်မှ ဖြိုးပြည့်ပြည့်မောင် စုစုပေါင်းပြိုင်ပွဲဝင်ကိုးဦးတို့၏ စိတ်ကြိုက်တေးသီချင်းများဖြင့် သီဆိုယှဉ်ပြိုင်ကြပုံများကို ယင်းနေ့ ည ၈ နာရီ သတင်းများအပြီးတွင် MRTV – HD မှ တိုက်ရိုက်ရိုက်ကူးထုတ်လွှင့်သွားမည်ဖြစ်ကြောင်းနှင့် ထိုသို့တင်ဆက်မှုကို နိုဝင်ဘာ ၆ ရက် (တနင်္ဂနေ့)နံနက် ၁၀ နာရီခန့်တွင် ပြန်လည်ပြသမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ရန်ကုန်တိုင်းဒေသကြီးကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေး ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂**

ရန်ကုန်တိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (၂၉)ကြိမ်မြောက် နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေးကို အောက်တိုဘာ ၂၉ ရက်က မရမ်းကုန်းမြို့နယ် ဘုရင့်နောင်ကုန်စည်ဒိုင် အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ သဘာပတိ ဦးခင်ဟန်က အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် တွဲဖက်အထွေထွေအတွင်းရေးမှူးဦးအေးထွန်းက အမှာစကားပြောကြားသည်။ ဆက်လက်၍ ၂၀၂၁ ခုနှစ် ဗဟိုအလုပ်အမှုဆောင်ကော်မတီ အစီရင်ခံစာနှင့် ငွေစာရင်းရှင်းတမ်းတို့ကို ဖတ်ကြားတင်ပြ၍ အတည်ပြုချက်ရယူခဲ့သည်။

၂၀၂၃-၂၀၂၅ ခုနှစ်အတွက် အလုပ်အမှုဆောင်အဖွဲ့သစ်အမည်စာရင်းကို ရွေးချယ်တင်မြှောက်ပွဲကြီးကြပ်ရေးကော်မရှင် အဖွဲ့ဝင်ဦးတင်မြင့်က ဖတ်ကြားတင်ပြရာ ဥက္ကဋ္ဌဒေါက်တာမျိုးလွင်၊ အထွေထွေအတွင်းရေးမှူး ဒေါက်တာကျော်ဝင်းတို့ ပါဝင်သည့် ဗဟိုအလုပ်အမှုဆောင် ၄၉ ဦးတို့ကို ရွေးချယ်တင်မြှောက်ပွဲကြီးကြပ်ရေးကော်မရှင် တာဝန်ရှိသူတို့ကအတည်ပြုသည်။ ထို့နောက် ဥက္ကဋ္ဌ ဒေါက်တာမျိုးလွင်က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ရန်ကုန်တိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဘုရင့်နောင်ကုန်စည်ဒိုင်တွင်မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံနှင့်ကုလားပဲများကိုနှစ်စဉ်ပြည်ပသို့တင်ပို့ရောင်းချလျက်ရှိပြီး အိန္ဒိယနိုင်ငံသို့ အများဆုံး တင်ပို့ရောင်းချလျက်ရှိသည်။ ကုန်စည်ဒိုင်အတွင်းပြုလုပ်သည့် အရောင်းအဝယ်များတွင် ကတိကဝတ်ပျက်ယွင်းပြီးအငြင်းပွားမှုများပေါ်ပေါက်သည့်အခါ အသင်းဝင်များ၏ အကျိုးအတွက် နှစ်ဦးနှစ်ဖက် ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိသည်။ ရန်ကုန်တိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းသည် ပြည်ပစျေးကွက်နှင့်ကိုက်ညီပြီး အရည်အသွေးရှိပဲမျိုးစုံ၊ နှမ်း၊ ပြောင်းနှင့် အခြားစားသောက်ကုန်များတိုးတက်တင်ပို့ရောင်းချနိုင်ရေးနှင့်နိုင်ငံတော်၏ကုန်သွယ်ရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရန် ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မျိုးမင်းသူရ**

# မအီ-ကျောက်ဖြူလမ်းပိုင်းကို Feasibility Study ဆောင်ရွက်နိုင်ရန်အတွက် စီစဉ်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၂**

နေပြည်တော်-အောင်လံ-မအီ-ကျောက်ဖြူလမ်းစီမံကိန်းမှ မအီ-ကျောက်ဖြူလမ်းပိုင်းကို Feasibility Study ဆောင်ရွက်နိုင်ရန်အတွက် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာနမှ သိရသည်။

မအီ-ကျောက်ဖြူ လမ်းပိုင်းသည် နေပြည်တော်-အောင်လံ-မအီ-ကျောက်ဖြူ လမ်းစီမံကိန်းတွင် ပါဝင်သည့် အစိတ်အပိုင်းတစ်ခုဖြစ်ပြီး နေပြည်တော်-မအီလမ်းပိုင်းကို Feasibility Study ဆောင်ရွက်ထားရှိပြီးဖြစ်ကာ ကျန်ရှိသော လမ်းပိုင်းဖြစ်သည့် မအီ-ကျောက်ဖြူလမ်းပိုင်းကို Feasibility Study ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။

နေပြည်တော်-အောင်လံ-မအီ-ကျောက်ဖြူလမ်းစီမံကိန်းသည် တရုတ်-မြန်မာ စီးပွားရေးစင်္ကြံ (China Myanmar Economic Corridor)၏ ဆောလျင်စွာ ဆောင်ရွက်ရမည့် စီမံကိန်းများ (Early Harvest Projects)တွင် တစ်ခုအပါအဝင်ဖြစ်ပြီး အရေးကြီးသော လမ်းပိုင်းတစ်ခုဖြစ်သည်။

"စီမံကိန်းထဲက နေပြည်တော်-အောင်လံ-မအီအပိုင်းက Feasibility Study ဆောင်ရွက်ပြီးဖြစ်ပါတယ်။ ကျန်တဲ့ အပိုင်းဖြစ်တဲ့ မအီ-ကျောက်ဖြူအပိုင်းအတွက် Feasibility Study ဆက်လုပ်နိုင်ဖို့ မြန်မာ-တရုတ် နှစ်နိုင်ငံ MoU ထပ်မံရေးထိုးဖို့ စီစဉ်ဆောင်ရွက်နေပါတယ်။ ဒီလမ်းစီမံကိန်းက နှစ်နိုင်ငံကုန်သွယ်ရေးအတွက် အရေးပါတဲ့ လမ်းပိုင်းတစ်ခုပါ။ ပြီးတော့ မအီ-ကျောက်ဖြူလမ်းပိုင်းက ကျောက်ဖြူအထူးစီးပွားရေးဇုန်နဲ့ ရေနက်ဆိပ်ကမ်းစီမံကိန်းကနေ အသုံးပြုမယ့် ယာဉ်စီးရေပမာဏတွေအတွက် မျှော်မှန်းဆောင်ရွက်တဲ့ လမ်းပိုင်းတစ်ခုဖြစ်ပါတယ်"ဟု ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မြန်မာ-တရုတ် နှစ်နိုင်ငံ စီးပွားရေးစင်္ကြံ ပူးတွဲတည်ထောင်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ(MoU)ကို ၂၀၁၈ ခုနှစ် စက်တင်ဘာ ၉ ရက်တွင် တရုတ်နိုင်ငံ ပေကျင်းမြို့၌ လက်မှတ်ရေးထိုးခဲ့ကြပြီး နှစ်နိုင်ငံသဘောတူညီချက်အရ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် China Harbour Engineering Company Limited (CHEC)တို့အကြား နေပြည်တော်-အောင်လံ-မအီ-ကျောက်ဖြူလမ်း စီမံကိန်းအတွက် Feasibility Study ဆောင်ရွက်ရန် နားလည်မှုစာချွန်လွှာ(MoU)ကို ၂၀၁၈ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။

ယင်းစီမံကိန်းသည် တရုတ်-မြန်မာစီးပွားရေးစင်္ကြံ (China Myanmar Economic Corridor)၏ အရေးပါသောလမ်းပိုင်းဖြစ်ပြီး Master Plan on ASEAN Connectivity 2025 (MPAC 2025) ၏ Priority Initial Rolling Pipeline Projects တွင်ပါဝင်၍ Myanmar National Project Bank တွင်လည်း ထည့်သွင်းထားပြီးဖြစ်ကြောင်း သိရသည်။ **ကေကေ**

နေပြည်တော်-အောင်လံ-မအီ-ကျောက်ဖြူလမ်း တည်နေရာပြ မြေပုံ။

# ရွှေသာယာမြို့မစျေးအတွင်း မီးဘေးကာကွယ်ရေးနှင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး စစ်ဆေးဆောင်ရွက်

**ချောင်းသာ နိုဝင်ဘာ ၂**

ဧရာဝတီ တိုင်းဒေသကြီး ချောင်းသာမြို့ ရွှေသာယာမြို့မစျေးကြီးအတွင်း မီးဘေးကာကွယ်ရေးနှင့် လျှပ်စစ်အန္တရာယ် ကင်းရှင်းစေရေးအတွက် ယနေ့ မွန်းလွဲ ၂ နာရီက မြို့စည်ပင်သာယာရေးအဖွဲ့က ဦးဆောင်၍ တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**စစ်ဆေး**

ရှေးဦးစွာ မြို့စည်ပင်သာယာရေးအဖွဲ့၊ မြို့လျှပ်စစ်အင်ဂျင်နီယာအဖွဲ့၊ နယ်မြေခံ မီးသတ်တပ်ဖွဲ့နှင့် စျေးကော်မတီအဖွဲ့များ ပါဝင်သော ပူးပေါင်းအဖွဲ့က စျေးဆိုင်ခန်းများတွင် တပ်ဆင်အသုံးပြုနေသော မီတာဘောက်များ၊ လျှပ်စစ်ပစ္စည်းများနှင့် ဝါယာကြိုးများ ကြံ့ခိုင်မှုနှင့် လုံခြုံမှုရှိ၊ မရှိစစ်ဆေးခြင်း၊ ဆိုင်ခန်းများတွင် အဆင်သင့်ဆောင်ထားသော မီးသတ်ဆေးဘူးများ၏ အရည်အသွေး ပြည့်ဝမှုရှိ၊ မရှိ စစ်ဆေးခြင်းနှင့် အရေးပေါ်အခြေအနေတွင် အသုံးပြုရန်အတွက် တပ်ဆင်ထားသော စျေးကော်မတီ၏ ရေတွင်း၊ ရေကန်များအား စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ကြပြီး စျေးသူစျေးသားများအား မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး လုပ်ငန်းများ အသိပညာပေးဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ချောင်းသာ(ပြန်/ဆက်)**

# ငပုတောမြို့နယ်၌ မိုးစပါးစံပြကွက် ရိတ်သိမ်းပွဲကျင်းပ

**ငပုတော နိုဝင်ဘာ ၂**

ဧရာဝတီ တိုင်းဒေသကြီး ငပုတောမြို့နယ် ဖျန်ရေကျော်ကျေးရွာ၌ မြို့နယ်စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးကော်မတီက ကြီးမှူး၍ ၂၀၂၂ ခုနှစ် မိုးစပါးဆင်းသုခ (စီးပွားဖြစ်မျိုးသန့်မျိုးစေ့ထုတ်) စံပြကွက် ရိတ်သိမ်းပွဲကို ယနေ့နံနက် ၈ နာရီက ၈က ၉ ဒသမ ၀၀ စံပြကွက်ရှိတောင်သူ ဒေါ်မေသဇင်ဦး၏ ကွင်းအမှတ် (၁၃၇၃)၊ ဦးပိုင်အမှတ် (၁၅/၃)ရှိ လယ်မြေတွင် ကျင်းပရာ တစ်ဧကလျှင် ဆင်းသုခစပါး အစို ၉၅ ဒသမ ၀၅ တင်းနှုန်း ထွက်ရှိခဲ့ကြောင်း သိရသည်။

အဆိုပါ မိုးစပါးစံပြကွက် ရိတ်သိမ်းပွဲသို့ မြို့နယ်စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးကော်မတီဥက္ကဋ္ဌ ဦးကျော်သူ၊ အတွင်းရေးမှူး ဦးထွန်းမျိုးသန့်နှင့် ဝန်ထမ်းများ၊ မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ ဦးစီးအရာရှိ ဦးကျော်ကျော်ဝင်းနှင့် ဝန်ထမ်းများ၊ မြို့နယ် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးကော်မတီမှ အဖွဲ့ဝင်များ၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် ကျေးရွာအတွင်းရှိ စိတ်ပါဝင်စားသူ ကျေးလက်နေတောင်သူ စုစုပေါင်း ၇၂ ဦး တက်ရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

■

# သက်ရှိကမ္ဘာရှင်သန်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့

# စိုက်ပျိုးရေးနှင့် မွေးမြူရေး အပြန်အလှန်အကျိုးပြု ပျားမျိုးစိတ်များအကြောင်း သိကောင်းစရာ

ဒေါက်တာသက်ပိုင်ဦး (မွေး/သု)




ကမ္ဘာတစ်ဝန်း မွေးမြူရေး ပျားအုံပိုင်ဆိုင်မှု အခြေအနေပြပုံ။

### ကမ္ဘာ့ပျားမွေးမြူရေး

ကမ္ဘာကြီးသည် ခေတ်စနစ်နည်းပညာများ တိုးတက်ပြောင်းလဲလာသည်နှင့်အမျှ ရွာကြီးတစ်ရွာကဲ့သို့ ဖြစ်လာပါသည်။ လူသားများ၏ စားဝတ်နေရေးအတွက် မရှိမဖြစ်လိုအပ်သော စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများသည်လည်း ခေတ်နှင့်အညီ နည်းပညာများတိုးတက်ပြောင်းလဲလျက်ရှိပါသည်။ မြန်မာနိုင်ငံသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် နိုင်ငံဖြစ်သည့်အတွက် စိုက်ပျိုးရေးလုပ်ငန်းနှင့် အပြန်အလှန် အမှီသဟဲပြုနေသည့် မွေးမြူရေးလုပ်ငန်းများတွင် ပျားမွေးမြူရေးသည်လည်း တစ်ခုအပါအဝင်ဖြစ်ပါသည်။ ကမ္ဘာပေါ်ရှိ ဒေသအလိုက် ပျားအုံပိုင်ဆိုင်မှုများကို လေ့လာကြည့်ပါက အာရှတွင် ၄၄ ရာခိုင်နှုန်း၊ အာဖရိကတွင် ၂၁ ရာခိုင်နှုန်း၊ ဥရောပဒေသတွင် ၂၁ ရာခိုင်နှုန်း၊ အမေရိကဒေသတွင် ၁၃ ရာခိုင်နှုန်းနှင့် သမုဒ္ဒရာဒေသတွင် တစ်ရာခိုင်နှုန်းခန့်ရှိကြောင်းသိရှိရပါသည်။ တရုတ်နိုင်ငံတွင် ပျားမွေးမြူရေးလုပ်ကိုင်သူ ၁၅၀၀၀ ခန့်သည် ပျားအုံပေါင်း တစ်သန်းကျော်ခန့် မွေးမြူထားရှိပြီး တရုတ်နိုင်ငံသည် ကမ္ဘာပေါ်တွင် ပျားရည်ထုတ်လုပ်မှုအမြင့်ဆုံးနိုင်ငံဖြစ်ကာ ၂၀၂၀ ပြည့်နှစ်တွင် ပျားရည်မက်ထရစ်တန် ၄၅၈၀၀၀ ခန့်ထွက်ရှိကြောင်း သိရှိရပါသည်။

### မြန်မာ့ပျားမွေးမြူရေး

မြန်မာနိုင်ငံတွင် ပျားမွေးမြူရေးလုပ်ငန်းကို ဥရောပပျားမျိုး *(Apis mellifera)* ကို ပြည်ပမှ ၁၉၇၉ ခုနှစ်တွင် တင်သွင်းမွေးမြူခဲ့ကာ ယနေ့အချိန်အထိ ပျားမွေးမြူရေးလုပ်ကိုင်သူ ၉၀၀ ခန့်သည် ပျားအုံစုစုပေါင်း ၁၉၂၇၇၀ ခန့်မွေးမြူလျက်ရှိပြီး ပျားရည်ထုတ်လုပ်မှုမှာ နှစ်စဉ် ၅၁၅၀ မက်ထရစ်တန်ခန့်ထုတ်လုပ်၍ အာရှနိုင်ငံများသို့ တင်ပို့ရောင်းချလျက်ရှိပါသည်။

### စိုက်ပျိုးရေးနှင့် မွေးမြူရေး အပြန်အလှန်အကျိုးပြုမှု

ဝတ်မှုန်ကူးပေးသည့် အင်းဆက်များစွာရှိသည့်အနက် ပျားများ၏ ခန္ဓာကိုယ်နှင့် ခြေထောက်၌ သဘာဝတရားက ပေးထားသည့် အမွေးအမျှင်လေးများနှင့် ဝတ်မှုန်သယ်ဆောင်သည့် ဝတ်မှုန်အိတ်လေးပါဝင်သည့်အတွက် အခြားအင်းဆက်များနှင့် မတူညီဘဲ ဝတ်မှုန်များစွာကို သယ်ဆောင်၍ တစ်ပင်နှင့်တစ်ပင် ကူးလူးဆက်သွယ်ခြင်းဖြင့် ပန်းပွင့်များ၊ အစေ့အဆန်များ ပိုမိုဖြစ်ထွန်းအောင်မြင်စေပါသည်။ စိုက်ပျိုးသူတောင်သူများအတွက် စိုက်ပျိုးသီးနှံများ အောင်မြင်နိုင်စေသလို မွေးမြူသူတောင်သူများအတွက်လည်း ပျားမှထွက်ရှိသည့် ပျားရည်၊ ပျားဖယောင်း၊ ပျားဝတ်မှုန်များကို ရရှိသည့် အကျိုးကျေးဇူး အပြန်အလှန် ရရှိစေပါသည်။

### ပျားမျိုးများ

ကမ္ဘာပေါ်တွင် ပျားမျိုးစိတ်ပေါင်း ၂၀၀၀ ကျော်ရှိပြီး သဘာဝပတ်ဝန်းကျင်ပြောင်းလဲခြင်း၊ သစ်တောများ ပြုန်းတီးလာခြင်းနှင့် လူသားများ နေရာချဲ့ထွင်လာခြင်းတို့ကြောင့် မျိုးပြုန်းခဲ့ရကြောင်း ကမ္ဘာ့သုတေသနပညာရှင်များက မှတ်တမ်းတင်ဖော်ပြထားပါသည်။ ပျားမျိုးစိတ်အားလုံးသည် ပျားရည်ထုတ်လုပ်နိုင်သော ပျားမျိုးများ မဟုတ်ကြပါ။ ဝတ်ရည်စုပျား(Honey Bee) ဆိုသည်မှာ ပန်းပွင့်များမှ ပန်းဝတ်ရည်ကိုစားသုံး၍ ပျားရည်ထုတ်လုပ်ခြင်း၊ အစုအဖွဲ့ဖြင့် နေထိုင်ခြင်းနှင့် ပန်းပွင့်များသန္ဓေအောင်ပြီး အသီးနှင့် မျိုးစေ့များရရှိစေရန် ဝတ်မှုန်ကူးပေးခြင်းတို့ကို လုပ်ဆောင်ပေးပါသည်။ ကမ္ဘာပေါ်တွင် ဝတ်ရည်စုပျားမျိုးစိတ် ၁၉ မျိုးရှိပြီး အဆိုပါမျိုးမှ ထပ်မံခွဲထွက်သော မျိုးစိတ်ပေါင်း(Sub–species) ၄၃ မျိုးရှိပါသည်။ မြန်မာနိုင်ငံတွင် ဒေသတွင်း ပျားမျိုးရင်းများဖြစ်သော သစ်ခေါင်းပျား *(Apis cerana)*၊ ပျားကြီးမျိုး *(Apis dorsata)*၊ ပျားကြီးမျိုးစိတ် *(Apis laboriosa)*၊ ယင်ပျားမျိုး *(Apis florea)*၊ ယင်ပျားမျိုးစိတ် *(Apis andreniformis)* တို့ကို ဒေသအလိုက်တွေ့ရှိရပြီး ဥရောပပျားမျိုးဖြစ်သော အေပစ်မယ်လီဖယ်ရာ *(Apis mellifera)* ပျားမျိုးစိတ် ခုနစ်မျိုးကို စစ်တမ်းများအရ အများဆုံးတွေ့ရှိကြောင်း ဖော်ပြထားပါသည် –

(၁) *Apis mellifera mellifera*
(၂) *Apis mellifera lingustica*
(၃) *Apis mellifera carnica*
(၄) *Apis mellifera anatillica*
(၅) *Apis mellifera siciliana*
(၆) *Apis mellifera buckfast*
(၇) *Apis mellifera caucasica*

### ပျားသဘာဝ

ပျားအုံတစ်အုံ၌ ပျားဘုရင်မ (Queen)၊ ပျားထီး (Drone)နှင့် လုပ်သားပျား(Worker) တို့ဖြင့် ဖွဲ့စည်းထားပြီး ပျားအုံတစ်အုံတွင် ပျားဘုရင်မတစ်ကောင်သာပါရှိကာ ဥဘဝမှ အရွယ်ရောက်ချိန်အထိ ၁၆ ရက်ကြာပြီး အဓိကလုပ်ငန်းတာဝန်မှာ မျိုးဆက်ပြန့်ပွားရန်အတွက် ဥချပေးခြင်းနှင့် ပျားများ မိမိ၏ လုပ်ငန်းတာဝန်များ ထမ်းဆောင်စေရန် လှုံ့ဆော်ပေးခြင်းတို့ လုပ်ဆောင်ပါသည်။ ဘုရင်မတစ်ကောင်သည် ၈၊ ၉ နှစ်ကြာ အသက်ရှင်နေထိုင်နိုင်ပြီး တစ်ရက်လျှင် ၃ ၁၅၀၀ ခန့် ဥပေးနိုင်ပါသည်။

ပျားထီး၏ ခန္ဓာကိုယ်အရွယ်အစားမှာ လုပ်သားပျားထက် ကြီးမားပါသည်။ ဥဘဝမှ အရွယ်ရောက်ချိန်အထိ ၂၄ ရက်ကြာပြီး အဓိကလုပ်ငန်းတာဝန်မှာ ဘုရင်မနှင့်မိတ်လိုက်ရန်ဖြစ်ပြီး ပျားဘုရင်မနှင့် မိတ်လိုက်ရန်အတွက် သတ်မှတ်ထားသော မိတ်လိုက်ဇုန်(Drone Congregation Area– DCA) နေရာ၌ပျားဘုရင်မနှင့် အောင်မြင်စွာ မိတ်လိုက်ပြီးလျှင် ထိုနေရာမှာပင် သေဆုံးရပါသည်။

ပျားမ(လုပ်သားပျား)သည် ပျားအုံတစ်အုံတွင် အရေအတွက်အများဆုံးပါဝင်ပြီး ဘုရင်မနှင့် ပျားထီးတို့ထက် အရွယ်အစားသေးငယ်ပါသည်။ ဥဘဝမှ အရွယ်ရောက်ချိန်အထိ ၂၁ ရက်ကြာမြင့်ကာ မျိုးပွားခြင်း မပြုလုပ်နိုင်ဘဲ မွေးဖွားချိန်မှ သေဆုံးချိန်အထိ အလုပ်လုပ်ရပါသည်။ အဓိကလုပ်ငန်းတာဝန်မှာ ဝတ်ရည်၊ ဝတ်မှုန်များသိမ်းဆည်းပေးခြင်းနှင့် အစာရှာဖွေခြင်းလုပ်ငန်းကို လုပ်ဆောင်ပေးပါသည်။ လုပ်သားပျားများ၌ ချိတ်ပုံစံအဆိပ်ဆူးပါရှိပြီး ရန်သူကို တိုက်ခိုက်ရန် အရေပြားအတွင်း ထိုးသွင်းပြီးနောက် အဆိပ်ဆူးပြုတ်ထွက်ကာ သေဆုံးကြရပါသည်။

### ဝတ်မှုန်ကူးခြင်းသည်

ဝတ်မှုန်ကူးခြင်းဆိုသည်မှာ ပန်းပွင့်၌ပါဝင်သော အဖိုဝတ်မှုန်ကို ပန်းပွင့်မှာရှိသော အမဝတ်မှုန်ခံထိပ်ပေါ်သို့ ကျရောက်ဝတ်မှုန်ကူးပေးခြင်းဖြင့် သန္ဓေအောင်စေပြီး အသီးနှင့်အစေ့များ ဖြစ်လာခြင်းဖြစ်ပါသည်။ ထိုသို့ဝတ်မှုန်ကူးပေးရန်အတွက် ပျားအပါအဝင် ပိတုန်း၊ လိပ်ပြာ၊ ငှက်များနှင့် အခြားသော တိရစ္ဆာန်များနှင့် အင်းဆက်ပိုးများ ပါဝင်ကြသည်။

**စာမျက်နှာ ၁၉ သို့ ***




ပျားအုံတစ်အုံတွင်ရှိသော ဝတ်ရည်စုပျားများ။

**“ ပျားမွေးမြူရေး ဖွံ့ဖြိုးတိုးတက်လာခြင်းဖြင့် ဝတ်မှုန်ကူးခြင်း ပိုမိုလုပ်ဆောင်နိုင်ပြီး တောင်သူများ သီးနှံအထွက်တိုးရုံသာမက ပျားမွေးသူများပါ အပြန်အလှန်အကျိုးရှိစေခြင်း၊ သဘာဝပတ်ဝန်းကျင် ဂေဟစနစ်ကို ထိန်းသိမ်းနိုင်ခြင်းကြောင့် လူသားအကျိုးပြုလုပ်ငန်းတစ်ခုဖြစ်ခြင်း၊ တစ်နိုင်တစ်ပိုင်မှသည် စီးပွားဖြစ်သည်အထိ တိုးချဲ့မွေးမြူနိုင်ပြီး ရေရှည်တည်တံ့သောမွေးမြူရေးလုပ်ငန်းတစ်ခုဖြစ်သည့် အပြင် ပျားထွက်ပစ္စည်းများကို ရောင်းချခြင်းဖြင့် မိသားစုဝင်ငွေတိုးပွားစေခြင်း စသည့်အကျိုးကျေးဇူးများ ရရှိ ”**

# ညောင်လေးပင်မြို့နယ်၌ အန္တရာယ်ကင်းပဌာန်းရွတ်ဖတ်ပူဇော်ပွဲ ဖွင့်ပွဲကျင်းပ

ညောင်လေးပင် နိုဝင်ဘာ ၂

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှေ့ မြေကွက်လပ်၌ ခရိုင်အုပ်ချုပ်ရေးမှူးနှင့် ညောင်လေးပင်တပ်နယ်မှူးတို့က ကြီးမှူးကျင်းပသော (ပထမအကြိမ်) အန္တရာယ်ကင်းပဌာန်းရွတ်ဖတ်ပူဇော်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ညနေ ၄ နာရီက ကျင်းပသည်။

ပထမဦးစွာ နမောတဿသုံးကြိမ် ရွတ်ဆိုဘုရားကန်တော့၍ အခမ်းအနားကိုဖွင့်လှစ်ပြီး တိုင်းဒေသကြီး သံဃာ့ဝန်ဆောင် ဦးစီးပဓာန နာယက ကျောင်းသစ်ကျောင်းဆရာတော် ဘဒ္ဒန္တ အာဒိစ္စက ရောင်ခြည်တော်ပွင့်ဂါထာရွတ်ဆို၍ ဘုရားပင့်သည်။ ထို့နောက် မြို့နယ်သံဃာ့နာယကအဖွဲ့ဝင် ဒကွိဏ္ဏာရာမတောင်ကျောင်းဆရာတော် ဘဒ္ဒန္တသူရိယက ပဌာန်းကျမ်းတော်မြတ်ကြီးအား ဂါရဝပူဇောအမှုပြုခဲ့ပြီး ကမ္မဋ္ဌာန်းကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တစန္ဒာဝရက ပဌာန်းတရားနာကြားရန် သမ္မာဒေဝနတ်ဗြဟ္မာများအား ဖိတ်ကြားသည်။

ယင်းနောက် ကမ္မဋ္ဌာန်းကျောင်းတိုက် ညောင်လေးပင်မြို့နယ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တဣန္ဒေါဘာသထံမှ ငါးပါးသီလခံယူဆောက်တည်ပြီးနောက် ဆရာတော်ကြီးက သြဝါဒစကားများ မိန့်ကြားခဲ့သည်။

ယင်းနောက် ဒကွိဏ္ဏာရာမအသောကာရုံတောင်ကျောင်း မြို့နယ်သံဃာ့နာယကအဖွဲ့အကျိုးတော်ဆောင် ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တအဂ္ဂါနန္ဒက ပဌာန်းဒေသနာတော် ရွတ်ဖတ်ပူဇော်မည့်အကြောင်း

ဥယျောဇဉ်ဂါထာဖြင့် ဖတ်ကြားလျှောက်ထားခဲ့ပြီး သံဃာတော်အရှင်သူမြတ်များက ပဌာန်း(ပစ္စယုဒ္ဒေသ)ပါဠိတော်ကို သုံးခေါက်ရွတ်ဆို၍ ပဌာန်းရွတ်ဖတ်ပူဇော်မှု စတင်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ပဌာန်းရွတ်ဖတ်ပူဇော်ပွဲဖွင့်ပွဲအခမ်းအနားသို့ ညောင်လေးပင်ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်စိုးနှင့် ညောင်လေးပင်တပ်နယ်မှူး ဒုတိယဗိုလ်မှူးကြီးဝင်းထွန်းအောင်၊ ညောင်လေးပင်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ တက်ရောက်ခဲ့ကြောင်း သိရသည်။

နီနီဝင်း(ပြန်/ဆက်)

# မော်လမြိုင်ကျွန်းမြို့နယ်၌ (၃၄) ကြိမ်မြောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် နေ့လယ်စာအာဟာရလှူဒါန်း

မော်လမြိုင်ကျွန်း နိုဝင်ဘာ ၂

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်၌ (၃၄)ကြိမ်မြောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ နှစ်ပတ်လည်နေ့အထိမ်းအမှတ်အဖြစ် ချမ်းမြေ့ဘိုးဘွားရိပ်သာရှိ သက်ကြီးဘိုးဘွားများအား ထမင်းနှင့်အာဟာရများ လှူဒါန်းပွဲကို ယနေ့နံနက် ၁၁ နာရီက အမှတ်(၁၃) ရပ်ကွက် ချမ်းမြေ့ဘိုးဘွားရိပ်သာ၌ ဆောင်ရွက်သည်။

အဆိုပါ နှစ်ပတ်လည်နေ့အထိမ်းအမှတ် လှူဒါန်းပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသီဟဇော်နှင့် ဇနီး ဒေါ်ခင်မာမူ၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများစုပေါင်း၍ ချမ်းမြေ့ဘိုးဘွားရိပ်သာစောင့်ရှောက်ရေးအသင်းက ကြည့်ရှုစောင့်ရှောက်လျက်ရှိသော သက်ကြီးဘိုးဘွား ကျား ရှစ်ဦး၊ မ ၁၂ ဦး စုစုပေါင်း ၂၀ တို့အား နေ့လယ်စာအာဟာရလှူဒါန်းခဲ့ကြောင်း သိရသည်။

အောင်အောင်(ပြန်/ဆက်)

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

နေပြည်တော် နိုဝင်ဘာ ၂

ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။ မိုး/ဧလ

# ပြည်တွင်းစားသုံးမှုများပြားသည့် ဆေးဖက်ဝင် ဗမာသံပရာသီးများ ယခုရာသီတွင် အရောင်းအဝယ်သွက်လက်ကာ စျေးကောင်းရရှိနေ

မန္တလေး နိုဝင်ဘာ ၂

ပြည်တွင်းစားသုံးမှုများပြားပြီး စျေးကွက်ခိုင်မာလျက်ရှိသည့် ဆေးဖက်ဝင် ဗမာသံပရာသီများ ယခုရာသီတွင် အရောင်းအဝယ် သွက်လက်ကာ စျေးကောင်းရရှိနေကြောင်း မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ်ရှိ သံပရာစိုက်ပျိုးသူများထံမှ သိရသည်။

အဆိုပါ သံပရာများစိုက်ပျိုးရာတွင် ဗမာသံပရာသီး၊ ရှမ်းသံပရာသီး၊ မုံရွာသီး၊ သံပရိသီး စသည်ဖြင့် အမျိုးအစားခွဲခြားစိုက်ပျိုးထားရှိရာ ယင်းသံပရာသီးများ အနက်မှ ဗမာသံပရာသီးမှာ တစ်နှစ်ပတ်လုံးထွက်ရှိပြီး ယခုမိုးလယ်သီးအဖြစ် ထွက်ရှိသည့် ဗမာသံပရာသီးမှာ ယမန်နှစ်ကထက် စျေးနှုန်းကောင်းမွန်ကာ အရောင်းအဝယ် သွက်လျက်ရှိကြောင်း၊ လက်ရှိအချိန်တွင် သံပရာသီး အလုံးသေးတစ်လုံးလျှင် ငွေကျပ် ၈၀ နှင့် အလုံးကြီးတစ်လုံးလျှင်ငွေကျပ် ၁၀၀ စျေး ရောင်းချရကာ စျေးကောင်းရရှိနေကြောင်း စဉ့်ကိုင်မြို့နယ် မင်းကိုင်းကျေးရွာမှ သံပရာခြံပိုင်ရှင် ဒေါ်မြို့မြို့ဝင်းက ပြောသည်။

"ဗမာသံပရာသီးက ပြည်တွင်းစျေးကွက်မှာ ပုံမှန်အတိုင်း အရောင်းအဝယ်ကောင်းနေပါတယ်။ ကဆုန်၊ နယုန်လ အတွင်းမှာ မိုးဦးသီးအနေနဲ့ လှိုင်လှိုင်ထွက်ပေါ်လာပြီး တစ်လုံးကိုငွေကျပ် ၁၀၊ ၁၅ ကျပ် လောက်ပဲရရှိပေမယ့် အခုလိုသီတင်းကျွတ်၊ တန်ဆောင်မုန်းလောက်ကစပြီး စျေးနှုန်းက တရိပ်ရိပ်တက်လာတယ်။ တပေါင်း၊ တန်ခူးမှာတော့ မိုးနှောင်းသီးအနေနဲ့ အထွက်နှုန်းနည်းသွားတဲ့အပြင် ပူပြင်းတဲ့ရာသီအတွက် ဆေးဖက်ဝင်အဖြစ် အသုံးပြုမှုများလာတာကြောင့် တစ်လုံးကို ကျပ် ၁၈၀ ကနေ ၂၀၀ အထိ အမြင့်ဆုံးစျေးအနေနဲ့ ရောင်းချရပါတယ်။ ဗမာသံပရာသီးဟာ မိုးဦးသီး၊ မိုးလယ်သီး၊ မိုးနှောင်းသီးဆိုပြီး ရှိတဲ့အနက်မှာ မိုးဦးသီးက အထွက်နှုန်းကောင်းမွန်ခြင်းနဲ့ အတူ အသီးကြွေကျခြင်းများလည်း ဖြစ်ပေါ်လေ့ရှိတဲ့အတွက် ကြွေကျတဲ့အသီးတွေကို သံပရာချဉ်ပြုလုပ်ပြီး တစ်ပိဿာကို ငွေကျပ် ၃၀၀၀ နှုန်းနဲ့ ရောင်းချရပါတယ်" ဟု ၎င်းက ရှင်းပြသည်။

အဆိုပါ ဗမာသံပရာသီးကို မန္တလေးတိုင်းဒေသကြီးအတွင်းရှိ စဉ့်ကိုင်မြို့နယ်နှင့် ဒုဋ္ဌဝတီမြစ်ကမ်းဘေးတစ်လျှောက်ရှိ ကျေးရွာများတွင် အဓိကစိုက်ပျိုးထွက်ရှိကာ ပြည်တွင်းစျေးကွက်သို့ရောင်းချရကြောင်း၊ ယခုနှစ် သံပရာသီးစျေးမှာ တစ်နေ့ထက်တစ်နေ့ စျေးပိုမိုတက်လာကာ ဆက်လက်၍ စျေးနှုန်းများတက်လာရန် အလားအလာကောင်းများရှိနေကြောင်း သိရသည်။

မင်းထက်အောင်
(မန်းကိုယ်ပွား)

## ✻ စာမျက်နှာ ၁၈ မှ

ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့၏ ဖော်ပြချက်အရ ပန်းပွင့်သောအပင်များ၏ ၈၀ ရာခိုင်နှုန်းခန့်သည် ဝတ်မှုန်ကူးပေးသူအကူအညီဖြင့် သန္ဓေအောင်စေပြီး အသီးနှင့် အစေ့များ ရရှိခြင်းဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် အဓိကစိုက်ပျိုးသောသီးနှံပင်များမှ အသီးနှင့်အစေ့များ အထွက်နှုန်း ပိုမိုတိုးပွားရရှိရန်အတွက် ဝတ်မှုန်ကူးရန်လိုအပ်ပါသည်။ ပျားများသည် ပန်းပွင့်များကို ဖျက်ဆီးသောကြောင့် အသီးမသီးခြင်း၊ အသီးများ ပုပ်ခြင်း စသောရှေးအယူအဆများရှိနေခြင်းကြောင့် စိုက်ပျိုးသူနှင့် မွေးမြူသူများအကြား နားလည်မှုလွဲမှားသည့် ပြဿနာများရှိသကဲ့သို့ သီးနှံခင်းများကို ဓာတုပိုးသတ်ဆေးများ သုံးစွဲခြင်းနှင့် ပျားရောဂါများကြောင့် ပျားများသေဆုံးနှုန်းမြင့်မားပြီး ပျားကောင်ရေလျော့နည်းလာသည်ကို စစ်တမ်းများအရ တွေ့ရပါသည်။ ထို့ကြောင့် ပျားမွေးမြူရေးလုပ်ငန်းသည် တောင်သူများ၏စိုက်ခင်းမှသီးနှံပင်များသာမက သဘာဝပတ်ဝန်းကျင်ရှိ အပင်များကို ဝတ်မှုန်ကူးပေးသော အကျိုးပြုလုပ်ငန်းဖြစ်သည့်အတွက် စိုက်ပျိုးသူနှင့် မွေးမြူသူတစ်ဦးနှင့်တစ်ဦး အပြန်အလှန်ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် တစ်ဖက်တစ်လမ်းမှ သဘာဝဂေဟစနစ်ကို ထိန်းသိမ်းစောင့်ရှောက်ရာလည်း ရောက်ပေသည်။

### အကျိုးကျေးဇူး

ပျားမွေးမြူရေး ဖွံ့ဖြိုးတိုးတက်လာခြင်းဖြင့် ဝတ်မှုန်ကူးခြင်း ပိုမိုလုပ်ဆောင်နိုင်ပြီး တောင်သူများ သီးနှံအထွက်တိုးရုံသာမက ပျားမွေးသူများပါ အပြန်အလှန်အကျိုးရှိစေခြင်း၊ သဘာဝပတ်ဝန်းကျင် ဂေဟစနစ်ကို ထိန်းသိမ်းနိုင်ခြင်းကြောင့် လူသားအကျိုးပြုလုပ်ငန်း

နေကြာစိုက်ခင်းအတွင်း ဝတ်မှုန်ကူးရန်ချထားသည့် ပျားအုံကို စစ်ဆေးနေစဉ်။

တစ်ခုဖြစ်ခြင်း၊ တစ်နိုင်တစ်ပိုင်မှသည် စီးပွားဖြစ်သည်အထိ တိုးချဲ့မွေးမြူနိုင်ပြီး ရေရှည်တည်တံ့သော မွေးမြူရေးလုပ်ငန်းတစ်ခုဖြစ်သည့်အပြင် ပျားထွက်ပစ္စည်းများကို ရောင်းချခြင်းဖြင့် မိသားစုဝင်ငွေတိုးပွားစေခြင်း စသည့်အကျိုးကျေးဇူးများ ရရှိစေပါသည်။

မြန်မာနိုင်ငံ၏ ပျားမွေးမြူရေး ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဒေသနှင့်ကိုက်ညီသော မျိုးရိုးဗီဇကောင်းမွန်သည့် ပျားမျိုးများရရှိစေရန် ပျားဘုရင်မမွေးမြူခြင်းနှင့် မေထုန်မဲ့နည်းဖြင့် မျိုးအောင် ဘုရင်မမွေးမြူခြင်းနှင့် ခေတ်မီဆန်းသစ်သော ပျားမွေးမြူရေးနည်းစနစ်များ ဖွံ့ဖြိုးလာစေရေး သုတေသနလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည့်အပြင် မြန်မာနိုင်ငံမှထွက်ရှိသော ပျားရည်နှင့် ပျားထွက်ပစ္စည်းများကို ပြည်တွင်း၌စားသုံး၍ ပြည်ပသို့တင်ပို့နိုင်ရန် စျေးကွက်ဝင် တန်ဖိုးမြင့်ထုတ်ကုန် ကွင်းဆက်ဆိုင်ရာသုတေသနလုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် သဘာဝပတ်ဝန်းကျင် ဂေဟစနစ်ကို ထိန်းသိမ်း၍စိုက်ပျိုးရေးနှင့်မွေးမြူရေး အပြန်အလှန်အကျိုးပြုသည့် ပျားမျိုးစိတ်များအကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

■

ဝတ္ထုတို

# စာမျက်နှာ (၆)

ခင်ဘုန်းကျော်

လေသရမ်းတွင် ဥယမ်းပါလာသော စာရွက်စုတ်လေး၊ စုတ်နေသည့်ပုံစံက သုံးထောင့်စပ်စပ်တော့ မဟုတ်။ ဒေါင့်သန်းတစ်ဖက်ရှည် မေသူဇင်ရှေ့သို့ ကျလာပြီး ညာဘက် ခြေဦးထိပ်တွင် အပြန့်လိုက်လေး ကပ်နေသည်။ မေသူဇင်ကောက်၍ ကြည့်လိုက်၏။ ဒေါင့်စွန်းမှာ စာမျက်နှာ "၆" ဟုပါသည်။ မိမိကောက်ယူလိုက်သော စာရွက်လေးမှာ အနည်းငယ်တွန့်ကြေသွား၍ ပြန်ဖြန့်လိုက်ပြီး စာကြောင်းများကို ဖတ်ကြည့်နေမိသည်။ စာကြောင်းက နှစ်ကြောင်းတည်း။

"သင် ဒီနေ့ဒီအချိန်မှာ ပျော်နေပါသလား"

"ဘယ်နေ့ ဘယ်အချိန်သည် သင့်အတွက် အကောင်းဆုံးအချိန်ဖြစ်နေပါသလဲ" ဘာကြောင့်လဲ။

နောက်တစ်ဖက်ကို လှန်ကြည့်မိသည်။ သင်ဖြေတဲ့ အဖြေဟာ မှန်ပါစေနော်။ မသေချာလို့ကတော့ ရွာသာကြီး ရောက်သွားမယ်။

ဟောတော့ဟု ညင်သာစွာရေရွတ်ရင်း ရယ်ရမလို တစ်စုံတစ်ယောက်ကို ပြေးပြောရတော့မလို အရင်ဆုံးဖတ်ရသည့်ဘက်က စာမျက်နှာ "၆" ဆိုတော့ နောက်တစ်ဖက်က ခုနစ်ဖြစ်မှာပေါ့ လှန်ကြည့်မိပြန်သည်။ စာမျက်နှာ "၅" ဖြစ်နေသည်။

မေသူဇင်သည် သူ၏ သေချာခြင်းအတွေးများကို ရပ်နားလိုက်ပြီး စာမျက်နှာကို "၆" ကို ပြန်လှန်ကြည့်မိသည်။ ပထမဆုံးစာကြောင်းကို ဖတ်မိပြန်သည်။ "သင်ဒီနေ့ ဒီအချိန်မှာ ပျော်နေပါသလား" တဲ့ စာကြောင်းဆုံးသည်နှင့်တစ်ဆက်တည်း စဉ်းစားကြည့်သည်။ ဒီနေ့ငါပျော်နေသလား။ အခုငါပျော်နေသလား၊ မေသူဇင်တစ်ယောက်သူ၏ မေးခွန်းများကို ချက်ချင်းမဖြေနိုင်ပါ။ တွေတွေဝေးဝေးလေးပင် ဖြစ်သွားသည်။ တစ်ချိန်တည်းမှာပင် ဖခင်ကို သတိရလိုက်သည်။ မိသားစုအတွင်းမှ ဖခင်တစ်ယောက် ရုတ်တရက်ပျောက်ဆုံးသွားသည်ကို အမှတ်ရသည်။ မိခင်ဖြစ်သူအပေါ်တွင် ဖခင်သည် တကယ်ပင် မေတ္တာစိတ် ကုန်ခန်းသွားသည်လား၊ မိခင်၏ ငါးဆယ်ပတ်ဝန်းကျင်ဟူသော အသက်သည်ကြီးပြီဟု ဆိုရသော်ငြားကိုယ်လုံးအနေအထား၊ မျက်နှာအနေအထားများ တင်ကျန်နေသေးသည်။ ဖခင်ကို လိုလေသေးမရှိအောင် ဂရုစိုက်မြဲလည်းဖြစ်သည်။ ကျန်းမာရေးလည်းကောင်းနေသေးသည်။ မေမေမပျော်နိုင်သည်ကို သိပါသော်လည်း ဒီမေးခွန်းကိုတော့ မေးကြည့်လိုက်ချင်သည်။

"ဘယ်နေ့ ဘယ်အချိန်သည် သင့်အတွက် အကောင်းဆုံးအချိန်လဲ"

ဒီမေးခွန်းဆိုလျှင် မည်သို့ဖြေမည်လဲ၊ မေမေ့ကို မေးမကြည့်ခင် အဖြေရှာကြည့်မိသည်။ မေမေ့ကိုပင် အလျင်မေးကြည့်ချင်နေမိသည်။

မေမေသည် ဖေဖေနှင့်ပတ်သက်လာလျှင် သစ္စာမဲ့သူ၊ ဖောက်ပြန်သူ ဇနီးမယားကို မင့်ဘူးထား သားသမီးများကို ငဲ့ညှာသင့်သည်ဟု တရားသေစွဲမှတ်ယူထားသော မေမေပြောလာလျှင်ကောပျော်မှာတဲ့လား၊ အကောင်းဆုံးအချိန်ဖြစ်မှာတဲ့လား။ မေးခွန်းများဖြင့် လုံးချာလိုက်နေပြန်သည်။ အင့်ကားရပ်လိုက်တော့မှ အိမ်ရှေ့ရောက်ပြီကို သိသည်။

ခြံဝင်းအတွင်းသို့ မေသူဇင် ဝင်လာသည်ကို လှမ်းကြည့်နေသော မေမေ့ကို တွေ့ရသည်။ အိမ်ပေါ်အရောက်တွင် မေမေ့ဝမ်းကို ပြေးဖက်လိုက်ပြီး "သမီးတောင်းထားတဲ့အတိုင်း ပိုက်ဆံပေးလိုက်ပါတယ်မေမေ"

"သမီးပျော်လာတယ်ပေါ့"

ဟောမေမေက အလျင်မေးလာပြီ၊ ငါတကယ်ပျော်နေသည်လား မေးမိပြန်ပြီ၊ မိခင်ကို ဖက်တွယ်ထားသည့်လက်များကို ဖြည်းဖြည်းချင်းဖြေလျှော့၍ ဖခင်ပေးလိုက်သည့် ငွေအားလုံးကို မိခင်လက်ထဲသို့ ဖြေးညင်းစွာထည့်ပေးလိုက်သည်။ မိခင်က ငွေများကိုကြည့်ရင်း ခေါင်းကိုဖြည်းညင်းစွာခါယမ်းလိုက်သည်။

"သမီးတို့ပဲ သုံးပါကွယ်"

"မေမေလည်း သုံးရမှာပဲ သုံးခွင့်ရှိတာပဲ"

"သမီးဖေဖေက မေမေ့ယောကျ်ားမဟုတ်တော့ဘူး"

ကဲ မေမေ ဘယ်မှာပျော်နိုင်မှာလဲ၊ ဒီလောက်ငွေတွေ ရတာတောင် အကောင်းဆုံးအချိန် မဖြစ်ပါလား။ ဝဲလာသည့်မျက်ရည်များကို မျက်တောင်ပုတ်ခတ်လုပ်၍ သိမ်းလိုက်ပြီး လက်သီးဆုပ်လေးကို ဖြေကြည့်မိသည်။ စာရွက်လေးမှာ တွန့်ကြေနေသည်။ စာရွက်လေးကို ပြန့်သွားအောင် ဖြန့်နေမိပြန်၏။ မေးခွန်းနှစ်ခုက အခွင့်အရေးရလျှင် ရသလို မေသူဇင်၏အတွေးကို ဖြစ်စေပြန်၏။ တစ်လတော့ကုန်ပြီ။ လာမည့်လ ဖေဖေ့ထံသွားရပေဦးမည်။

"ဖေဖေမျှော်နေတာသမီးရဲ့" ဟုပြော၍ ရယ်မောရွှင်ပျစွာကြိုနေသည်။ ဖေဖေ၏နောက်မိန်းမက ဆက်ခနဲထ၍ အိမ်နောက်ဘက်သို့ ဝင်သွားသည်။ မေမေနှင့်တော့ ကွာမှကွာသည်။ မေမေသည် စိတ်နှလုံးအေးချမ်းသလောက် အနေအထိုင် အပြောအဆိုလည်း အေးချမ်းသည်။ ဖေဖေ့ဦးဆောင်မှု အောက်တွင်သာ ဦးလည်မသုန်နေတတ်သူဖြစ်သည်။ ယခုလည်း စိတ်နှလုံး မအေးချမ်းသော်လည်း ရင်ထဲမှအပူကို သားသမီးများနှင့် ဘေးလူမသိစေရ။ မေမေ့၏အကြောင်းကို မောင်နှမလေးယောက်ထက် မေသူဇင်က ပိုသိသူဖြစ်သည်။ ငေးတိုးငိုင်လေးဖြစ်နေသောမေသူဇင်ကို ဖေဖေပိုက်ဆံများထုတ်ပေးရင်း -

"အဲဒီအိတ်နှစ်လုံးပါယူသွားသမီး" ဟုပြောပြီး ခရီးဆောင်အိတ်နှစ်လုံးကို ညွှန်ပြသည်။ အိတ်ထဲတွင် ဘာတွေထည့်ထားသည်မသိ ဖောင်းတင်းနေသည်။ မေသူဇင်ကတော့ အဝတ်အထည်များနှင့် အသုံးအဆောင်ပစ္စည်းများဖြစ်မည်ဟု ထင်သည်။

အိတ်နှစ်လုံးနှင့် မနိုင်မနင်းဖြစ်နေသော မေသူဇင်ကို အင့်ကားရောက်သည်အထိ ဖေဖေလိုက်ပို့သည်။

"သမီးမေမေကို ပြောလိုက် ဖေဖေ ပြန်လာမယ်လို့" ဖေဖေ့စကားကြောင့် အံ့အားသင့်သွားပြီး ကားတံခါးကို လက်နှင့်ဆုတ်ထားမိသည်။ ယခုပင် ဖေဖေ လိုက်ခဲ့စေချင်သည်။ သို့သော် စောဒကမတက်ရဲ၊ ဖေဖေတကယ်ပြန်ရောက်လာမည့်ရက်ကိုသာ စောင့်ကြိုဖို့ ဆုံးဖြတ်လိုက်သည်။ အိမ်ရောက်တော့ ပြက္ခဒိန်စာရွက်များကို စုတ်ဖြဲပစ်လိုက်သည်။ တစ်ရွက်၊ နှစ်ရွက်၊ သုံးရွက်၊ လေးရွက်၊ ဂဏန်းကွက် လေး၊ ငါးခုကိုလည်း ကြက်ခြေခတ်ဆွဲပစ်လိုက်သည်။

"ဟယ် မေမေရေ ဖေဖေတကယ်ပြန်လာပြီ"

မေသူဇင်သည် ခြံထဲသို့ မောင်းဝင်လာသော ကားလေးကြည့်ရင်း မေမေ့ကို အော်ပြောလိုက်သည်။ မေမေ့အနားသို့ အပြေးအလွှားသွား၍လည်း "မေမေ ဖေဖေပြန်လာပြီ" ဟု ပြောလိုက်သည်။ မေမေသည် အခန်းဝမှမြင်သာရုံ ခေါင်းလေးပြူ၍ကြည့်နေမိသည်။ ဖေဖေက အိမ်ပေါ်သို့ ရောက်လျှင်ရောက်ချင်း "သမီးမေမေကော" ဟုမေးသည်။ မေသူဇင်က အိမ်ခန်းဝတွင် ရပ်နေသော မေမေ့ဆီသို့ မေးငေါ့ပြလိုက်သည်။

"မေမေအပျော်ဆုံးနေ့ ဖြစ်နေပြီလား"

"အပျော်တွေ မဆုံးချင်ပါဘူးသမီးရယ်" မေမေသည် စကားနှင့်အတူ ကျေနပ်နေမည်ကိုတော့ ခန့်မှန်းမိသည်။ မိသားစုများအားလုံး အရင်လိုပျော်ရွှင်စရာ ကြည်နူးစရာများဖြစ်လာပြီဆိုတော့ အပျော်များကူးစက်နေပြီဟု ယုံကြည်နေမိသည်။ ဖေဖေ့အနားတွင် ဝန်းရံနေသော သားသမီးများနှင့် ဖေဖေလည်း ပျော်ရွှင်နေပုံရသည်။ မေသူဇင်ကတော့ အားလုံး၏ ဘေးမှမတ်တတ်ရပ်နေသည်။

"အဲ သားတွေသမီးတွေအားလုံး ပျော်နေကြတယ်။ သမီးကြီးကရော"။ ထင်မထားသော ဖေဖေ့မေးခွန်းကြောင့် စာမျက်နှာ "၆"ကို သတိရမိသည်။ ဤသို့သတိရတိုင်းလည်း ရွာသာကြီးက ကပ်ပါလာတတ်သည်မို့ ရယ်ချင်ချင်ဖြစ်ရသည်။

"ဟာ ပျော်တာပေါ့ဖေဖေရယ် ဒီနေ့ ဆယ်တန်းအောင်စာရင်းတွေ ထွက်တယ်၊ သမီးအောင်တယ်လေ၊ ပြီးတော့ သမီးတို့ရဲ့ရှေ့ရေးကို မားမားရပ်ပြီး ဖြေရှင်းပေးမယ့် ဦးဆောင်ပေးမယ့် ဖေဖေလည်းရှိနေပြီပဲ။ သမီးအပျော်ဆုံးပေါ့။ နောက်ပြီးပစ္စုပ္ပန်အချိန်တွေဟာ သမီးတို့မိသားစုအတွက် အကောင်းဆုံးအချိန်တွေပဲလေ"

ဖေဖေသည် မေသူဇင်၏ ပခုံးကို လှမ်းဖက်လိုက်ပြီး "တော်လိုက်တဲ့သမီး" ဟု ပြော၍ ပြုံးပြုံးကြီးကြည့်နေတော့သည်။ ။

# ဇာတိချက်ချိတ် ချိုချင်းဓလေ့

အမ်းမ်လောင်ရှီ

အိမ်ရှေ့၌ တိရစ္ဆာန်ဦးချိုများနှင့်အတူတွေ့ရသော ချိုချင်းဇနီးမောင်နှံ။

မြေပြန့်နေ ညီအစ်ကိုတိုင်းရင်းသားတို့သည် မိမိတို့၏ မွေးဖွားရာဒေသကို ဇာတိချက်မြှုပ်ဟုဆိုလေ့ရှိကြသည်။ အကြောင်းမှာ မွေးကင်းစကလေး၏ အချင်းချက်ကြိုးကို မြေကြီးတွင် မြှုပ်နှံသော ဓလေ့ကြောင့်ဖြစ်သည်။

ထိုဓလေ့နှင့်မတူဘဲ တစ်မူထူးခြားသောဓလေ့တစ်ခု ချိုချင်းတို့တွင်ရှိပေသည်။ မွေးကင်းစကလေး၏ အချင်းချက်ကြိုးကို မြေကြီးတွင် မြှုပ်နှံခြင်းသည် အတိတ်နိမိတ်မကောင်းဟု ယူဆခဲ့ကြဖူး၏။ အကြောင်းပြချက်မှာနှစ်ခုရှိသည်။ ပထမအချက်မှာ မြေကြီးသည် လူတကာခြေနင်းနေရာ၊ နိမ့်သော ယုတ်သောနေရာဖြစ်သည်။ ဒုတိယ အချက်မှာ မြေကြီးအတွင်း၌ ပိုးမွှားမျိုးစုံက အချင်းချက်ကြိုးကို စားသောက်ပစ်နိုင်သည်။

ထို့ကြောင့် ကလေးငယ်၏ ကိုယ်ပွားသဖွယ်ဖြစ်သော အချင်းချက်ကြိုးကို မြေကြီးတွင်မြှုပ်နှံပါက မွေးကင်းစကလေး၏ ဘဝ အနာဂတ်သည် ယုတ်နိမ့်၍ ပိုးမွှားများအကိုက်ခံရသကဲ့သို့ နာကျင်မှုများရှိနိုင်သည်။ ထိုသို့မဖြစ်စေရန် အချင်းချက်ကြိုးကို ဘူးခါးခြောက်အတွင်းသို့ထည့်ကာ လုံခြုံအောင်ပိတ်၍ အိမ်၏အပြင် ခါးပန်းတွင် ချိတ်ဆွဲထားခြင်းဖြစ်သည်။ ဇာတိချက်မြှုပ်မဟုတ်သော ဇာတိချက်ချိတ် ချင်းဓလေ့ဟုဆိုရပေမည်။

ချင်းရိုးရာ အိမ်များ၏အိမ်ခါးပန်းတွင် ချိတ်ထားသော ဘူးခါးခြောက်အရေအတွက်က ထိုအိမ်၌ မွေးဖွားခဲ့သောကလေးငယ်အရေအတွက်ကို ဖော်ပြလျက်ရှိသည်။

အခြားသော ထူးခြားချက်တစ်ခုမှာ ကလေးငယ်မွေးဖွားရာတွင် ချက်ကြိုးကိုဖြတ်ရာ၌ ထက်ရှသောဝါးနီးကြောကို အသုံးပြုရသည်။ ဓား၊ လှံ စသောသံထည်လက်နက်များကို အသုံးမပြုရပေ။ သံထည်လက်နက်များသည် လူ့ခန္ဓာအစိတ်အပိုင်းကို ထိရှခြင်းသည် ထိခိုက်သေဆုံးခြင်း၊ တိုက်ခိုက်ခံရခြင်းသဘောကို ဆောင်သဖြင့် နိမိတ်မကောင်းဟုယူဆကြသည်။ ထိုကလေးကြီးလာပါက လက်နက်၊ လေး၊ မြားဖြင့် ထိခိုက်သေဆုံးနိုင်သည်ဟု အယူအဆရှိမှုကြောင့် အချင်းကို သံထည်လက်နက်ဖြင့် ဖြတ်လေ့မရှိကြခြင်းဖြစ်သည်။

ယင်းသည် အယူသီးသည်ဟု ယူဆဖွယ်ရှိသော်လည်း သံထည်ကြောင့် မေးခိုင်ပိုးဝင်ကာ ကလေးငယ်သေဆုံးမည့် ဘေးအန္တရာယ်ကို အလိုလိုကာကွယ်ပြီးသား ဖြစ်သွားပါကြောင်း ဇာတိချက်ချိတ် ချိုချင်းဓလေ့ကို မှတ်တမ်းပြုဖော်ပြလိုက်ရပါသည်။ ။

■

# ရှေးခေတ်ရှမ်းတိုင်းရင်းသားပုံပြင်များ

**ပါမောက္ခဒေါက်တာခင်ရီဝင်း**

### ပညာရှိချိုးမင်းကြီး

တစ်ခါက လူသူမနီးသော တောအုပ်ကြီးတစ်ခုအတွင်း၌ ခေါင်းဆောင်ဝီသပြီး ကြင်နာတတ်သည့် ချိုးမင်းကြီးနှင့် ချိုးငှက်များ ပျော်ရွှင်စွာနေထိုင်ကြသည်။

တစ်နေ့သော် တစ်ကောင်သောချိုးငှက်သည် အစာရှာပျံသန်းရင်းဖြင့် ထိုနေရာမှ အတန်ငယ်ဝေးကွာသော တောင်ကြားတစ်ခုအတွင်းသို့ ရောက်ရှိသွားလေသည်။ ထိုချိုးငှက်သည် မိမိတို့နေထိုင်ရာသို့ ပြန်ရောက်လာသည့်အခါ တွေ့မြင်ခဲ့ရသည်တို့ကို ချိုးမင်းကြီးနှင့် ချိုးငှက်အပေါင်းအား ဝမ်းသာအားရပြောတော့သည်။

“တောင်ကြားအတွင်းမှာ ကျယ်ဝန်းတဲ့စပါးခင်းကြီးရှိတယ်။ တစ်နေကုန်စားသောက်ကြသည့်တိုင် မကုန်နိုင်အောင် အလျှံပယ်ပေါများလှပါတယ်။ ထိုနေရာကို သွားရောက်နေထိုင်စားသောက်ကြရင်ကောင်းမယ်နော်”

ချိုးငှက်၏တိုက်တွန်းစကားကို ပညာရှိချိုးမင်းကြီးက ပညာရှိပီပီ လေအေးအေးဖြင့် ပြန်လည်တားမြစ်ပြောဆိုသည်။

“အဲဒီနေရာဟာ အစားအသောက်ပေါများတာ မှန်ပါတယ်။ ဒါပေမဲ့ အခုနေထိုင်ရာနေရာကတော့ ပိုမိုကောင်းမွန်ပြီး ပျော်ရွှင်ဖွယ်ဖြစ်တယ်။ ကွင်းပြင်ထဲမှာနေထိုင်တာထက် ပိုပြီးလည်းလွတ်လပ်မှုရှိတယ်။ နောက်တစ်ခုက အားလုံးသိကြတဲ့အတိုင်း ဒီနေရာဟာ ကိုယ်နဲ့ရင်းနှီးနေတဲ့အတွက် ပိုပြီးလွတ်လပ်ကာ ပျော်စရာကောင်းတယ်လေ။ အန္တရာယ်ကိုလည်း အလွယ်တကူ ရှောင်နိုင်တယ်။ နယ်မြေစိမ်းမှာ သွားနေတဲ့အခါ မမြင်နိုင်တဲ့ အန္တရာယ်တွေက ရှိနေနိုင်တာမို့ ဒီနေရာမှာဆက်လက်နေသင့်တယ်”

ချိုးမင်းကြီးက မည်သို့ပင်တားမြစ်ပြောဆိုသော်လည်း ချိုးငှက်များက နားမဝင်တော့။ နောက်တစ်နေ့နံနက်တွင် စပါးခင်းများရှိရာ တောင်ကြားအတွင်းသို့ ဦးတည်ပျံသန်းသွားကြလေသည်။

“သူတို့တစ်တွေက ငါ့ကလေးတွေပဲ။ ငါ့အုပ်ထိန်းမှုအောက်မှာ နေလာကြတာကြာခဲ့ပြီပဲ။ အခုအချိန်မှာ ပြောစကားကို နားမဝင်ပေမယ့် နောင်တော့သိလာမှာပါပဲ။ သူတို့နောက်ကို လိုက်သွားမှ ဖြစ်မှာပါလေ။ ဒါမှလည်း ကြိုးမြင်နိုင်တဲ့အန္တရာယ်တစ်ခုခုကြုံတဲ့အခါ ငါကယ်နိုင်ပေမပေါ့”

ချိုးငှက်အပေါင်းဟာ ချိုးမင်းကြီးကိုထားရစ်ပြီး ပျံသန်းသွားကြသည့်အတွက် စိတ်မကောင်းခြင်းကြီးစွာ ခံစားနေရသည့်တိုင် စိတ်မချ



သည့် မေတ္တာစိတ်က နှိုးဆော်လာမှုကြောင့် တစ်ကိုယ်တည်း တီးတိုးရေရွတ်ပြီး ချိုးငှက်များ၏နောက်သို့ လိုက်ပါသွားရန် ဆုံးဖြတ်လိုက်တော့သည်။

“နယ်ပယ်အသစ်မှာ ပျော်စရာကောင်းတယ်နော်။ အမြင်သစ်တွေနဲ့ အမြင်ဆန်းတယ်။ အစားအသောက်ကလည်းပေါတော့ တစ်နေကုန်စားနေရုံပဲ”

ချိုးငှက်အချို့ဟာ တဒင်္ဂအနေအထားမှာ သာယာမိကြပြီး တီးတိုးတီးတိုး သဖန်းပိုးဖြစ်နေကြသည်။

“ဘုရားဘုရား အကျိုးတော့နည်းပါပြီ။ ဝန်းကျင်အသစ်ကို မစူးစမ်းမဆင်ခြင်မိတော့ ထောင်ချောက်မိရပြီ။ တို့ရဲ့ချိုးမင်းကြီးလည်း မပါလာတော့ ငါတို့ ဘယ်သူ့ဆီကအကြံဉာဏ်ယူရပါ့မလဲ။ အရှင်ချိုးမင်းကြီး ကယ်ပါဦး၊ ကယ်ပါဦး ချိုးမင်းကြီးရေ၊ ကျွန်ုပ်တို့ကို ကယ်ပေးပါဦး”

မိုက်မဲသော ချိုးငှက်အပေါင်းသည် အလွန်ကြီးမားသော ပိုက်ကွန်ကြီးတစ်ခုဖြင့် အုပ်မိုးထားခြင်းခံနေရပြီဖြစ်ကြောင်း သိလိုက်ကြရသည်။ ထိုအခါ အားကိုးရှာကြသည့်အခါ ပညာရှိချိုးမင်းကြီးကို မတွေ့၍ သတိရတမ်းတကြတော့သည်။ ဟစ်အော်အကူအညီတောင်းခံကာ ငိုကြွေးကြလေသည်။

“အို ချိုးငှက်အပေါင်းတို့ မင်းတို့ကိုစိတ်မချလို့ ငါလိုက်လာပါတယ်။ မင်းတို့အနီးမှာ ငါရှိတယ်။ မင်းတို့ကို တစ်နေ့လုံးငါစောင့်ကြည့်နေတာ ဘာမှမကြောက်ကြနဲ့။ တစ်ခုတော့ရှိတယ်။ ဒီအချိန်မှာ ငါ့ရဲ့စကားကို နားထောင်ကြပါ။ နားမထောင်ရင်တော့ အားလုံးသေကျေပျက်စီးကြရလိမ့်မယ်”

“နားထောင်ပါ့မယ် ချိုးမင်းကြီး”

“ကောင်းပြီးလေ။ အားလုံးနားစွင့်ကြပေလော့။ မင်းတို့ကို အုပ်မိုးထားတဲ့ ပိုက်ကွန်ကြီးကို စုပေါင်းအားနဲ့ အပေါ်ကို မြင့်တက်လာအောင် ညီညွတ်မှုစွမ်းအားသစ်နဲ့ တစ်ချိန်တည်းပျံသန်းကြရမယ်။ အပေါ်ကိုရောက်တဲ့အခါ မိမိတို့နေထိုင်ခဲ့ရာ တောအုပ်သို့ရောက်အောင် ပျံသန်းကြရမယ်။ အပေါ်ကနေ ပိုက်ကွန်လည်းအုပ်မိုးထားတဲ့ အနေအထားအတိုင်း အင်အားစိုက်ထုတ်ပျံသန်းကြရမယ်။ ကိုယ့်နေရာရောက်တော့မှ ထပ်ကြိုးစားကြမယ်”

ချိုးငှက်အပေါင်းတို့သည်လည်း ပညာရှိချိုးမင်းကြီး၏ပြောစကားအတိုင်း လိုက်နာဆောင်ရွက်ကြလေသည်။

ထိုအချိန်တွင် ချိုးမင်းကြီးက သူ၏မိတ်ဆွေဖြစ်သူကြွက်ထံ သွားရောက်ပြီး အကြောင်းစုံပြောကာ အကူအညီတောင်းခံရာ ကြွက်ကအကြံထုတ်ပြီး အုပ်မိုးခံနေရသည့်အခြေအနေကို လိုက်ကြည့်ရာ တစ်ကောင်တည်းအင်အားဖြင့် မရနိုင်ကြောင်းသုံးသပ်မိ၍ အခြားကြွက်အပေါင်းအား သွားရောက်အကူအညီတောင်းခံခေါ်ဆောင်လေသည်။

“အဆွေတို့ ငါတို့ကြွက်အင်အားစုရဲ့စွမ်းအားကို ပြသလိုက်ကြပေတော့။ ချိုးငှက်တွေရဲ့အပေါ်ကို အုပ်မိနေတဲ့ပိုက်ကွန်ကို ကိုက်ဖြတ်ပေးကြဖို့ပဲ”

များပြားလှစွာသောကြွက်တို့က ပိုက်ကွန်ကြီးကို ဝိုင်းဝန်းကိုက်ဖြတ်ပေးကြရာ မကြာမီအချိန်တွင် ချိုးငှက်အပေါင်း ပိုက်ကွန်ကြီးအောက်မှ လွတ်မြောက်သွားတော့သည်။

“ဟေး လွတ်ပြီ၊ လွတ်မြောက်ပြီ၊ ဝေး ဟေးဟေး”

ချိုးငှက်အပေါင်းလည်း ဝမ်းသာအားရဖြင့် အော်ဟစ်ပျော်မြူးကြပြီး ပညာရှိချိုးမင်းကြီး၏စကားကို အသက်ထက်ဆုံးလိုက်နာကြလေတော့သတည်း။ ။

**Ref: SHAN LEGENDS– by Pu Loi Hom and Pu Loi Tun.**

# တိုင်းရင်းသားရိုးရာစကားထာဉာဏ်စမ်းများ

**တက္ကသိုလ်သျှင်ရတနာ**

### စကောကရင်စကားထာ

ရှေးလွန်လေပြီးသောအခါက ရာမည၀ိုင်းဒေသ အတွင်းရှိ ကျေးရွာတစ်ရွာတွင် ဗညားနှင့် လဂန်းအိမ်ဟူသည့် သူငယ်ချင်းနှစ်ယောက်နေထိုင်ကြ၏။

သူတို့သည် ရွာဦးဘုန်းတော်ကြီးကျောင်းတွင် ကျောင်းအိပ်၊ ကျောင်းစားဖြင့် ပညာသင်ယူလျက်ရှိသည်။ ရွာဦးကျောင်းဆရာတော်ကြီးသည် မွန်တိုင်းရင်းသားဆရာတော်ကြီးဖြစ်ပြီး စာပေကျမ်းဂန်များကို ကျွမ်းကျင်နှံ့စပ်သည့် ဆရာတော်ကြီး အဖြစ်ထင်ရှားသည်။

ဗညားနှင့် လဂန်းအိမ်တို့သည် အားလပ်ချိန်များတွင် ဘုန်းကြီးကျောင်း၏တောင်ဘက်ရှိ မန်ကျည်းပင်ကြီးအောက်တွင် ဆော့ကစားလေ့ရှိသည်။

“ဗညားရေ စကားထာဉာဏ်စမ်းပဟေဠိမေးမယ် ဖြေမယ်၊ ကစားမယ်ကွာ”

“ဒါဆိုရင်လည်း မေးလေသူငယ်ချင်း”

လဂန်းအိမ်၏စကားကို ဗညားက ပြန်ပြောလိုက်သည်။

“ကဲကွာ– မေးပြီဗညားရေ။ ‘သစ်ပင်တက် မောင်းထု’ ဆိုတာ ဘာများလဲ”

လဂန်းအိမ်၏ ဉာဏ်စမ်းအမေးကို ဗညားတစ်ယောက် တီးတိုးရွတ်ဆိုကြည့်သည်။ နှစ်ခေါက်၊ သုံးခေါက် ရွတ်ဆိုကြည့်သော်လည်း အဖြေကား ချက်ချင်းမထွက်နိုင်။

“ခဏနော်၊ သူငယ်ချင်း၊ အဖြေကို မနည်းမနော စဉ်းစားနေရလို့”

“ရပါတယ်ကွာ စဉ်းစားပါ။ အချိန်တော့ သိပ်မဆွဲနဲ့ပေါ့။ နောက်ပြီး စဉ်းစားမရရင်လည်း အားမနာနဲ့ ပန်းပေးလိုက်ပေါ့။ အဖြေကရှိပြီးသား ဗညားရေ”

လဂန်းအိမ်က ဗညားကို မထိတထိလုမ်းပြောလိုက်ပြီး မြက်ခင်းစိမ်းစိမ်းပေါ်သို့ လှဲချလိုက်သည်။

“ဟူး...တော်ပါသေးရဲ့ လဂန်းအိမ်ရာ။ ခုမှ အဖြေကို စဉ်းစားရလို့၊ ဖြေလိုက်တော့မယ်နော်။ မေးခွန်းက ‘သစ်ပင်တက် မောင်းထု’ ဆိုတော့ အဖြေက ‘သင်္ဘောသီး’ ပေါ့။ စကောကရင်တိုင်းရင်းသားရိုးရာ စကားထာဉာဏ်စမ်းတွေထဲက မဟုတ်လား”

“ဟုတ်ပါ့ဗျာ ဟုတ်ပါ့။ တော်တယ်သူငယ်ချင်း တော်တယ်”

“ဒါဆိုရင် ငါမေးရမယ့်အလှည့်ပေါ့နော်”

“ဟုတ်တယ်လေ မေးပါသူငယ်ချင်း၊ မေးပါ”

ဗညားက မေးတော့မည့် စကားထာဉာဏ်စမ်းပဟေဠိကို တီးတိုးရေရွတ်ရင်း မန်ကျည်းပင်ကြီးကို ကျောမှီလိုက်သည်။ ပြီးမှဖြည်းဖြည်းချင်းပင် မေးခွန်းကို မေးလိုက်သည်။

“လဂန်းအိမ်ရေ မေးချင်တဲ့မေးခွန်းက ‘အရေပြားက အခွံကိုဖုံး၊ အခွံက အသားကိုဖုံး’ ဆိုတာ ဘာလဲ၊ ဖြေတော့ကွာ”

“ဟာ သူငယ်ချင်းမေးခွန်းက ဆန်းလှချေလား။ မလွယ်ပါလား”

“မနောက်ပါနဲ့ဦးလေးရာ အဖြေက မခက်ပါဘူး။ စဉ်းစားမရတော့ရင် ပန်းပေးလိုက်ပေါ့နော်” လဂန်းအိမ်ကို ဗညားက ခနဲ့သည့်လေသံဖြင့် ပြောလိုက်သည်။

“ကြိုးစားဖြေမှာပေါ့ ဗညားရာ။ မေးခွန်းကဘာတဲ့ ‘အရေပြားက အခွံကိုဖုံး၊ အခွံက အသားကိုဖုံး’ လို့ မေးထားတာဆိုတော့ကာ အဖြေကို ‘အုန်းသီး’ လို့ ဖြေရင် မှန်လောက်ပါတယ်နော။ စကောကရင် တိုင်းရင်းသားရိုးရာစကားထာဉာဏ်စမ်းတွေထဲက ဆိုတာတော့သေချာတယ်”

လဂန်းအိမ်၏အဖြေကြောင့် ဗညားတစ်ယောက် ခေါင်းတဆတ်ဆတ်ညိတ်ရင်း ပြောလာသည်။

“မှန်ပါတယ်ကွာ၊ မှန်ပါတယ်သူငယ်ချင်းရာ။ ကဲ– ငါမေးရမယ့် အလှည့်ပြန်ရောက်လာလို့ မေးခွန်းထုတ်လိုက်ပြီနော် ‘ကွင်းတစ်ကွင်း ကြည့်မဆုံး’ ဆိုတာဘာလဲ၊ အဲဒါကိုဖြေလိုက်စမ်းပါဗျာ”

“ဗညားရယ် မင်းမေးတဲ့မေးခွန်းက ရှင်းရှင်းလေးပဲဟာ၊ ‘ကွင်းတစ်ကွင်း ကြည့်မဆုံး’ ဆိုတော့ ကြည့်လို့ကို မဝလို့များလား၊ ကြည့်ရတာကောင်းလွန်းနေလို့များလား။ ဒါမှမဟုတ် မျက်စိက အဝေးမှုန်နေလို့များလား၊ ဒါမှမဟုတ် ဆီးနှင်းတွေကျနေလို့ များလား အဖြေအတွက်တွေးရမှာတွေက အများသားပဲ။ အဖြေမှန်တစ်ခုကတော့ ရှိနေပါတယ်သူငယ်ချင်း”

လဂန်းအိမ်က စကားကြွယ်စွာဖြင့် ဗညားကို နောက်ပြောင်ကျီစယ်လိုက်ပြီး ဖြည်းဖြည်းချင်း ဖြေလိုက်သည်။

“ကဲပါကွာ တစ်ခါတည်းပဲ ဖြေလိုက်ပါတော့မယ်၊ အဖြေက ‘ကျောပြင်’ဆိုပါတော့။ မှန်တယ်မဟုတ်လား၊ နောက်ပြီး စကောကရင်တိုင်းရင်းသားရိုးရာ စကားထာတွေထဲကဆိုတာပါပဲကွာ”

ဗညားတစ်ယောက် ပါးစပ်အဟောင်းသားဖြစ်သွားသည်။ လဂန်းအိမ်၏အဖြေကား တိကျမှန်ကန်နေသောကြောင့်ပင်။

“တော်လိုက်တာသူငယ်ချင်းရာ။ မင်းကို လိုက်မမှီပါဘူးကွာ။ မင်းက တော်ကိုတော်တာပါ။ တကယ်ပါ တကယ်ကိုပါပဲကွာ”

ဗညားက လဂန်းအိမ်ကို ချီးမွမ်းစကားဆက်လက်ပြောဆိုရာ လဂန်းအိမ်ကပြုံးရုံကလေး ပြုံးလိုက်ရင်း မျက်စိတစ်ဆုံးကျယ်ဝန်းသည့် မိုးကောင်းကင်ကြီးကိုသာ မော့ငေးကြည့်နေလေသည်။

ထိုအချိန်တွင် နာရီမောင်းလေးချက်တီးသည့် အသံက ဘုန်းကြီးကျောင်းမှ ထွက်ပေါ်လာရာ ညနေပိုင်းရေချိုးရန် အချက်ပေးသံဖြစ်နေသဖြင့် ဗညားနှင့် လဂန်းအိမ်တို့နှစ်ဦး ဘုန်းကြီးကျောင်းပေါ်သို့ အပြေးတစ်ပိုင်းဖြင့် တက်သွားကြလေတော့သည်။ ။

■

# သီပေါမြို့နယ်၌ လိမ္မော်သီးများစတင်ပေါ်ပြီ

သီပေါ နိုဝင်ဘာ ၂

ရှမ်းပြည်နယ် (မြောက်ပိုင်း)သီပေါမြို့နယ်၏သဘာဝရာသီသီးနှံတစ်မျိုးဖြစ်သော လိမ္မော်သီးများ စတင်ပေါ်ပြီဖြစ်သည်။

အဆိုပါသဘာဝလိမ္မော် သီးများမှာ စားသုံးသူများ အာဟာရပြည့်ဝပြီး ကိုယ်ခံအားကောင်းစေ၍ ချိုမြိန်သည့် အရသာကို ပေးစွမ်းနိုင်သည်ဖြစ်ရာ သီပေါမြို့နယ်ရှိ မန္တလေး-လားရှိုးပြည်ထောင်စုလမ်းမကြီးဘေးရှိ အသီးဆိုင်လေးများ၌ စတင်ဆိုင်တင်ရောင်းချနေပြီဖြစ်ကြောင်း သိရသည်။ ၂၁၀

**✻ စပါးအသင်းမှ**

လက်ရှိအုပ်စု ဒုတိယနေရာမှာ ရှိနေခဲ့တာဖြစ်ပါတယ်။

ချယ်လ်ဆီးအသင်းကလည်း အုပ်စု(E)ကနေ (၁၆)သင်းအဆင့်ကို တက်လှမ်းခွင့်ရခဲ့တဲ့ ပထမဆုံးအသင်းဖြစ်ပြီး လီဗာပူးအသင်းကတော့ အုပ်စုအဆင့်နောက်ဆုံးပွဲစဉ်မှာ နာပိုလီအသင်းကို နှစ်ဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့ပေမယ့် ချန်ပီယံလီဂ်(၁၆)သင်းအဆင့်ကို ဒုတိယနေရာကနေ တက်လှမ်းလာခဲ့တာဖြစ်ပါတယ်။

အုပ်စုအဆင့်ပွဲစဉ်(၆) ပထမနေ့ယှဉ်ပြိုင်ကစားပြီးချိန်မှာ ချန်ပီယံလီဂ်(၁၆)သင်းအဆင့် တက်လှမ်းတဲ့အသင်း ၁၄ သင်း ထွက်ပေါ်ထားပြီး အုပ်စု(E)နဲ့ အုပ်စု(F)က နောက်တစ်ဆင့်တက်ဖို့ နှစ်သင်း ကျန်ရှိနေသေးတာ ဖြစ်ပါတယ်။

လက်ရှိချန်ပီယံလီဂ်(၁၆)သင်းအဆင့်ကို အင်္ဂလန်ကလပ် လေးသင်း၊ ဂျာမနီကလပ်သုံးသင်း၊ ပေါ်တူဂီကလပ်နှစ်သင်း၊ အီတလီကလပ် နှစ်သင်း၊ ဘယ်လ်ဂျီယံကလပ်တစ်သင်း၊ ပြင်သစ်ကလပ်တစ်သင်းနဲ့ စပိန်ကလပ်တစ်သင်းတို့ တက်လှမ်းခွင့်ရရှိထားတာဖြစ်ပါတယ်။

ငွေကြယ်

**"ကန့်ကွက်နိုင်ပါကြောင်း"**

ဓနုဖြူမြို့၊ အမှတ်(၇)ရပ်ကွက်၊ အကွက်အမှတ်(၇)အလယ်ပိုင်း၊ ဦးပိုင်အမှတ်(၁၁၄)၊ ဧရိယာ(၀.၀၄၆)ဧကရှိ ဘိုးဘဘိုင်မြေအား ဒေါ်လှလှမြင့်[၉/ပသက(နိုင်)၀၀၆၃၆၃]၊ ဒေါ်မြင့်မြင့်လွင်[၁၄/ဓနဖ(နိုင်)၀၀၄၄၇၈၅]၊ ဦးကိုကိုမောင်[၁၄/ဓနဖ(နိုင်)၀၀၄၇၆၃]ပါ (၃)ဦးတို့၏ အမည်ဖြင့် အမည်ပြောင်း လျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ (၃၀)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း။

**ဒေါ်လှလှမြင့် [၉/ပသက(နိုင်)၀၀၆၃၆၃]**
**၀၉ - ၇၇၈၄၄၄၁၉၂**

**ကန့်ကွက်နိုင်ပါကြောင်း**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်းမြောက်ရပ်ကွက်၊ ဧလွန်လမ်း၊ အမှတ်(၆)၊ နှစ်ခန်းတွဲ(၆)ထပ်တိုက်၏ ပထမထပ်၊ (ခြေရင်းခန်း) တိုက်ခန်း (အလျားx အနံ ) (၂၀ပေခွဲx၅၀ပေ) ဟုခေါ်တွင်သည့် တိုက်ခန်းနှင့် အကျိုးခံစားခွင့် အရပ်ရပ်တို့အား လက်ရှိပိုင်ဆိုင်ပြီး တရားဝင်ရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြု သူ ဦးညီမင်းထွန်း [၉/ကပတ(နိုင်)၁၆၉၅၄၆]ထံမှ ကျွန်ပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းကြေးတန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်းအထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ (၇) ရက်အတွင်း ကျွန်ပ်ထံ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက တရားဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးမျိုးရန်အောင်(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၄၆၉၉၉)**
**အမှတ်(၂၄/အေ)၊(၃)၊ရန်ပြေ(၁၃)လမ်း၊ ရန်ပြေရပ်ကွက်၊ သာကေတမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၉၆၆၆၆၃၇၆၇**

**❖ ကျောဖုံးမှ**

တာဝန်ရှိသူများနှင့် ဘောလုံးအားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

ယင်း(အမျိုးသား)ဘောလုံးပြိုင်ပွဲကို မြန်မာ့ဘောလုံးအားကစားလောက အဆင့်အတန်း ဖွံ့ဖြိုးတိုးတက်လာစေရေးကို အထောက်အကူပြုစေရန်နှင့် မျိုးဆက်သစ် ဘောလုံးအားကစားသမားများ ပေါ်ထွက်လာစေရန် ရည်ရွယ်ကျင်းပပေးခြင်းဖြစ်ကြောင်း၊ နိုဝင်ဘာ ၃ ရက်ညနေ ၃ နာရီတွင် ဗိုလ်လုပွဲ ပွဲစဉ်အဖြစ် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ မကွေးတိုင်းဒေသကြီးအသင်းနှင့် ကချင်ပြည်နယ်အသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားသွားကြမည်ဖြစ်ပြီး ဘောလုံးအားကစားနည်းကို စိတ်ပါဝင်စားသည့် မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

**✪ MNL ပြိုင်ပွဲမှ**

ဒုတိယနေရာအတွက် အမှတ်လိုနေသည့် ရန်ကုန်အသင်းသည် ဒုတိယပိုင်းတွင် သွင်းယူသည့်ဂိုးများဖြင့် အမှတ်ပြည့်ရယူနိုင်ခဲ့သည်။ တန်းဆင်းဇုန်မှလွတ်မြောက်ရန် ရုန်းကန်နေသည့် GFA အသင်းသည် လက်ကျန်နှစ်ပွဲတွင် တစ်ပွဲနိုင်ရုံဖြင့် တန်းဆင်းဇုန်မှလွတ်မည်ဖြစ်သောကြောင့် ကြိုးပမ်းခဲ့သော်လည်း ရှုံးပွဲကြုံတွေ့ခဲ့ရသည်။ ထို့ကြောင့် GFA အသင်းသည် နောက်ဆုံးပွဲတွင် အနိုင်ကစားနိုင်မှသာ တန်းဆင်းဇုန်မှ လွတ်မြောက်မည်ဖြစ်သည်။

ရန်ကုန်အသင်းသည် ပွဲထွက်လူစာရင်းကို အပြောင်းအလဲအချို့ ပြုလုပ်ခဲ့ပြီး လူငယ်ကစားသမားအများစုကို အသုံးပြုခဲ့သည်။ GFA အသင်းမှာမူ နိုင်ငံခြားသားကစားသမားများအပါအဝင် လူစုံအသုံးပြုခဲ့ပြီး ရန်ကုန်အသင်းကို ရင်ဆိုင်ခဲ့သည်။ ရန်ကုန်အသင်းသည် ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားသော်လည်း GFA အသင်းက ဂိုးမပေးရစေရန် ခံစစ်အားပြုကစားခဲ့သဖြင့် ခက်ခက်ခဲခဲတိုက်စစ်ဆင်ခဲ့ရသည်။ GFA အသင်းသည် ရန်ကုန်အသင်းတိုက်စစ်ကို မိနစ် ၇၀ ကျော်အထိ တောင့်ခံနိုင်ခဲ့သော်လည်း ၇၉ မိနစ်တွင် ဂိုးစတင်ခွင့်ပြုခဲ့ရသည်။ ရန်ကုန်အသင်းအတွက် အဖွင့်ဂိုးကို ၇၉ မိနစ်တွင် ကျော်ဖြိုးဝေက သွင်းယူခဲ့ခြင်းဖြစ်သည်။ ဂိုးပေးလိုက်ရပြီးနောက်ပိုင်းတွင် GFA အသင်း ခံစစ်ပြိုဆင်းသွားပြီး ၈၂ မိနစ်တွင် လမင်းထွေးက ရန်ကုန်အသင်းအတွက် ဒုတိယဂိုးသွင်းယူခဲ့သည်။

ယခုပွဲအပြီးတွင် ရန်ကုန်အသင်းက ၁၆ ပွဲကစားရမှတ် ၃၅ မှတ်၊ GFA အသင်းက ၁၇ ပွဲကစား ရမှတ် ၁၀ မှတ်ရရှိထားသည်။ ပွဲစဉ် (၁၈) နောက်ဆုံးနေ့အဖြစ် နိုဝင်ဘာ ၃ ရက်တွင် ဟံသာဝတီအသင်းနှင့် ရှမ်းယူနိုက်တက်အသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း-ကိုညီလေး**
**ဓာတ်ပုံ- MNL**

## အနုပညာ

# အာရမ်ရဲ့ တစ်ကိုယ်တော်တေးအယ်လ်ဘမ် ထုတ်လွှင့်မည်

အာရမ်ကတော့ ကျော်ကြားတဲ့ တောင်ကိုရီးယား အမျိုးသားတေးဂီတအဖွဲ့ BTS ရဲ့ အဖွဲ့ဝင်တစ်ဦးပါ။ BTS ရဲ့ စစ်မှုထမ်းဆောင်မှုတွေ မကြာမီ စတင်မှာ ဖြစ်တာကြောင့် အဖွဲ့ဝင်တွေရဲ့ တစ်ကိုယ်တော်တေးသီချင်း ထုတ်လွှင့်မှုတွေအပေါ် အာရုံစိုက်လာခဲ့ရာမှာ အဖွဲ့ဝင်တစ်ဦးဖြစ်တဲ့ အာရမ်ရဲ့ တစ်ကိုယ်တော်တေးအယ်လ်ဘမ်ကိုလည်း မကြာမီ ထုတ်လွှင့်ဖို့ရာ စီစဉ်ထားကြောင်း စွန်ပီဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

နိုဝင်ဘာ ၁ ရက်မှာ ဒေသတွင်းရုပ်သံလိုင်းတစ်ခုဖြစ်တဲ့ JTBS News က အာရမ်ရဲ့ တစ်ကိုယ်တော်တေးအယ်လ်ဘမ်သစ်ကို လာမယ့် နိုဝင်ဘာ ၂၅ ရက်မှာ စတင်ထုတ်လွှင့်မှာဖြစ်ကြောင်း သတင်းဖော်ပြခဲ့ပါတယ်။ အဆိုပါ သတင်းနဲ့ပတ်သက်ပြီး အဖွဲ့ရဲ့ ဖျော်ဖြေရေးအေဂျင်စီဖြစ်တဲ့ ဘစ်ဟစ်အင်တာတိန်းမန့်ကလည်း အတည်ပြုခဲ့ပါတယ်။ အေဂျင်စီရဲ့ ပြောကြားချက်အရ အာရမ်ဟာ လတ်တလောမှာ သူ့ရဲ့ တေးအယ်လ်ဘမ်သစ်အတွက် ပြင်ဆင်မှုတွေ ပြုလုပ်နေကြောင်းလည်း သိရပါတယ်။

အာရမ်ဟာ BTS အဖွဲ့ဝင်တွေအနက် တစ်ကိုယ်တော်တေးသီချင်း ထုတ်လွှင့်တဲ့ တတိယမြောက်အဖွဲ့ဝင်ပါ။ ဂျေဟုတ်က ပထမဦးဆုံး ထုတ်လွှင့်ခဲ့ပြီး သူ့ရဲ့ နောက်မှာတော့ ဂျင်က ပြီးခဲ့တဲ့လအတွင်း တစ်ကိုယ်တော်တေးသီချင်း ထုတ်လွှင့်ခဲ့တာလည်း ဖြစ်ပါတယ်။

# အီထယ်ဝမ်လူအုပ်ပြိုမှုအတွင်း လီဂျီဟန်သေဆုံး

တောင်ကိုရီးယားရဲ့ သရုပ်ဆောင်တစ်ဦးဖြစ်သူ လီဂျီဟန်ဟာ မကြာမီက တောင်ကိုရီးယားနိုင်ငံ အီထယ်ဝမ်မှာ ဖြစ်ပွားခဲ့တဲ့ ဟောလိုးဝင်းညလူအုပ်ပြိုမှုဖြစ်စဉ်ကြောင့် ကွယ်လွန်ခဲ့ကြောင်း စွန်ပီဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

လီဂျီဟန်ရဲ့ ဖျော်ဖြေရေးအေဂျင်စီက အောက်တိုဘာ ၃၀ ရက်မှာ အဆိုပါ ဝမ်းနည်းဖွယ်သတင်းကို အတည်ပြုခဲ့တာပါ။ မင်းသားကွယ်လွန်ခဲ့တဲ့အပေါ် သူ့ရဲ့ လုပ်ဖော်ကိုင်ဖက်နဲ့ သူငယ်ချင်းတွေကလည်း ဝမ်းနည်းကြောင်း လူမှုကွန်ရက်စာမျက်နှာတွေပေါ်မှာ ရေးသားဖော်ပြခဲ့တာကိုလည်း တွေ့ရပါတယ်။

# အသက် ၃၀ နှစ်နဲ့အောက် အချမ်းသာဆုံး ဗြိတိန်ကြယ်ပွင့်ဖြစ်လာတဲ့ ဟယ်ရီစတိုင်

အမျိုးသားတေးဂီတအဖွဲ့ One Direction ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဟယ်ရီစတိုင်ဟာ လတ်တလော ထုတ်ပြန်ခဲ့တဲ့ စာရင်းတွေအရ အသက် ၃၀ နှစ်နဲ့အောက် ဗြိတိန်ကြယ်ပွင့်တွေအနက် အချမ်းသာဆုံးအဖြစ် ဖော်ပြခံခဲ့ရကြောင်း အေးရှားဝမ်းဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

လက်ရှိမှာ အသက် ၂၈ နှစ်ရှိပြီဖြစ်တဲ့ ဟယ်ရီစတိုင်ဟာ Heat Rich List က ထုတ်ပြန်ခဲ့တဲ့ စာရင်းတွေအရ ပိုင်ဆိုင်မှုအနေနဲ့ ပေါင် ၁၁၆ သန်း ရှိခဲ့ပါတယ်။ ဒါဟာ အသက် ၃၀ နှစ်နဲ့အောက် ဗြိတိန်ကြယ်ပွင့်တွေအနက် ပိုင်ဆိုင်မှု အများဆုံးပါ။ ယခင်က အဆိုပါနေရာမှာ တေးသံရှင်တစ်ဦးဖြစ်သူ အက်ဒ်ရှီရန်က ရပ်တည်နေခဲ့တာဖြစ်ပြီး လက်ရှိမှာတော့ သူဟာ ဒုတိယနေရာမှာ ရပ်တည်နေပါတယ်။

ဟယ်ရီစတိုင်အနေနဲ့ သူ့ရဲ့ ချမ်းသာကြွယ်ဝမှုတွေကို တတိယမြောက် စတီရီယိုတေးအယ်လ်ဘမ် Harry's House ထုတ်လွှင့်ရောင်းချမှုကနေ ထပ်တိုးရရှိခဲ့တာပါ။ အဆိုပါ တေးအယ်လ်ဘမ်ဟာ ယူကေရဲ့ တေးဂီတဇယားတွေကို သီတင်းပတ် ခြောက်ပတ်ခန့် ဦးဆောင်ထားနိုင်ခဲ့ပါတယ်။ ဒုံအပြင် အဆိုပါ တေးအယ်လ်ဘမ်မှာ ပါဝင်တဲ့ တေးသီချင်းတစ်ပုဒ်ဖြစ်တဲ့ As It Was ဟာလည်း အမေရိကန်ဘေဘုတ် တေးဂီတဇယားရဲ့ နံပါတ်တစ်နေရာကို သီတင်းပတ် ၁၅ ပတ် နေရာယူထားနိုင်ခဲ့ကြောင်းလည်း သိရပါတယ်။

ဟယ်ရီစတိုင်အနေနဲ့ သရုပ်ဆောင်တစ်ဦးအဖြစ် ရုပ်ရှင်တွေ ရိုက်ကူးနေရပြီး အဆိုပါလုပ်ငန်းကလည်း ဝင်ငွေ ရရှိခဲ့ပါတယ်။ နောက်ထပ်အနေနဲ့ အလှကုန်စတဲ့ ကြော်ငြာတွေကနေလည်း ဝင်ငွေတွေများစွာ ရရှိခဲ့တာဖြစ်တယ်လို့ သိရပါတယ်။

တတိယအချမ်းသာဆုံးကတော့ မော်ဒယ်လ်နဲ့ သရုပ်ဆောင်တစ်ဦးဖြစ်သူ ကာရာဒယ်လီဗင်းဖြစ်ပြီး စတုတ္ထနေရာမှာတော့ One Direction အဖွဲ့ဝင် နီးလ်ဟော်ရန် ရပ်တည်နေကြောင်း သိရပါတယ်။

**အေးပြည့်- စုစည်းသည်**

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
## ငါးလုပ်ငန်းဦးစီးဌာန၊ ဖွံ့ဖြိုးရေးနှင့် သုတေသနဌာနခွဲ၊ ငါးလုပ်ငန်းသိပ္ပံ(တွံတေး)
## ငါးလုပ်ငန်းနှင့် ရေသတ္တဝါမွေးမြူရေးဒီပလိုမာ
## ပထမနှစ်သင်တန်းသားသစ်များ ခေါ်ယူခြင်း

၁။ ၂၀၂၂-၂၀၂၃ ပညာသင်နှစ်၌ ငါးလုပ်ငန်းနှင့် ရေသတ္တဝါမွေးမြူရေးဒီပလိုမာသင်တန်းကို ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်ရှိ ငါးလုပ်ငန်းသိပ္ပံတွင်တက်ရောက်လိုသူများသည် တိုင်းဒေသကြီး/ ပြည်နယ်/ ခရိုင်/မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန/ငါးလုပ်ငန်းစခန်းများနှင့် ငါးလုပ်ငန်းသိပ္ပံ(တွံတေး)တို့တွင် လျှောက်ထားနိုင်သည်။

၂။ ဒီပလိုမာသင်တန်းသို့ တက်ရောက်ခွင့်ရရှိသူသည် (၃)နှစ်သင်တန်းတက်ရောက်ရမည်ဖြစ်ပါသည်။ ငါးလုပ်ငန်းနှင့် ရေသတ္တဝါမွေးမြူရေး ဒီပလိုမာသင်တန်းအောင်မြင်ပါက ငါးလုပ်ငန်းနှင့် ရေသတ္တဝါမွေးမြူရေး ဒီပလိုမာအောင်လက်မှတ် (Diploma in Fisheries and Aquaculture)ပေးအပ်မည်ဖြစ်ပါသည်။ ဒီပလိုမာသင်တန်းအောင်မြင်ပြီး သတ်မှတ်အရည်အချင်းပြည့်မီသူများကို ရန်ကုန်တက္ကသိုလ်တွင် B.Sc(Fisheries and Aquaculture) သင်တန်းတက်ရောက်ရန် ဝင်ခွင့်ဖြေဆိုခွင့်ရရှိမည်ဖြစ်ပါသည်။

၃။ လျှောက်ထားသူသည် အောက်ပါအရည်အချင်းများနှင့်ပြည့်စုံရမည်-
- (က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
- (ခ) တက္ကသိုလ်ဝင်စာမေးပွဲကို သိပ္ပံဘာသာတွဲဖြင့် အောင်မြင်ပြီးသူဖြစ်ရမည်။
- (ဂ) လျှောက်လွှာပိတ်ရက် (၂၁-၁၁-၂၀၂၂)ရက်နေ့တွင် အသက်(၂၂)နှစ်ထက် မကြီးသူဖြစ်ရမည်။

၄။ လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါအထောက်အထားများ ပူးတွဲတင်ပြရမည် -
- (က) တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ကြောင်း သက်ဆိုင်ရာ ကျောင်းအုပ်ကြီးထောက်ခံချက်(မူရင်း)
- (ခ) တက္ကသိုလ်ဝင်စာမေးပွဲအမှတ်စာရင်း(မိတ္တူ) (ကျောင်းအပ်နှံသည့်အချိန်တွင် မူရင်းတင်ပြရမည်)
- (ဂ) မွေးသက္ကရာဇ်မှန်ကန်ကြောင်း ထောက်ခံချက် (သက်ဆိုင်ရာကျောင်းအုပ်ကြီးထောက်ခံချက်)
- (ဃ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း၊ ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာ ရဲစခန်းနှင့် ကျေးရွာ/ ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့၏ထောက်ခံချက်(မူရင်း)
- ( c) လျှောက်ထားသူနှင့် မိဘနှစ်ပါး၏ နိုင်ငံသားစိစစ်ရေးကတ်(မိတ္တူ)များနှင့် အိမ်ထောင်စုဇယား (မိတ္တူ)
- (စ) လိုင်စင်ဓာတ်ပုံ (အောက်ခံအပြာရောင်ဖြင့်) (၅)ပုံ (၁.၁ x ၁.၃) လက်မ

၅။ လျှောက်လွှာများကို တိုင်းဒေသကြီး/ ပြည်နယ်/ ခရိုင်/ မြို့နယ်/ ငါးလုပ်ငန်းဦးစီးဌာန/ ငါးလုပ်ငန်းစခန်းများနှင့် ငါးလုပ်ငန်းသိပ္ပံ(တွံတေး)သို့ (၂၁-၁၁-၂၀၂၂)ရက်နေ့ထက် နောက်မကျစေဘဲ တိုက်ရိုက်ပေးပို့လျှောက်ထားရမည်။ သတ်မှတ်ရက်ထက်နောက်ကျသော လျှောက်လွှာများ၊ မပြည့်စုံသောလျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၆။ တက်ရောက်ခွင့်ရရှိသူအမည်စာရင်းနှင့် ကျောင်းဖွင့်လှစ်မည့်ရက်အား တိုင်းဒေသကြီး/ ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနများနှင့် ငါးလုပ်ငန်းသိပ္ပံ(တွံတေး)မှ ထပ်မံအကြောင်းကြားမည်ဖြစ်ပါသည်။

၇။ အသေးစိတ်သိရှိလိုပါက တယ်လီဖုန်းအမှတ် ၀၆၇-၄၀၈၄၇၂၊ ၀၆၇-၇၉၁၃၄၄၇၇၃သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ဝင်ခွင့်လျှောက်လွှာ(ပုံစံ)**

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန၊ ဖွံ့ဖြိုးရေးနှင့်သုတေသနဌာနခွဲ၊ ငါးလုပ်ငန်းသိပ္ပံ(တွံတေး)**
**ငါးလုပ်ငန်းနှင့် ရေသတ္တဝါမွေးမြူရေးဒီပလိုမာဝင်ခွင့်လျှောက်လွှာ**

ဓာတ်ပုံ

၁။ လျှောက်ထားသူ၏အကြောင်းအရာ

| အကြောင်းအရာ | အမည် | | လူမျိုး/ ဘာသာ | အလုပ် အကိုင် | နိုင်ငံသားစိစစ်ရေး ကတ်ပြားအမှတ် |
|---|---|---|---|---|---|
| လျှောက်ထားသူ | မြန်မာ | | | | |
| | အင်္ဂလိပ် | | | | |
| ဖခင် | | | | | |
| မိခင် | | | | | |
| မိဘများကွယ်လွန်ပြီး ဖြစ်ပါက အုပ်ထိန်းသူ | | | | | |

၂။ လျှောက်ထားသူ၏မွေးသက္ကရာဇ် ----------ခုနှစ်၊----------လ၊----------ရက်။

၃။ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ခဲ့သည့်ခုံအမှတ်----------၊စာစစ်ဌာန----------၊ တိုင်းဒေသကြီး/ပြည်နယ်----------။

၄။ ဆက်သွယ်ရန်လိပ်စာအပြည့်အစုံ---------- ဖုန်း----------။

ရက်စွဲ ---------- (လျှောက်ထားသူလက်မှတ်)

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန
## ကြေညာချက်

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနရှိအစိုးရနည်းပညာကောလိပ်များတွင် ၂၀၂၂ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများအတွက် B.Tech ပထမနှစ် (ပထမနှစ်ဝက်) သင်တန်းများကို ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၂၁ ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပါသည်။

၂။ အစိုးရစက်မှုလက်မှုသိပ္ပံများတွင် A.G.T.I ပထမနှစ် (ပထမနှစ်ဝက်) သင်တန်းများ၏ ဝင်ခွင့်ခေါ်ယူခြင်းကို ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက်တွင် စတင်ခေါ်ယူမည်ဖြစ်ပြီး ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်တွင် ဖွင့်လှစ်မည်ဖြစ်ပါသည်။

၃။ အစိုးရနည်းပညာကောလိပ်၊ အစိုးရစက်မှုလက်မှုသိပ္ပံများတွင် A.G.T.I ပထမနှစ် (ဒုတိယနှစ်ဝက်)နှင့် A.G.T.I ဒုတိယနှစ် သင်တန်းများအားလုံးကို ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်တွင် ဖွင့်လှစ်မည်ဖြစ်ပါသည်။ ကျောင်းအပ်လက်ခံခြင်းကို (၂၈-၁၁-၂၀၂၂) ရက်မှ (၁၈-၁၂-၂၀၂၂) ရက်အထိ (စနေနေ့နှင့် တနင်္ဂနွေနေ့များအပါအဝင်) လက်ခံဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန**

## ၂၀၂၂ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ
## အောင်မြင်ခဲ့ကြသူများအတွက်
## B.Tech ပထမနှစ်(ပထမနှစ်ဝက်) ဝင်ခွင့်ရသူများစာရင်းကို
## နိုဝင်ဘာလ ၃ ရက်တွင် ကြေညာမည်
## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန
## ကြေညာချက်

၁။ ၂၀၂၂ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ခဲ့ကြသူများအတွက် အစိုးရနည်းပညာကောလိပ်များတွင် B.Tech ပထမနှစ်(ပထမနှစ်ဝက်) ဝင်ခွင့်ရသူများ စာရင်းကို (၃-၁၁-၂၀၂၂) ရက်တွင် သက်ဆိုင်ရာ အစိုးရနည်းပညာကောလိပ်များ၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန website **http://www.most.gov.mm** နှင့် နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန website **http://www.dtvet.gov.mm** တို့တွင် ကြေညာထားမည်ဖြစ်ပါသည်။

၂။ B.Tech ပထမနှစ်(ပထမနှစ်ဝက်) သင်တန်းများကို (၂၁-၁၁-၂၀၂၂)ရက်တွင် ဖွင့်လှစ်မည်ဖြစ်ရာ ကျောင်းဝင်မှတ်ပုံတင်ခြင်းကို သက်ဆိုင်ရာ အစိုးရနည်းပညာကောလိပ်များတွင် (၁၀-၁၁-၂၀၂၂) ရက်မှ (၉-၁၂-၂၀၂၂) ရက်အထိ (စနေနေ့နှင့် တနင်္ဂနွေနေ့များအပါအဝင်) လက်ခံဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

**နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန**

## ကြော်ငြာစာ
## (အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ- ၂၈၃)
## ဗိုလ်တထောင်ခရိုင်တရားရုံး
## ၂၀၂၂ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်- ၄၇

ဒေါ်မိုးမိုးဆွေ ---------- လျှောက်ထားသူ

**ကွယ်လွန်သူ ဒေါ်ဖွားမေ ကျန်ရစ်ခဲ့သော ပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှု**

ရန်ကုန်တိုင်းဒေသကြီး၊ ဓဂၢီလာတောင်ညွှန့်မြို့နယ်၊ ကူးတို့ဆိပ်ရပ်ကွက်၊ အထက်ပုဇွန်တောင်လမ်း(ဘီအမ်စီ)ဝင်း၊ အမှတ်- (၁/၇)တွင် နေထိုင်ခဲ့သော ကွယ်လွန်သူ ဒေါ်ဖွားမေ ကျန်ရစ်ခဲ့သော ပစ္စည်းများအပေါ်၌ အမွေထိန်းလက်မှတ် ထုတ်ပေးပါမည့် အကြောင်းနှင့် ဒေါ်မိုးမိုးဆွေ (ကွယ်လွန်သူ ဒေါ်ဖွားမေ၏) မြစ်တော်စပ်သူ)က အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက် (၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် ၄ ရက်)တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဒေါ်ဖွားမေ ကျန်ရစ်ခဲ့သောပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည် အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့ လာရောက်ဆိုင်ရန် သင့်လျော်မည်ဟု ထင်မြင်လျှင် ဆိုခဲ့သော ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၁၁ ရက် (၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် ၄ ရက်)၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်မထုတ်ပေးမီ မှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ- ၂၈၃ နှင့်အညီ ဆင့်ဆိုလိုက်သည်။ ၎င်းကဲ့သို့ လာရောက်ခြင်းမရှိပျက်ကွက်ခဲ့လျှင် ရုံးတော်က ဒေါ်မိုးမိုးဆွေ၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ (၂)ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

**(တင်မြ)**
**ခရိုင်တရားသူကြီး**
**ဗိုလ်တထောင်ခရိုင်တရားရုံး**

## ပြင်ဆင်ဖတ်ရှုပါရန်

(၃၁-၁၀-၂၀၂၂)ရက် ကြေးမုံ သတင်းစာ စာမျက်နှာ(၂၉)ပါ တရားလွတ်တော်ရှေ့နေ ဦးဝင်းမင်းစိုး (စဉ်-၁၂၆၆၄) ကြော်ငြာတွင် ရန်ကင်းမြို့နယ်၊ တတိယထပ်၊ (၄-လွှာ)၊ အခန်းအမှတ် (3/B)ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ပြင်ဆင်ဖတ်ရှုပါ ရန်

၂၁-၁၀-၂၀၂၂ရက်နေ့ ကြေးမုံ သတင်းစာ၏စာမျက်နှာကြော်ငြာ(၂၇)ကန့်ကွက်နိုင်ကြောင်းကြော်ငြာအရ(စုပေါင်း)မြို့နယ်၊ဒေါ်အမ်လှသွေးသက်+၁၈၀ရိုင်းဆိုင်မြေပုံကူးတွင် ဒေါ်အမ်သွေးသက်(၁၂/ဥကတ(နိုင်)၁၈၁ခုတ(ရိုင်)၁ခု ၃၀၅၅ဂ)၊ ဒေါ်အမ်သွေးသက်၊ ဒေါ်ဆက်မွန်ဟုအမှန်ပြင် ဆင်ဖတ်ရှုပါ ရန်။

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်မြို့၊ သဃန်းကျွန်းမြို့နယ်၊ ကြီးပွားရေး(မ)ရပ်ကွက်၊ ဘုရင့်နေသင်လမ်းဟုခေါ်တွင်သော သဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ကြီးပွားရေး(မ)ရပ်ကွက်၊ မြေကွက်အမှတ်- ၅၄၃/က၊ အကျယ်အဝန်း (၂၀x၆၀)ပေနှင့် မြေကွက်အမှတ်- ၅၄၄/ခ၊ အကျယ်အဝန်း (၂၀x၆၀)ပေရှိ ဦးသိန်းနိုင် အမည်ပေါက် နှစ်(၆၀)ဂရန်နှင့်မြေကွက် (၂)ကွက်အပါအဝင် ယင်းမြေကွက်များပေါ်ရှိ (၂)ခန်းတွဲ၊ (၆)ထပ် အဆောက်အဦအနက်မှ မြေညီထပ်(တိုက်ကိုမျက်နှာမူလျှင်-ဘယ်)၊ အကျယ်အဝန်း (၁၉x၅၅)ပေရှိ တိုက်ခန်း(၁)ခန်းနှင့် မြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမည်ပေါက် ဦးသိန်းနိုင် [၁၂/သဃက(နိုင်)၀၂၉၆၆၆]ထံမှ (၂၆- ၆- ၂၀၀၁)ရက်စွဲပါ အရပ်စာချုပ်ဖြင့် ရောင်းချသူ ဦးဖြင့်အောင် [၇/ရတန(နိုင်)၀၆၅၄၄၅]မှ တရားဝင်ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုခန့်သဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်မေသော်တာနိုင် [၁၂/မဂတ(နိုင်)၁၉၈၅၆၆]က ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

သို့ပါ၍ အထက်ဖော်ပြပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထားမူရင်းများယူဆောင်၍ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်၍ ကန့်ကွက်မည့်သူများမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်နင်းသီတာဖြိုး (LL.B)**
**တရားလွတ်တော်ရှေ့နေ (စဉ်-၁၃၇၂၀)**
**အမှတ်- ၃၆၊ မြေညီထပ်၊ ၀၉-လမ်း၊ ကန်/နောက်ရပ်ကွက်၊**
**မဂၢလာတောင်ညွှန့်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၅၀၈၈၆၀၅၊ ၀၉-၇၅၉၂၆၀၂၇၇**

## ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၅) ရပ်ကွက်၊ သံသုမာလမ်း၊ အမှတ်- ၉၇၉/က အိမ်နှင့်မြေ
## အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း
## အများသိစေရန်ကြေညာချက်

အထက်ဖော်ပြပါလိပ်စာရှိ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၅၊ မြေကွက်အမှတ် - ၉၇၉/က၊ အကျယ် (၂၀x၆၀ နှင့် ၆၀x၆၀) အကျယ်ရှိ ဒေါ်သန်း အမည်ပေါက် နှစ်(၆၀) ဂရန်မြေအမျိုးအစား၊ မြေကွက်နှင့် တကွ ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး တို့အား မိခင်၊ ဖခင် ကွယ်လွန်သဖြင့် တရားဝင် ပိုင်ဆိုင်သူများဖြစ်သည့် ဒေါ်မြမြွေ [၁၂/ဥကတ(နိုင်) ၀၈၀၅(၆၃)]ပါ - ၇ ဦးတို့ထံမှ ကျွန်ုပ်၏မိတ်ဆွေ တစ်ဦးက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသဖြစ်သည့် စရန်ငွေကို ပေးချေထားပြီးဖြစ်ပါသည်။ ထို့ကြောင့် ယင်းကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ (၇)ရက်အတွင်း စာရွက်စာတမ်းအထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အဆိုပါ အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အေးအေးမြင့် (LL.B, D.B.L)**
**တရားလွတ်တော်ရှေ့နေ (စဉ် - ၇၃၅၈)**
**အမှတ်- ၅၀၊ A-1, ပထမထပ်၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း- ၀၉-၅၀၆၄၆၆၇**

## ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၊ လူနေရပ်ကွက်အမှတ်-၉၊ ဂရုဏာလမ်း၊
## မြေကွက်အမှတ်- ၂၀၉(က)၊ အကျယ်ပေ(၂၀x၆၀)၊ (၁၂၀၀)စတုရန်းပေရှိ ဦးကျော်မြင့် အမည်ပေါက် မြေချပါမစ်ထွက်ရှိထားသော မြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

အထက်ဖော်ပြပါ မြေကွက်အား အမည်ပေါက်ပိုင်ရှင်ထံမှ အရပ်ကတိစာချုပ် အဆက်ဆက်ဖြင့်ဝယ်ယူ၍ နေအိမ်ဆောက်လုပ်ပိုင်ဆိုင်ထားသူ ပိုင်ရှင် ဦးအာကာဖြိုး [၁၂/လမန(နိုင်)၁၃၂၄၀၃]၊ ဒေါ်ချောစုထွေး [၁/တတန(နိုင်)၀၂၁ဂ၀ရ]တို့ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးကျော်လင်းဦး [၁၃/လရန(နိုင်)၀၁၃ဂ(၆၈)]မှ စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ အိမ်မြေပိုင်ဆိုင်မှုနှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူ မည်သူမဆို မြေကွက်ပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများနှင့်အတူ ယနေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဦးကျော်လင်းဦး**
**[၁၃/လရန(နိုင်)၀၁၃ဂ(၆၈)]**
**အမှတ်-၁၄/၁၊ မြတ်ဝီရိပ်သာ၊ ဖ.ဆ.ပ.လ**
**ရပ်ကွက်၊ မဂၢလာတောင်ညွှန့်မြို့နယ်။**

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်မာလွင်(LL.B,D.B.L)**
**တရားလွတ်တော်ရှေ့နေ(စဉ်-၇၆၅)**
**အမှတ်-၁၁၂ ဗိုလ်ချုပ်လမ်း၊ (၅)ရပ်ကွက်၊**
**ရွှေပြည်သာမြို့နယ်။**
**ဖုန်း-၀၉-၅၁၈၄၆၈၉**

## ပြင်ဆင်ဖတ်ရှုပါ ရန်

(၂၁-၁၀-၂၀၂၂)ရက်နေ့ ကြေးမုံ သတင်းစာ၏စာမျက်နှာကြော်ငြာ(၂၆)ကန့်ကွက်နိုင်ကြောင်းကြော်ငြာအရ(ဦးမင်းအောင်တို့မှတကူး ရုံးကျုံးကျွန်လွှာတို့တင်ပြ၍ "ဂရန်မိတ္တူ လျှောက်ထားလာရာဟုဖြည့်စွက်ဖတ်ရှုပါ ရန်။

## ပြင်ဆင်ဖတ်ရှုပါ ရန်

၇-၁၀-၂၀၂၂ရက်နေ့ ကြေးမုံ သတင်းစာ၏စာမျက်နှာကြော်ငြာ(၃၀)ကန့်ကွက်နိုင်ကြောင်းကြော်ငြာသာကေတာမြို့နယ်၊ဒေါ်ယဉ်ယဉ်နွယ်+ဦးစိန်မင်းအောင်တို့မှတကူး ရုံးကျုံးကျွန်လွှာတို့တင်ပြ၍ "ဂရန်မိတ္တူ လျှောက်ထားလာရာဟုဖြည့်စွက်ဖတ်ရှုပါ ရန်။

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၄)၊ (၁၀)ရပ်ကွက်၊ ဒဂ္ဂိုဏာ(၄)လမ်း၊ အမှတ်(၁၂၁)၊ မြေအကျယ်အဝန်း (၄၀)ပေx(၆၀)ပေ၊ ဧရိယာ- (၂၄၀၀) စတုရန်းပေ၊ (၀.၀၅၅)ဧကရှိ ဒေါ်တင်မာမျိုး အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသော နှစ်ထပ်တိုက်အိမ် (၁)လုံး အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးလှနော် [၁၃/မဆတ(နိုင်)၀၄၀၂၂၁]မှ မိမိကသာလျှင် တရားဝင်လက်ဝယ်ထားပိုင်ဆိုင်ကြောင်း၊ အရှည်အထွေးကင်းစွာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် စကားကမ်းလှမ်းလာရာ ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးအောင်ဘုန်းပြည့် [၁၂/တမန(နိုင်)၁၁၅၁၆]က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေ အဖြစ် ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ-**
**ဦးအောင်ဘုန်းပြည့်**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဖြူဝေဝေအောင် (LL.B, D.B.L)**
**အထက်တန်းရှေ့နေ(စဉ်-၄၈၄၃၀)**
**အင်းစိန်စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉- ၇၇၇၂၉၁၇၅၊ ၀၉- ၄၅၀၅၉၉၆ဖ၆၂၄**

## ဥတုရာသီ တောကိုမှီ၏

ကန့်ကွက်လိုက ခိုင်လုံသော မှတ်ပုံတင်အချုပ်စာတမ်းများ၊ တရားရုံးအထောက်အထားစာရင်းပယ်ခြင်း ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

| စဉ် | လျှောက်ထားသူ | | လျှောက်ထားသည့် | | | | | | လျှောက်ထားသည့် |
|---|---|---|---|---|---|---|---|---|---|
| | အမည် | မှတ်ပုံတင် | မြို့နယ် | မြေတိုင်း | မြေကွက် | မြေအမည်ပေါက် | လိပ်စာ | | အကြောင်းအရာ |
| ၁။ | မဝင်းဖြိုးဖြိုး(ခ)ဝင်ဖိသော်+၁ | ၁၂/သဃက(နိုင်)၁ဂ၃ဂ၇၆ | သဃန်းကျွန်း | ၂၃.သုဝဏ္ဏ | ၃၂၆ | ဗိုလ်မှူးချုပ်စိန်လေး | ၃၂၆၊ ဂနီမာလမ်း။ (၂၃.သုဝဏ္ဏ)။ သဃန်းကျွန်း | | အမည်ပြောင်း |
| ၂။ | ဒေါ်အမြင့် | ၁၄/မမန(နိုင်)၁ဂ၀ရ၅၃ | အလုံ | ၂၂၂ | V-၁၆ | ဦးမောင်မောင် | ၆၁၊ ဌ၀ါလမ်း။ စောလုန်ပိုင်တောင်ရပ်ကွက် | | အမည်ပြောင်း |
| ၃။ | ဒေါ်နိုင်နိုင်ညွှန့် | ၁၂/တမန(နိုင်)၀ဝ၁၁၂၅ | အဂုတောင် | ၂၄ | ၇၅ | ဦးရဲမွန်မောင်+၁ | ၇၅၊ စည်ပင်လမ်း။ (၂၄)ရပ်ကွက်၊ အဂုတောင် | | အမည်ပြောင်း |
| ၄။ | ဒေါ်နိုင်ဝင်း | ၁၂/သကတ(နိုင်)၁ဂ၁ခ၂၂၄ | သာကေတ | ၁/ထူပါရုံ | ၈၇၇/က | ဒေါ်နန | ၈၇၇/က၊ ထူပါရုံ(၁၃)လမ်း။ (၁/ထူပါရုံ)ရပ်ကွက် | | အမည်ပြောင်း |
| ၅။ | ဦးမြင့်ကျော် | ၅/မရန(နိုင်)၀၂၆၄ခ | တောင်ဥက္ကလာ | ၁၀ | ၂၃/ခ | ဒေါ်ခင်ညိုညို | ၂၃/ခ၊ ရာဇသက်ဦ(၁)လမ်း။ (၁၀)ရပ်ကွက်၊ တောင်ဥက္ကလာ | | အမည်ပြောင်း |
